# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### ဆင်းရဲဒုက္ခတို့ မကျရောက်

အမျက် ‘ဒေါသ’ ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက် | ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၁)၊ အမှတ် (၁၄၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## ပေါက်တောမြို့နယ်ရှိ IDP စခန်းနှင့် ဒေသခံဘင်္ဂါလီများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး သတ္တမအသုတ်(ပထမ)အကြိမ်ထိုးနှံ

**ပေါက်တော ဖေဖော်ဝါရီ ၂၃**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ဆင်တက်မော် ကျေးရွာရှိ IDP စခန်းတွင် ခိုလှုံနေကြသော ပြည်သူများနှင့် ဒေသခံဘင်္ဂါလီများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံရာ အသက် ၁၈ နှစ်နှင့်အထက် ဦးတည်အုပ်စုပြည်သူများကို သတ္တမအသုတ် (ပထမ) အကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ယနေ့နံနက် ၉ နာရီက ထိုးနှံပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါ ဆင်တက်မော် IDP စခန်းနှင့် ဒေသခံဘင်္ဂါလီများအား ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရာသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက

*စာမျက်နှာ ၃ ကော်လံ ၁*

## ယနေ့ ဖတ် စ ရာ



**PROFESSOR MR CHRISTOPHER STAKER ၏ ပထမအကြိမ် လျှောက်လဲချက် ကနဦးကန့်ကွက်လွှာ ပထမအချက်**

ကန့်ကွက်လွှာ | စာ - ၄

**ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တရုတ်နိုင်ငံ South China Morning Post သတင်းဌာန၊ ဂျပန်နိုင်ငံ Nikkei Asian News၊ Kyodo News ၊ TBS နှင့် Asahi Shinbon သတင်းဌာနများမှ သတင်းထောက်များ၏ မေးမြန်းမှုများဖြေကြား**




တွေ့ဆုံမေးမြန်း | စာ - ၇

**ဂျပန်နိုင်ငံ စနစ်တကျကိုင်တွယ် ဖြေရှင်းနေရသည့် ဖူကူရှီးမား ဓာတ်ပေါင်းဖို အဏုမြူ စွန့်ပစ်ပစ္စည်း အခက်အခဲ**



ဆောင်းပါး | စာ - ၁၆




# မှန်ကန်သည့် အမျိုးသားရေးဝါဒဖြင့် နိုင်ငံရေးစွမ်းအားမြင့်မားအောင်မြှင့်တင်

နိုင်ငံဟုဆိုသည်နှင့် (၁) နယ်နိမိတ် (နိုင်ငံ၏ အချုပ်အခြာပိုင်နက်နယ်မြေ)၊ (၂) နိုင်ငံသားပြည်သူလူထု၊ (၃) အစိုးရနှင့် (၄) အချုပ်အခြာအာဏာပိုင်မှုဟူသော အင်္ဂါလေးရပ်နှင့် ပြည့်စုံရမည်ဟု အပြည်ပြည်ဆိုင်ရာ ဥပဒေပညာတွင် ဖော်ပြသည်။ ၎င်းအင်္ဂါရပ် လေးမျိုးအနက် တစ်မျိုးမျိုး ချို့ယွင်းသည်နှင့် နိုင်ငံမမည်တော့။ မျက်မှောက်ကမ္ဘာ့သမိုင်းတွင် မဝေးလှသေးသည့် ဆယ်စုနှစ်များမှသည် ယနေ့အထိ ကမ္ဘာ့မြေပုံပေါ်မှ ပျောက်ကွယ်သွားသည့် နိုင်ငံများ၊ ပိုင်နက်နယ်နိမိတ်ပြောင်းလဲသွားသည့် နိုင်ငံများကို မိမိတို့ တွေ့မြင်ကြရသည်။ နိုင်ငံများ၏ နယ်နိမိတ်များ တည်မြဲဖို့ (ဝါ) အင်္ဂါလေးရပ် မချို့ယွင်းဘဲ ဥပမိရုပ်နှင့် ပြည့်စုံသော နိုင်ငံဖြစ်ရန်မှာ နိုင်ငံအတွင်း စည်းလုံးညီညွတ်နေရန်လိုသည်။ ယင်းသို့ စည်းလုံးညီညွတ်ရန်အတွက် နိုင်ငံတွင် အမျိုးသားရေးဝါဒ အားကောင်းရန်လိုအပ်သည်။

အမျိုးသားရေးဝါဒသည် ဥရောပတွင် ၁၇ ရာစုအတွင်း နယ်နိမိတ်အတိအကျ သတ်မှတ်ထားသည့် နိုင်ငံများတွင် စတင်ပေါ်ပေါက်ခဲ့သည်ဟု အဆိုရှိပြီး မျက်မှောက်ကမ္ဘာတွင်လည်း နိုင်ငံရေး သိပ္ပံသုတေသီတို့ အထူးပြုလေ့လာနေကြသည့် အကြောင်းအရာဖြစ်နေသည်။ စင်စစ်အားဖြင့် အမျိုးသားရေးဝါဒသည် နိုင်ငံတည်ငြိမ်ရေး၊ စည်းလုံးညီညွတ်ခိုင်မာရေးအတွက် အရေးကြီးသည့် အင်အားတစ်ရပ်ဖြစ်ပေါ်လာစေရန် ဖန်တီးပေးရာ၌ လွန်စွာအစွမ်းထက်သည်။ သို့ရာတွင် တစ်ဖက်တွင်လည်း အမျိုးသားရေးဝါဒသည် လူမျိုးကြီးဝါဒ (Racism) နှင့် အမြင်ကျဉ်းမြောင်းသည့် အစွန်းရောက်အမျိုးသားရေး ဝါဒတို့နှင့် အလွှာပါးပါးကလေးသာ နယ်နိမိတ်ခြားလျက်ရှိသည်။ အစွန်းရောက်အမျိုးသားရေးဝါဒီတို့မှာ မိမိတို့၏ အမှတ်သရုပ် လက္ခဏာ (Identity)အပေါ်တွင် ပြင်းထန်သလောက် အခြားသူတို့၏ အမှတ်သရုပ်လက္ခဏာတို့အပေါ်တွင်မူ အလေးထားမှု မရှိကြ။ ယင်းအလေ့အထတို့က လူမျိုးကြီးဝါဒနှင့် တစ်ယူသန်ဝါဒတို့ကို ပေါ်ပေါက်စေသလို ပဋိပက္ခများဆီသို့လည်း ဦးတည်သွားစေသည်။ ကမ္ဘာ့သမိုင်းတွင် နယ်ချဲ့လက်အောက်မှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းကြရာတွင် အမျိုးသားရေးဝါဒကို ဆွဲကိုင်၍ ကြိုးပမ်းခဲ့ကြခြင်းဖြစ်သည့်အလျောက် အမျိုးသားရေးဝါဒနှင့် အမျိုးသားလွတ်မြောက်ရေးတို့က ဆက်စပ်နေသည်။ ယင်းကို အသုံးချကာ အချို့သော နိုင်ငံရေးခေါင်းဆောင်များက အမျိုးသားရေးကို ၎င်းတို့၏အာဏာအတွက် တလွဲအသုံးချကြသည်များကိုလည်း တွေ့ရှိရသည်။

အမျိုးသားရေးတွင် အမှတ်သရုပ်လက္ခဏာဟုဆိုသည့် Identity ကလည်း အင်္ဂါတစ်ရပ်အဖြစ် ပါဝင်လျက်ရှိရာ ယင်းမှာ သတ္တဝါတို့၏ ဗီဇစိတ်ဓာတ်ဟုလည်းဆိုသည်။ လူနှင့် မျိုးဗီဇများစွာတူညီသည့် ချင်ပန်ဇီမျောက်ဝံများတွင်ပင် အုပ်စုခွဲ၊ ဘက်ခွဲသည့် သဘာဝနှင့် ဘက်မတူသူတို့ကို တိုက်ခိုက်သည့် သဘာဝရှိကြသည့်အလျောက် လူသားတို့တွင်လည်း ကိုယ်နှင့်မတူသူကို ရန်လိုသည့် သဘာဝရှိတတ်ကြသည်။ သို့ရာတွင် ယဉ်ကျေးမှုကြောင့်သာလျှင် မျိုးဗီဇ၏ သဘာဝကို ဖုံးကွယ်ထားကြခြင်းဖြစ်ကြောင်းကို သိပ္ပံနည်းကျ စမ်းသပ်တွေ့ရှိထားသည့် အချက်အလက်များက ဖော်ပြနေသည်ဟု ဆိုသည်။

ပစ္စုပ္ပန်ကမ္ဘာကြီးတွင် အယူဝါဒရေးရာအနေဖြင့် မည်သို့ပင်ဆိုနေကြစေကာမူ ကမ္ဘာ့နိုင်ငံတိုင်းက ကိုယ့်နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားရေးကို နံပါတ်(၁) အနေဖြင့် ဦးတည်ဆောင်ရွက်ကြသည်။ တစ်နည်းအားဖြင့် အမျိုးသားရေးဝါဒကို မည်သည့်အယူအဆ ဝါဒရေးရာကမျှ မကျော်နိုင်။ မျက်ကန်းမျိုးချစ်ဝါဒ၊ အစွန်းရောက်အမျိုးသားရေးဝါဒ၊ လူမျိုးကြီးဝါဒတို့ အစရှိသည့် အစွန်းတရားများဆီသို့ ချဉ်းကပ်မသွားစေရေးအတွက် သတိမူကာ မှန်ကန်သည့် အမျိုးသားရေးဝါဒကို မိမိတို့နိုင်ငံအတွင်း ပျံ့နှံ့ထွန်းကားအောင် မြှင့်တင်ပေးခြင်းဖြင့် နိုင်ငံရေးစွမ်းအားမြင့်မားနိုင်ပါစေကြောင်း။ ။

## "ဆောင်းအမီ ချစ်သူဆီ" တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေး အစီအစဉ်များကို တိုးမြှင့် တင်ဆက်လျက်ရှိရာ နိုင်ငံကျော်တေးသံရှင်များ စုပေါင်းတင်ဆက်မည့် "ဆောင်းအမီ ချစ်သူဆီ" တေးဂီတ ဖျော်ဖြေပွဲကို ဖေဖော်ဝါရီ၂၅ရက်၊ (သောကြာနေ့) ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။




ယင်းအစီအစဉ်ကို စန္ဒရားကွန်းဇော်တေးဂီတ အဖွဲ့၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော်တေးသံရှင်များ ဖြစ်ကြသည့် သန်းမြတ်စိုး၊ ကိုမြင့်အောင်၊ တက္ကသိုလ်လွဲလွဲ၊ ကိုစန်းလွင်၊ အိအိချွန်၊ ပိုင်းလမင်းအောင်၊ ကျော့ကေခိုင်၊ ရဲထိုက်၊ ဇင်သူဇာထွန်းနှင့် သီသီမာတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို ဖေဖော်ဝါရီ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## "ပျော်စရာ အငြိမ့်" ဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေး အစီအစဉ်များကို တိုးမြှင့် တင်ဆက်လျက်ရှိရာ ဟားစတိုင်ရဲ့ "ပျော်စရာ အငြိမ့်" ဖျော်ဖြေပွဲကို ဖေဖော်ဝါရီ၂၆ ရက် (စနေနေ့) ည ၈ နာရီသတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။




ယင်းဖျော်ဖြေမှုကို စတားကောင်းထက်ကစီစဉ်ပြီး မြန်မာ့အသံ ဆိုင်းဝိုင်းကြီးအဖွဲ့၏ တီးခတ်မှုနှင့်အတူ ခေါင်းဆောင်မင်းသမီး ကြယ်စင်လင်း၊ ရှေ့ထွက်မင်းသမီး ဝိုင်းကြာဖြူ၊ လူရွှင်တော်များ ဖြစ်ကြသည့် စတားကောင်းထက်၊ ကောင်းမွန်၊ ဘာမီတွန်နှင့် ချမ်းမြေ့တို့က ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို ဖေဖော်ဝါရီ၂၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲပိုင်း National News အင်္ဂလိပ်ဘာသာသတင်း အစီအစဉ်အပြီးတွင် ဒုတိယအကြိမ် ထပ်မံ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများကို ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။

ဖေဖော်ဝါရီ ၂၃ ရက်၌ ရန်ကုန်ဆိပ်ကမ်းများမှ Anti–Decubitus Mattress ၆၀၀၊ Wheel Chair ၁၉၂ ခု၊ Electronic Blood Pressure Monitor ၂၀၀၀၊ Anti–Decubitus Seat ၅၀၀ ၊ Examination Lamp ၃၀၊ Cold Light Operating Lamp ၂၀၊ Surgical Suture ၇၃၈၀၀၊ Ambubag ၁၂၀၊ Tourique Strap ခုနစ်ခု၊ Adhesive Tape ၂၈၅ ခု၊ Steam Sterilizer ၂၀၊ Plaster Of Paris Bandage ၃၀၀၊ Oxygen




Plant နှစ်ခု၊ ဆေးဝါးမျိုးစုံ ၂၇ မျိုး စုစုပေါင်း ၁၃၉၆၅၂ ဒသမ ၇၂ Kg ၊ နယ်စပ် (ချင်းရွှေဟော်)တွင် ကုမ္ပဏီ တစ်ခုမှ Face Shield ၁၆၃၆၅ Kg တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ထိထိရောက်ရောက် တုံ့ပြန်ဆောင်ရွက်

ဘားအံ ဖေဖော်ဝါရီ ၂၃

**ကိုဗစ်-၁၉ ရောဂါ ပြည်တွင်းကူးစက်မှုနှုန်း ပြန်လည်မြင့်တက်နေပြီး ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ထိထိရောက်ရောက်တုံ့ပြန်ဆောင်ရွက်ကြရန် ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၁၀ နာရီက ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား မှာကြားသည်။ (ယာပုံ)**



ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုထိရောက်မြန်ဆန်စေရေး ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၂၂) တွင် မှာကြားခဲ့ခြင်းဖြစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်များစေရေး ပညာရေးနှင့် ပတ်သက်ပြီး အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ ဓာတ်မြေဩဇာများ အသုံးပြုခြင်းအား လျှော့ချပြီး သဘာဝမြေဩဇာများဖြင့် အစားထိုးအသုံးပြုနိုင်ရေး ကြိုးပမ်းကြစေလိုကာ ရေ၊ မြေ သဘာဝသယံဇာတများကို အကျိုးရှိစွာအသုံးချစေလိုကြောင်း၊ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများတွင် ဌာနဆိုင်ရာတာဝန်ရှိသူများအားလုံးက ဦးဆောင်ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါ စတုတ္ထလှိုင်း စတင်နေပြီး ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ထိထိရောက်ရောက် တုံ့ပြန်ဆောင်ရွက်ကြရန်လိုကြောင်း၊ မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် နေရပ်ပြန်ပြည်သူများအား မြဝတီမြို့တွင် လက်ခံထားရှိဆောင်ရွက်ပေးလျက်ရှိရာ ရောဂါပိုးတွေ့ရှိနှုန်း မြင့်မားနေပြီး ပြည်တွင်းသို့ ကူးစက်ပျံ့နှံ့မှုမရှိစေရေး စနစ်တကျဖြင့် အသွားအလာကန့်သတ်စောင့်ကြည့်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ယခင်အပတ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဆွေးနွေးရှင်းလင်းတင်ပြခဲ့ကြပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ထပ်ဆင့်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အလားတူ ကရင်ပြည်နယ်၏မြို့တော် ဘားအံမြို့အား မြို့တော်အင်္ဂါရပ်များနှင့်အညီ သန့်ရှင်းသာယာလှပသည့် အစိမ်းရောင်မြို့တော်ဖြစ်စေရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၄ နာရီခွဲခန့်က ဘားအံ-ထုံးအိုင်လမ်းမကြီး ဘေးဝဲယာနှစ်ဖက် နိဗ္ဗိန္ဒတံတားမှ စောစံစီဖိုးလမ်းဆုံထိ (၇၃၂၀ x ၃ x ၄ ) ပေ၊ ဘားမဲတောင်ခြေမှ ရွှေကင်းတူးမြောင်းထိ ပေ ၂၁၃၀ အုတ်စီရေမြောင်းနှင့် လူသွားပလက်ဖောင်း ပြုလုပ်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး သူရမြင့်သူ၊ အင်ဂျင်နီယာမှူးကြီး ဦးစိုးလွင်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘားအံမြို့ အမှတ်(၉)ရပ်ကွက် ဗိုလ်ချုပ်လမ်းတွင် ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော (၂၅၀၄ x ၃ x ၄) ပေ မြောင်းဖုံးပါ အုတ်စီရေမြောင်း ပြုလုပ်ခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# အကြိမ် (၅၀) မြောက် ရွှေရတုအထိမ်းအမှတ် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ တတိယနေ့ ဆက်လက်ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

"အကြိမ် (၅၀) မြောက် ရွှေရတုအထိမ်းအမှတ် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ" တတိယနေ့ကို ယနေ့တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်၅ ဇီဝကလမ်းရှိ ဆေးသုတေသန ဦးစီးဌာနတွင် ဆက်လက်ကျင်းပသည်။**(ယာပုံ)**



**နှီးနှောဖလှယ်ပွဲပြုလုပ်**

နံနက်ပိုင်းတွင် တီဘီရောဂါနှင့် အသည်းရောင်အသားဝါဘီ ရောဂါဆိုင်ရာ သိကောင်းစရာများကို **"ဆေးယဉ်ပါးတီဘီကုထုံးသစ်များနှင့် အသည်းရောင်အသားဝါဘီပိုး မျိုးကွဲများနှင့် မျိုးဗီဇပြောင်းလဲမှုများ (Myanmar-Korea Joint Symposium (2022): New insights to combat infectious diseases: BPaL DR-TB regimen and molecular approach to Hepatitis B)"** ခေါင်းစဉ်ဖြင့် နှီးနှောဖလှယ်ပွဲပြုလုပ်သည်။

အဆိုပါ နှီးနှောဖလှယ်ပွဲတွင် သဘာပတိများအဖြစ် ဆေးသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှိုင်မြတ်သူနှင့် ကိုရီးယားသမ္မတနိုင်ငံ Pusan National University မှ ပါမောက္ခ Jae Hun Cheong တို့က ဆောင်ရွက်ခဲ့ကြပြီး ကိုရီးယားသမ္မတနိုင်ငံ International Tuberculosis Research Center မှ Chairman of the Board၊ Dr. Sun Dae Song က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဖိလစ်ပိုင်နိုင်ငံမှ Regional Technical Consultant, LIFT-TB Project for KNCV, Dr. Maria Imelda D Quelapio က BPaL ဆေးယဉ်ပါးတီဘီကုထုံးနှင့် LIFT-TB စီမံချက်ကို လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ Pusan National University မှ Prof. Jae Hun Cheong က အသည်းရောင်အသားဝါဘီပိုး၏ ဗီဇပြောင်းလဲမှုဆိုင်ရာ အရေးပါမှုများကိုလည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ Inje University College of Medicine မှ Prof. Jae Gook Shin က ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားချိန်တွင် လူနာအခြေပြု တီဘီရောဂါ ကုသခြင်းများကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသားတီဘီ တိုက်ဖျက်ရေးစီမံကိန်းမှ တီဘီအထူးကုဆရာဝန်ကြီး ဒေါက်တာဇော်မြင့်က မြန်မာနိုင်ငံတွင် ကုသလျက်ရှိသော ဆေးယဉ်ပါးတီဘီကုထုံးသစ်များကိုလည်းကောင်း၊ ဆေးသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာရီရီကျော်က မြန်မာနိုင်ငံတွင် တွေ့ရှိရသော အသည်းရောင်အသားဝါဘီပိုး၏ ဗီဇမျိုးကွဲများနှင့် ၎င်းတို့၏ ရောဂါကုသမှုတွင် သက်ဆိုင်မှုများကိုလည်းကောင်း ဆွေးနွေးတင်ပြ အသိပညာဖလှယ်ခဲ့ကြရာ ဗီဒီယိုကွန်ဖရင့်စနစ် (Virtual)ဖြင့် တက်ရောက်လာသော ပါမောက္ခများနှင့် ဆေးပညာရှင်များက မေးမြန်းဆွေးနွေးကြသည်။

ညနေပိုင်း အစီအစဉ်များတွင် အခြေခံသုတေသနစာတမ်း၊ အသုံးချ သုတေသနစာတမ်း၊ လူမှုရေးနှင့် ကျန်းမာရေးစနစ်သုတေသနစာတမ်း စုစုပေါင်းကိုးစောင်ကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်တင်ပြကြရာတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်ချစ်၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထင်လင်း၊ ဆေးတက္ကသိုလ်(၁)မှ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာမေပြုံးကျော်တို့က သဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြရာ ဗီဒီယိုကွန်ဖရင့်စနစ်တွင် ပါရှိသည့် သတ်မှတ်နေရာ (Chat Box) မှတစ်ဆင့် ဆွေးနွေးမေးမြန်းသူများကို စာတမ်းရှင်များက ပြန်လည်ဖြေကြားပေးသည်။

**၂၅ ရက်အထိ ကျင်းပမည်**

ညီလာခံ၏ အင်တာနက်စာမျက်နှာဖြစ်သည့် (https://conference.myanmardmr.org) တွင် သုတေသနပိုစတာများကို အီလက်ထရွန်နစ် ပိုစတာ (E-poster)ပုံစံဖြင့် ပြသထားပြီး အဆိုပါ အင်တာနက်စာမျက်နှာတွင် ညီလာခံသို့ တက်ရောက်လိုသူများအနေဖြင့် အခမဲ့စာရင်းပေးသွင်းမှတ်ပုံတင်၍ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်းနှင့် ညီလာခံကို ဖေဖော်ဝါရီ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

■ *ရှေ့ဖုံးမှ*

စာရင်းကောက်ယူခြင်း၊ အနောက်ရဲ ရဲကင်းမှူး ရဲအုပ်သန်းဌွေးနှင့် တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးလက်စေတနာ့ဝန်ထမ်းများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။

ထို့သို့ ကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်ရာတွင် ပေါက်တောမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကိုကိုအောင် ကြီးကြပ်မှုဖြင့် မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ကျန်းမာရေးဝန်ကြီးဌာန၏ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဆေးမထိုးမီ ကိုယ်ပူချိန် တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန် တိုင်းတာပေးခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ပေးကြပြီး ပုံမှန်အခြေအနေရှိသူများကိုသာ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး သတ္တမအသုတ် (ပထမ)အကြိမ် ထိုးနှံပေးခြင်းကို ယမန်နေ့နှင့် ယနေ့တို့တွင်လည်း ပေါက်တောမြို့နယ်ရှိ ဆင်တက်မော် IDP စခန်း၌ ခိုလှုံနေကြသော ပြည်သူများနှင့် ဒေသခံဘင်္ဂါလီ စုစုပေါင်း ၂၆၈ ဦး လာရောက်ထိုးနှံခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ထူးခြားသည့် ညအပူချိန်များ

၂၃-၂-၂၀၂၂

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့၊ ဟဲဟိုးမြို့နှင့် လွိုင်လင်မြို့တို့တွင် ၁ ဒီဂရီစင်တီဂရိတ်စီ၊ ကျောက်မဲမြို့၊ ပင်လောင်းမြို့၊ မိုင်းယန်းမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီနှင့် လားရှိုးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ **မိုး/ဇလ**

# Genocide Convention အရ လျှောက်ထားသောအမှု (ဂမ်ဘီယာနိုင်ငံ နှင့် မြန်မာနိုင်ငံ) ၂၁ ဖေဖော်ဝါရီလ ၂၀၂၂ ခုနှစ် PROFESSOR MR CHRISTOPHER STAKER ၏ ပထမအကြိမ်လျှောက်လဲချက် ကနဦးကန့်ကွက်လွှာ ပထမအချက်

**နိဒါန်း**

**ဥက္ကဋ္ဌကြီးနှင့် ဂုဏ်သရေရှိတရားသူကြီးမင်းများခင်ဗျာ၊**

၁။ ကျွန်တော့်အနေဖြင့် တရားရုံးတော်ရှေ့မှောက်၌ နောက်တစ်ကြိမ် လျှောက်လဲခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။

၂။ ယခုအမှုနဲ့မသက်ဆိုင်တဲ့အကြောင်းအရာဖြစ်တဲ့ မနှစ်ကမေလမှာ ICJ တရားသူကြီး James Crawford ဆုံးပါးသွားတဲ့အတွက် မိမိအနေဖြင့် အလွန်ကိုဝမ်းနည်းရပါကြောင်း ဖော်ပြလိုပါတယ်။ ၎င်းသည် နေ့ပေါင်းများစွာတိုင် အပြည်ပြည်ဆိုင်ရာရှေ့နေများကို အားပေးခြင်း၊ စိတ်ခွန်အားပေးခြင်းနှင့် သင်ကြားမှုများပေးခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့သူဖြစ်ပါတယ်။ ယင်းကဲ့သို့ အခွင့်အရေးရခဲ့တဲ့သူများထဲမှာ မိမိလည်းပါဝင်ခဲ့ပါတယ်။

၃။ ကျွန်တော့်အနေဖြင့် ကနဦးကန့်ကွက်လွှာနှင့်စပ်လျဉ်း၍ တင်ပြမည်ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေဖြင့် ယခုတရားစွဲဆိုသည့် အမှုတွင် အမှန်တကယ်လျှောက်ထားသူမှာ “OIC” ဟုခေါ်သော အစ္စလာမ္မစ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းဖြစ်သဖြင့် တရားရုံးတွင် စီရင်ပိုင်ခွင့်မရှိကြောင်း သို့မဟုတ် လျှောက်ထားချက်ကို ခွင့်မပြုသင့်ကြောင်းကို အခိုင်အမာ လျှောက်ထားတင်ပြလိုပါတယ်။ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ၏ Statute အပိုဒ် ၃၄၊ စာပိုဒ် ၁ တွင် တရားရုံးရှေ့မှောက်သို့ ရောက်ရှိလာသောအမှုများတွင် အမှုရင်ဆိုင်ကြသူများမှာ နိုင်ငံများသာလျှင် ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါတယ်။

၄။ ယခုကနဦးကန့်ကွက်ချက်တွင် အကြောင်းခြင်းရာပြဿနာ (Question of Fact) နှင့် ဥပဒေကြောင်းပြဿနာ (Question of Law) ဟူ၍ ပြဿနာနှစ်ခုပေါ်ပေါက်နေပါတယ်။

၅။ အဓိကအကြောင်းခြင်းရာပြဿနာမှာ ယခုအမှုတွင် ဂမ်ဘီယာနိုင်ငံမှ OIC ကိုယ်စား တရားစွဲဆိုခြင်းဖြစ်တဲ့အတွက် OIC သည်သာ အမှန်တကယ် လျှောက်ထားသူဖြစ်သည်ဆိုသော ပြဿနာဖြစ်ပါတယ်။

၆။ ဥပဒေအကြောင်းခြင်းရာပြဿနာ (Question of Law) မှာ နိုင်ငံအမည်နှင့် တရားစွဲဆိုလို့မရသောကိစ္စကို ယင်း၏ကိုယ်စား တတိယနိုင်ငံတစ်နိုင်ငံက တရားရုံးတွင် တရားစွဲဆို၍ ရနိုင်မရနိုင်ဆိုသောပြဿနာ ဖြစ်ပါတယ်။

**အကြောင်းခြင်းရာပြဿနာ**

**ဥက္ကဋ္ဌကြီးနှင့် ဂုဏ်သရေရှိတရားသူကြီးမင်းများခင်ဗျာ၊**

၇။ ကျွန်တော့်အနေဖြင့် အကြောင်းခြင်းရာပြဿနာနှင့် စပ်လျဉ်း၍ စတင်လျှောက်လဲတင်ပြလိုပါတယ်။

၈။ ယခုကဲ့သို့ တရားစွဲဆိုဆောင်ရွက်မှုများအထိ ဖြစ်ပေါ်လာရသော အကြောင်းအရာများကို ဂမ်ဘီယာနိုင်ငံ၊ OIC အဖွဲ့အစည်းနှင့် OIC ၏ အခြားအဖွဲ့ဝင်နိုင်ငံများအကြား ဆက်သွယ်ဆောင်ရွက်နေသော အသေးစိတ်အချက်အလက်များပါဝင်သည့် စာရွက်စာတမ်းများကို စာဖြင့်ရေးသားထားသည့် လျှောက်လဲချက်တွင် ဖော်ပြထားပြီး ဖြစ်ပါတယ်။

၉။ ယင်းစာရွက်စာတမ်းအထောက်အထားများအရ ၂၀၁၈ ခုနှစ် မေလတွင် OIC ၏ အဓိက အဖွဲ့အစည်းတစ်ရပ်ဖြစ်သော နိုင်ငံခြားရေးဝန်ကြီးများကောင်စီက သီးခြားကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့ပြီး ဂမ်ဘီယာနိုင်ငံမှကိုယ်စားလှယ်ကို ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခဲ့ပါတယ်။ ၎င်းအဖွဲ့အစည်းကို “ကော်မတီ” ဟု ရည်ညွှန်းပြောဆိုသွားမည် ဖြစ်ပါတယ်။

၁၀။ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလမှာ ယင်းကော်မတီက Genocide Convention အရ မြန်မာနိုင်ငံကို တရားရုံးတွင် တရားစွဲဆိုမည့် ကိစ္စနှင့် ပတ်သက်သော စီမံချက်တစ်ရပ်ကို ချမှတ်ခဲ့ပါတယ်။



၁၁။ နောက်လတွေမှာ နိုင်ငံခြားရေးဝန်ကြီးများကောင်စီက ကော်မတီ၏စီမံချက်ကို အတည်ပြုသော ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ခဲ့ပါတယ်။

၁၂။ ယင်းနောက် ၂၀၁၉ ခုနှစ်၊ မေလမှာ ထိုကိစ္စကို OIC ၏အမြင့်ဆုံးအာဏာပိုင်ဖြစ်သည့် အစ္စလာမ္မစ်ထိပ်သီးအစည်းအဝေးတွင် ထည့်သွင်းစဉ်းစားခဲ့ပါတယ်။ အဆိုပါ ထိပ်သီးအစည်းအဝေး၏ အပြီးသတ် ထုတ်ပြန်ကြေညာချက်တွင် အစ္စလာမ္မစ် ထိပ်သီးအစည်းအဝေးက အောက်ပါအတိုင်း ဖော်ပြခဲ့ပါတယ် –

> “.........OIC ကိုယ်စား ဂမ်ဘီယာက ICJ တရားရုံးမှာ တရားစွဲဆိုခြင်းဖြင့် ချက်ချင်း အရေးယူဆောင်ရွက်ရန် ad hoc Ministerial Committee အား တိုက်တွန်းခဲ့ပါသည်။”

၁၃။ ဒီနေရာမှာ တင်ပြရမယ့် အဓိကအချက် ၃ ချက် ရှိပါတယ်။ ပထမအချက်က အစ္စလာမ္မစ် ထိပ်သီးအစည်းအဝေးက တရားစွဲဆိုရန် တိုက်တွန်းခဲ့ကြောင်း၊ ဒုတိယတစ်ချက်က OIC ကော်မတီက တရားစွဲဆိုဆောင်ရွက်ခဲ့ရာတွင် ဂမ်ဘီယာမှကော်မတီ ဥက္ကဋ္ဌအဖြစ် ဖော်ပြခဲ့ကြောင်းနှင့် တတိယအချက်က အဆိုပါ တရားစွဲဆိုဆောင်ရွက်ခြင်းကို OIC ကိုယ်စား ဆောင်ရွက်ခဲ့ခြင်းတို့ဖြစ်ပါတယ်။

၁၄။ တစ်လအကြာဖြစ်သော ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့တွင် ဂမ်ဘီယာနိုင်ငံ၏ ရှေ့နေချုပ်နှင့် တရားရေးဝန်ကြီးက အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) တွင် မြန်မာနိုင်ငံအား တရားစွဲဆို၍ အရေးယူဆောင်ရွက်ရန် ဂမ်ဘီယာနိုင်ငံအတွက် OIC ၏ အဆိုပြုချက်စာတမ်းကို ဂမ်ဘီယာနိုင်ငံအစိုးရအဖွဲ့သို့ တင်သွင်းခဲ့ပါတယ်။ အစိုးရအဖွဲ့ကလည်း အဆိုပါ OIC အဆိုပြုချက်စာတမ်းကို အတည်ပြုခဲ့ပါတယ်။

၁၅။ ဒီအခြေအနေမှာ အချက်သုံးချက် တွေ့ရှိရပါတယ်။ ပထမအချက်က ဂမ်ဘီယာနိုင်ငံ၏ ဆုံးဖြတ်ချက်သည် OIC ၏ အဆိုပြုချက်နှင့်အညီ ဆောင်ရွက်ခဲ့ခြင်းအချက် ဖြစ်ပါတယ်။ ဒုတိယအချက်က ဂမ်ဘီယာနိုင်ငံက ဦးဆောင်၍ တရားစွဲဆိုရမည်ဆိုခြင်းသည် ၎င်း၏ တစ်နိုင်ငံတည်းသဘောဖြင့် ကိုယ်ပိုင်အခွင့်အရေးအရ တရားစွဲဆိုခဲ့သည်ဟူသောအဆိုနှင့် ဆန့်ကျင်နေပါတယ်။ တတိယအချက်က ဂမ်ဘီယာနိုင်ငံမှ OIC ကိုယ်စား တရားစွဲဆိုသင့်ကြောင်း အစ္စလာမ္မစ်ထိပ်သီးအစည်းအဝေးတွင် ဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီး တစ်လအကြာမှာ ဂမ်ဘီယာနိုင်ငံက OIC ၏ အဆိုပြုချက်ကို လက်ခံခဲ့ခြင်း ဖြစ်ပါတယ်။

၁၆။ ဂမ်ဘီယာနိုင်ငံက တရားစွဲဆိုရန် လျှောက်ထားသည့်နေ့ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့မှာ ဂမ်ဘီယာနိုင်ငံ၏ တရားဝင်ကိုယ်စားလှယ် ဥပဒေအကျိုးဆောင်များက ဘာသာခြောက်မျိုးဖြင့် သတင်းကြေညာချက်ကို ထုတ်ပြန်ခဲ့ပါတယ်။ အဆိုပါ သတင်းဖော်ပြချက် အစပိုင်းတွင် ဂမ်ဘီယာနိုင်ငံမှ OIC အဖွဲ့ဝင်နိုင်ငံ ၅၇ နိုင်ငံကိုယ်စား ဆောင်ရွက်ခြင်း ဖြစ်ပါတယ်လို့ ဖော်ပြထားပါတယ်။ ယင်းတို့၏တစ်ဆက်တည်း သတင်းဖော်ပြချက်ကို အောက်ဖော်ပြပါအတိုင်း ကိုးကားတင်ပြလိုပါတယ်–

> “OIC အဖွဲ့အစည်းမှ ၎င်းကိုယ်စား တရားစွဲဆို ဆောင်ရွက်နိုင်ရန် OIC အဖွဲ့ဝင်ဖြစ်သည့် ဂမ်ဘီယာနိုင်ငံကို ခန့်အပ်ခဲ့ပါသည်။”

၁၇။ ယင်းစကားရပ်အား ဂမ်ဘီယာနိုင်ငံမှ သေသေချာချာဂရုပြု၍ ရွေးချယ်အတည်ပြုခဲ့ခြင်း ဖြစ်ပါတယ်။

၁၈။ သို့ဖြစ်၍ ဂမ်ဘီယာက OIC ကိုယ်စား တရားစွဲဆိုခြင်းဖြစ်တယ်ဆိုတဲ့ ပြောကြားချက်ကို ဂမ်ဘီယာနိုင်ငံ၏ ကိုယ်စားလှယ်နှင့် OIC ၏ အမြင့်ဆုံးသော အာဏာပိုင်အဖွဲ့အစည်းက ပြောကြားခဲ့ခြင်းဖြစ်တာကို ကျွန်တော်တို့အနေနဲ့ တင်ပြလိုပါတယ်။ အခြားစာရွက်စာတမ်းများမှာလည်း အလားတူဖော်ပြချက်များ ပါဝင်နေပါတယ်။

၁၉။ OIC ကော်မတီနှင့် OIC အဖွဲ့အစည်းက ယခုအမှုအား တရားစွဲဆိုခြင်းဖြစ်သည်ဆိုသော ထုတ်ပြန်ချက်များကို ၂၀၂၀ ပြည့်နှစ်အတွင်း OIC နိုင်ငံခြားရေးဝန်ကြီးများကောင်စီမှ ထပ်မံ၍ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါတယ်။ ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးနှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ်၊ OIC ဂျာနယ်၊ OIC သတင်းထုတ်ပြန်ချက်၊ OIC တွစ်တာစာမျက်နှာ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းဖြစ်သည့် Fortify Rights တို့ကလည်း အလားတူ ထုတ်ပြန်ခဲ့ကြပါတယ်။

၂၀။ OIC ဂျာနယ်၊ OIC သတင်းထုတ်ပြန်ချက်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး၊ မလေးရှားနိုင်ငံခြားရေးဝန်ကြီးနှင့် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေအား အစီရင်ခံစာ တင်သွင်းလျက်ရှိသည့် ကုလသမဂ္ဂ၏အထူးကိုယ်စားလှယ်တို့က ယခုအမှုကို OIC က တရားစွဲဆိုရန် ဆုံးဖြတ်ခဲ့သည်ဟု ပြောကြားခဲ့ပါတယ်။

၂၁။ ဂမ်ဘီယာနိုင်ငံမှ OIC ကိုယ်စား တရားစွဲဆိုကြောင်းကို OIC နိုင်ငံခြားရေးဝန်ကြီးများကောင်စီ၏ ဆုံးဖြတ်ချက်တွင်လည်းကောင်း၊ ဂမ်ဘီယာနိုင်ငံသမ္မတရုံး၊ ကုလသမဂ္ဂအထွေထွေညီလာခံတွင် ဂမ်ဘီယာနိုင်ငံ ဒုတိယသမ္မတ၊ မော်ဒိုက်နိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့၏ နိုင်ငံခြားရေးဝန်ကြီးများ၏ ပြောကြားချက်များတွင်လည်းကောင်း၊ ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ အင်တာနက်စာမျက်နှာများနှင့် အခြားနိုင်ငံများ၏ မီဒီယာသတင်းဖော်ပြချက်များတွင်လည်းကောင်း အသီးသီးဖော်ပြခဲ့ပါတယ်။

၂၂။ ယင်းကဲ့သို့ တရားစွဲဆိုရန်အတွက် OIC အဖွဲ့အစည်းက ဂမ်ဘီယာနိုင်ငံအား ဆောင်ရွက်ရန် သို့မဟုတ် ထိုသို့ဆောင်ရွက်ရန် ရွေးချယ်ခဲ့ကြောင်း ပြောကြားချက်များကို ဂမ်ဘီယာနိုင်ငံသမ္မတရုံး၊ OIC ၏သတင်းထုတ်ပြန်ချက်နှင့် မီဒီယာများတွင် အသီးသီး ဖော်ပြခဲ့ပါတယ်။

၂၃။ ယခုအမှုအား ဂမ်ဘီယာနိုင်ငံမှ OIC ကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မှု အခွင့်အာဏာအတွင်းမှ စွဲဆိုဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း အတိအလင်း သို့မဟုတ် သွယ်ဝိုက်သောအားဖြင့် OIC နိုင်ငံခြားရေးဝန်ကြီးများကောင်စီ၏ ဆုံးဖြတ်ချက်၊ မလေးရှားနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် OIC၏သတင်းထုတ်ပြန်ချက် သုံးခုတို့တွင် ဖော်ပြခဲ့ပါတယ်။

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

၂၄။ ဂမ်ဘီယာနိုင်ငံ၏ တရားစွဲဆိုပိုင်ခွင့်အရ တရားစွဲဆိုခြင်း မဟုတ်ဘဲ ဂမ်ဘီယာနိုင်ငံမှ ဦးဆောင်၍ တရားစွဲဆိုခြင်း သို့မဟုတ် စုပေါင်း၍တရားစွဲဆိုခြင်းဖြစ်ကြောင်း ပြောကြားချက်ကို ဂမ်ဘီယာနိုင်ငံသမ္မတရုံး၊ ဂမ်ဘီယာနိုင်ငံ၏ဒုတိယသမ္မတနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ထပ်မံ ဖော်ပြခဲ့ကြပါတယ်။

၂၅။ မြန်မာနိုင်ငံ၏ကနဦးကန့်ကွက်ချက်၏နောက်ဆက်တွဲပါစာရွက်စာတမ်းများတွင် တရားစွဲဆိုရန်အတွက် ကုန်ကျမည့်စရိတ်ကို ဂမ်ဘီယာနိုင်ငံ၏ စီမံခန့်ခွဲမှုမဟုတ်သော မိမိသဘောဆန္ဒ အလျောက် ထည့်ဝင်ရသည့် OIC မှ မတည်ထားသော အထူးရန်ပုံငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါတယ်။ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလအတွင်း သတင်းအစီရင်ခံစာ တစ်ခုက အလှူရှင်များမှာ ဘင်္ဂလားဒေ့ရှ်၊ ဆော်ဒီအာရေဗျ၊ တူရကီ၊ နိုင်ဂျီရီးယား၊ မလေးရှားနှင့် အစ္စလာမ်ညီညွတ်ရေးရန်ပုံငွေတို့ဖြစ်ကြောင်း ပြောဆိုခဲ့ပါတယ်။ အဆိုပါ အထောက်အထားများတွင် ဂမ်ဘီယာသည် အမှုကုန်ကျစရိတ်တစ်စုံတစ်ရာကို ကိုယ်တိုင်ကျခံမည့်အကြောင်း မပါရှိသကဲ့သို့ ထိုသို့ကျခံခြင်း မပြုဟုလည်း ဖော်ပြထားခြင်းမျိုး ရှိပါတယ်။

**ဥက္ကဋ္ဌကြီးနှင့် ဂုဏ်သရေရှိတရားသူကြီးမင်းများခင်ဗျာ၊**

၂၆။ အဆိုပါအကြောင်းအရာများနှင့်စပ်လျဉ်း၍ ဂမ်ဘီယာမှ မည်သို့ ဖြေကြားခဲ့ပါသလဲ။

၂၇။ အလွန်အံ့အားသင့်ဖွယ်ရာကောင်းလောက်အောင်ပင် ဂမ်ဘီယာက ဘာမျှမပြောခဲ့ပါ။ အထက်ပါဖြစ်ရပ်များအပေါ် အခြားနည်း ဖြေရှင်းချက်လည်း မပေးခဲ့သည့်အပြင် ယင်းအထောက်အထားများနှင့် စပ်လျဉ်း၍ ရှင်းလင်းချက်လည်းမရှိခဲ့ပါ။ အဆိုပါ အကြောင်းအရာများ မရှိကြောင်းကိုလည်း အထောက်အထား မပေးနိုင်ခဲ့ပါ။ ထိုအကြောင်းအရာများကို ရည်ညွှန်းထားခြင်း မရှိကြောင်းလည်း အကြောင်းပြချက်ပေးနိုင်မည်မဟုတ်ပါ။

၂၈။ ဂမ်ဘီယာနိုင်ငံ၏ စာဖြင့်ရေးသားတင်ပြချက်များ (Written Observations) တွင် နောက်ဆက်တွဲ တစ်ရပ်ကို ဖော်ပြထားသော်လည်း ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ဂမ်ဘီယာနိုင်ငံ၏ တရားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် သတင်းထုတ်ပြန်ချက်ဖြစ်သည့် တစ်ခုတည်းသော စာရွက်စာတမ်း အထောက်အထားအသစ်နှင့်သာ ဤကိစ္စနှင့် သက်ဆိုင်ပါတယ်။ ယင်းစာရွက်စာတမ်း အထောက်အထားအသစ်က ဂမ်ဘီယာနိုင်ငံသည် OIC အဖွဲ့အစည်း၏ ဆုံးဖြတ်ချက်အရ OIC အဖွဲ့ဝင် ၅၇ နိုင်ငံကိုယ်စား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ပြောထားပါတယ်။

၂၉။ ဤအချက်တွေကို ကျော်လွှားဖို့အတွက် ဂမ်ဘီယာအနေဖြင့် ယေဘုယျသာလျှင် ပြောနိုင်ပြီး သက်သေအထောက်အထား တစ်ခုခုဖြင့် အခိုင်အမာ တင်ပြနိုင်ခြင်းမရှိပါဘူး။

၃၀။ ဂမ်ဘီယာနိုင်ငံသည် တရားစွဲဆိုခြင်းနှင့် စပ်လျဉ်း၍ ၎င်းတို့ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ဂမ်ဘီယာနိုင်ငံ၏ ဆုံးဖြတ်ချက်အပေါ် OIC မှ အတည်ပြုထောက်ခံထားခြင်းမရှိသဖြင့် OIC ၏ မေတ္တာရပ်ခံချက်အရ ၎င်းကတရားစွဲဆိုရသည်ဆိုသည့် စွပ်စွဲချက်အတွက် အခြေခံအကြောင်းခြင်းရာ မရှိဘူးလို့ ဖော်ပြနေပါတယ်။ အဲ့ဒီအတွက် သက်သေအထောက်အထားက ဘယ်နေရာမှာများရှိပါသလဲ။ ကျွန်တော်တို့အနေဖြင့် ဂမ်ဘီယာက တရားစွဲဆိုရန် OIC ၏အဆိုပြုချက်ကို ဂမ်ဘီယာနိုင်ငံ အစိုးရအဖွဲ့က အတည်ပြုခဲ့ပြီး OIC ကော်မတီမှ OIC ကိုယ်စား တရားစွဲဆိုသင့်ကြောင်း အစ္စလာမ္မစ်ထိပ်သီးအစည်းအဝေးပြီးနောက် ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်သည်ဆိုသော စာရွက်စာတမ်းအထောက်အထားများကိုသာ တွေ့မြင်နေရပါတယ်။ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် ဂမ်ဘီယာနိုင်ငံ၏ တရားရေးဝန်ကြီးကိုယ်တိုင် ဤအမှုအား OIC မှ စတင်ဆောင်ရွက်ခဲ့ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ သို့ပါ၍ ဂမ်ဘီယာက ဤအကြောင်းအရာအပေါ် ဖြေရှင်းချက်ပေးနိုင်မည်မဟုတ်ပါ။

၃၁။ ဂမ်ဘီယာနိုင်ငံက ၎င်းအနေဖြင့် OIC ဆုံးဖြတ်ချက်များချမှတ်၍ OIC ကော်မတီ ဖွဲ့စည်းဆောင်ရွက်ရာတွင် အရေးပါသည့် ကဏ္ဍတွင် ပါဝင်ခဲ့သဖြင့် ထိုကိစ္စကို အသိအမှတ်ပြုသောအားဖြင့် ၎င်းအား ကော်မတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စေခြင်းဖြစ်ကြောင်း ကာကွယ်ပြောဆိုခဲ့ပါတယ်။ အဲ့ဒီအတွက်အထောက်အထားကဘယ်မှာလဲ။ ကော်မတီဥက္ကဋ္ဌအဖြစ် ခန့်အပ်ခံရခြင်းသည် ဂမ်ဘီယာနိုင်ငံက အဆိုပါကော်မတီကို ဖွဲ့စည်းရာတွင် အရေးပါသူ သို့မဟုတ် ကော်မတီ၏ အရေးယူဆောင်ရွက်မှုကို အဓိကပံ့ပိုးသူဖြစ်ခြင်းကြောင့်ဟု ယူဆလို့ မရနိုင်ပါဘူး။ တရားရုံးရှေ့တင်ပြချက်များသည် အမှန်အားဖြင့် မည်သူက မည်သည့်အဆိုပြုချက်ကို မည်သည့်အချိန်တွင် ပြုလုပ်ခဲ့သည် သို့မဟုတ် အားပေးထောက်ခံခဲ့သည်ဟူသော အချက်ကို အတိအကျ တင်ပြနိုင်ခြင်းမရှိပါဘူး။ ထိုသို့ဆောင်ရွက်နေသည့်ကိစ္စကို မြန်မာနိုင်ငံက မသိနိုင်သလို ဂမ်ဘီယာနိုင်ငံကလည်း အသေးစိတ်ဖော်ပြခြင်းမရှိပါဘူး။ အမှန်အားဖြင့် အမှုကိစ္စ အဓိကဆောင်ရွက်သူများတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုသော်လည်းကောင်း၊ ဆော်ဒီအာရေဗျနိုင်ငံ ဦးဆောင်သည့် Contact Group ကိုသော်လည်းကောင်း ထည့်သွင်းပါဝင်စေနိုင်သည်ဆိုသည့် ယူဆချက်များလည်းရှိပါတယ်။ အခြားစာရွက်စာတမ်းတွင် OIC က ဤအမှုကိုစွဲဆိုစေရန်အတွက် နိုင်ငံတစ်ခုကို ရှာဖွေနေခဲ့ကြောင်း ပါရှိပါတယ်။

၃၂။ ဂမ်ဘီယာနိုင်ငံက OIC အဖွဲ့အစည်းမဟုတ်ဘဲ ၎င်းကသာ အမှုကို အလုံးစုံထိန်းချုပ်ညွှန်ကြားကြောင်း ဆက်လက်ရပ်တည်နေပါတယ်။ ယင်းရပ်တည်မှုအတွက် ဘာအထောက်အထားရှိပါသလဲ။ တရားရုံးရှေ့တင်ပြချက်များက မည်သူက မည်သည့် ဆုံးဖြတ်ချက်ကို ချမှတ်နေကြောင်း ပြသနိုင်ခြင်း မရှိပါဘူး။ မိမိတို့အနေဖြင့် Provisional Measures အတွက် ကြားနာပွဲတွင် ဂမ်ဘီယာနိုင်ငံကိုယ်စားလှယ်အဖွဲ့၌ OIC အကြီးတန်းအရာရှိ သုံးဦးပါဝင်နေကြောင်း သိရှိထားပြီး ဂမ်ဘီယာနိုင်ငံ၏ အဆိုလွှာကို မတင်သွင်းမီ ရက်အနည်းငယ်အလိုတွင် OIC ကော်မတီတွင် တွေ့ဆုံဆွေးနွေးမှုရှိခဲ့ဟန် တူပါတယ်။ ဂမ်ဘီယာနိုင်ငံမှ OIC ကို အမှုတိုးတက်မှုအခြေအနေကို အကျဉ်းရုံးရှင်းပြခဲ့ကြောင်း မိမိတို့သိပါတယ်။ OIC ၏ မှတ်တမ်းတစ်ခုမှာ တရားဝင်ကိုယ်စားလှယ်ရွေးချယ်ရန်ကိစ္စကို ဂမ်ဘီယာနိုင်ငံ၏ လုပ်ပိုင်ခွင့်အဖြစ် ဖော်ပြထားပါတယ်။ သို့တိုင် အဆိုပါလုပ်ပိုင်ခွင့်ကို OIC အဖွဲ့အစည်းက အပ်နှင်းခဲ့ခြင်းမဟုတ်ဟု ပြောနိုင်ပါသလား။

၃၃။ နောက်ဆုံးအနေဖြင့် ဂမ်ဘီယာနိုင်ငံက OIC ထံမှ အထောက်အပံ့ရှာဖွေရယူခြင်းသာဖြစ်ကြောင်း ဆိုပါတယ်။ သို့ရာတွင် ဂမ်ဘီယာနိုင်ငံကို ပေးနေသော အထောက်အပံ့များကို ဖော်ပြသည့် စာရွက်စာတမ်းများတွင် မိမိရည်ညွှန်းဖော်ပြပြီးဖြစ်သော အခြားထုတ်ဖော်ပြောဆိုချက်အားလုံးနှင့် ဆန့်ကျင်ရန်မဆိုထားနှင့် ကွဲပြားမှုပင်မရှိသလောက် ဖြစ်နေပါတယ်။

**ဥက္ကဋ္ဌကြီးနှင့် ဂုဏ်သရေရှိတရားသူကြီးမင်းများခင်ဗျာ၊**

၃၄။ တရားရုံးရှေ့ ရောက်လာသောအမှုများတွင် လျှောက်ထားသူနိုင်ငံက တတိယနိုင်ငံ၊ အဖွဲ့အစည်းအတွက် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ပေးခြင်း ဟုတ် မဟုတ်နှင့် စပ်လျဉ်းသည့် မေးခွန်း မရှိသလောက်ပင်ဖြစ်ပါတယ်။ သို့ရာတွင် အဆိုပါကိစ္စရှိခဲ့ပါက မဟုတ်မှန်ကြောင်း သက်သေပြရန် တာဝန်မှာ တရားပြိုင်အပေါ်တွင် မဟုတ်ဘဲ အမှုစွဲဆိုသည့် လျှောက်ထားသူ နိုင်ငံအပေါ်တွင် ရှိရမည် ဖြစ်ပါတယ်။

၃၅။ ဤကိစ္စတွင် တရားမျှတမှုရှိကြောင်း သိသာထင်ရှားသည့် အကြောင်းပြချက် လိုအပ်ပါတယ်။ လျှောက်ထားတဲ့နိုင်ငံသာလျှင် ၎င်းနှင့် အခြားတတိယနိုင်ငံတို့အကြား ဆက်သွယ်ဆောင်ရွက်မှု အကြောင်းစုံကို အသေးစိတ်သိရှိနိုင်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေဖြင့် ဂမ်ဘီယာနိုင်ငံနှင့် OIC အဖွဲ့အစည်းအကြားသော်လည်းကောင်း၊ ဂမ်ဘီယာနိုင်ငံနှင့် အခြား OIC အဖွဲ့ဝင်နိုင်ငံများအကြားသော်လည်းကောင်း ပြုလုပ်နေသည့် အပေးအယူဆက်ဆံမှု အသေးစိတ်ကို မသိရှိနိုင်ပါဘူး။ ဤကိစ္စကို ဂမ်ဘီယာနိုင်ငံက သိရှိပြီး သတင်းအချက်အလက်ထုတ်ဖော်ပြသရန် ပျက်ကွက်နေကြောင်း ထင်ရှားနေပါတယ်။

၃၆။ ထို့အပြင် မူသဘောအားဖြင့်ဆိုပါက တရားရုံးဥပဒေပြဋ္ဌာန်းချက်များအရ အမှုတိုင်းတွင် အခြေခံကျသော စီရင်ပိုင်ခွင့်ဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းရန်လိုအပ်သည့် အချက်အလက် အထောက်အထားများကို ပြသရမည့်သူမှာ အမှုလျှောက်ထားသည့် နိုင်ငံသာဖြစ်ပါတယ်။ အမှုစွဲတင်စဉ်ကတည်းက အငြင်းပွားမှုရှိကြောင်း သက်သေပြရန် တာဝန်ရှိသူမှာ အမှုစွဲဆိုသူသာလျှင်ဖြစ်သည်မှာ အပြည့်အဝလက်ခံထားပြီး လုပ်ငန်းစဉ်ဖြစ်ပါတယ်။ အမှုလျှောက်ထားသူ အမှန်သည် မည်သူမည်ဝါ ဖြစ်သည်ဟူသောကိစ္စမှာ အကြောင်းခြင်းရာ ပြဿနာပင်ဖြစ်ပါတယ်။

၃၇။ သက်သေပြရန်တာဝန်သည် ဂမ်ဘီယာနိုင်ငံအပေါ်တွင် မရှိဘူးဆိုလျှင်ပင် တရားရုံး အနေဖြင့် ဆက်စပ်အကြောင်းခြင်းရာများကို ဆုံးဖြတ်သည့်အခါ ရုံးရှေ့တင်ပြထားချက်အပေါ် အခြေခံ၍ ဆုံးဖြတ်ရန် လိုအပ်မှာဖြစ်ပါတယ်။

၃၈။ ဂမ်ဘီယာနိုင်ငံအနေဖြင့် ရုံးရှေ့တင်ပြချက်များ၏ မှန်ကန်မှုအပေါ် အငြင်းပွားခြင်းမရှိသလို ယင်းတွင်ပါဝင်သည့် သီးခြားဖော်ပြချက်များကို ငြင်းဆိုခြင်း သို့မဟုတ် ရှင်းလင်းရန် တောင်းဆိုခြင်းမပြုခဲ့သည့်အပြင် ဆန့်ကျင်ဘက်သက်သေအထောက်အထား တင်ပြခြင်းလည်း မပြုလုပ်ခဲ့ပါ။ အထောက်အထားတင်ပြထားခြင်းမရှိသော ဂမ်ဘီယာနိုင်ငံ၏ တိကျရှင်းလင်းမှုမရှိသည့် စွပ်စွဲတင်ပြချက်များကို တရားရုံးက ဆက်စပ်အကြောင်းခြင်းရာအဖြစ် မှတ်ယူအသုံးပြုနိုင်မည် မဟုတ်ပါ။

၃၉။ တရားရုံးရှေ့မှောက်တွင် OIC အဖွဲ့အစည်းက ၎င်းကိုယ်စားယခုအမှုကို စွဲဆိုရန် ဂမ်ဘီယာနိုင်ငံကို တာဝန်ပေးထားသည်ဟု ဖော်ပြပါရှိသည့် ဂမ်ဘီယာနိုင်ငံနှင့် OIC ပင်မအဖွဲ့ကြီးတို့၏ တရားဝင်ထုတ်ပြန်ချက်များရှိပါတယ်။ ဤအချက်ကို အခြားစာရွက်စာတမ်းများစွာတွင်လည်း မီးမောင်းထိုးဖော်ပြထားပါတယ်။ ယင်းအတွက် ဆန့်ကျင်ဘက် သက်သေအထောက်အထား တင်ပြထားခြင်းလည်းမရှိပါဘူး။ အမှုအား ယင်းအချက်အပေါ် အခြေခံပြီး ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါတယ်။

**ဥပဒေကြောင်းကိစ္စ**

**ဥက္ကဋ္ဌကြီးနှင့် ဂုဏ်သရေရှိတရားသူကြီးမင်းများခင်ဗျာ၊**

၄၀။ ဥပဒေကြောင်းကိစ္စနှင့်စပ်လျဉ်း၍ တင်ပြလိုပါတယ်။

၄၁။ တရားရုံး၏ အငြင်းပွားမှုဆိုင်ရာစီရင်ပိုင်ခွင့်တွင် ကန့်သတ်ချက်ရှိသည်ဟူသောအချက်မှာ အခြေခံကျသည့်အချက် ဖြစ်ပါတယ်။

၄၂။ ကန့်သတ်ချက်တစ်ခုမှာ နိုင်ငံများကသာ ရုံးရှေ့အမှုသည်များအဖြစ် ပါဝင်ဆောင်ရွက်နိုင်သည်ဟူသော အချက်ဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတစ်ခုအနေဖြင့် ဆောင်ရွက်ခွင့်မရှိသလို အစိုးရမဟုတ်သောအဖွဲ့အစည်း၊ စီးပွားရေးဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းများလည်း ဆောင်ရွက်ခွင့်မရှိပါဘူး။ ဤအမှုတွင် တိုက်ရိုက်ပေါ်ပေါက်သည့် မေးခွန်းတစ်ခုမှာ နိုင်ငံမဟုတ်သည့် အဖွဲ့အစည်းတစ်ခုသည် ၎င်းကိုယ်စား အမှုစွဲဆိုပေးရန် နိုင်ငံတစ်နိုင်ငံကို တာဝန်ပေးခြင်း သို့မဟုတ် ခန့်အပ်ခြင်းဖြင့် တရားရုံး၏ စီရင်ပိုင်ခွင့်ကန့်သတ်ချက်ကို ရှောင်တိမ်း၍ ရနိုင်လားဆိုသည့်ကိစ္စ ဖြစ်ပါတယ်။

၄၃။ ဒုတိယကန့်သတ်ချက်မှာ တရားရုံးအနေဖြင့် အငြင်းပွားမှုဆိုင်ရာအမှုများတွင် နှစ်ဖက်အမှုသည်များ၏ သဘောတူညီချက်ဖြင့်သာ စီရင်ပိုင်ခွင့်ကို ကျင့်သုံးနိုင်သည်ဟူသောအချက် ဖြစ်ပါတယ်။ ဥပမာ၊ နှစ်ဖက်နိုင်ငံများပါဝင်သည့် နိုင်ငံတကာစာချုပ်တစ်ခုပါ စီရင်ပိုင်ခွင့်ကို လက်ခံကြောင်း စည်းကမ်းချက်အပိုဒ်တွင် ဖော်ပြသည့် သဘောတူညီချက်မျိုးဖြစ်ပါတယ်။ ဒါနဲ့ ဆက်စပ်သည့် မေးခွန်းတစ်ခုမှာ အဆိုပါ ကန့်သတ်ချက်ကိုရော အထက်တွင် ဖော်ပြသည့်နည်းဖြင့် ရှောင်ရှားနိုင်သလားဆိုသည့်ကိစ္စ ဖြစ်ပါတယ်။ ဥပမာ၊ နိုင်ငံ “က” သည် ဂျီနိုဆိုက် ကွန်ဗင်းရှင်း အဖွဲ့ဝင်မဟုတ်သည့် နိုင်ငံဖြစ်ပြီး နိုင်ငံ “ခ” နှင့် နိုင်ငံ “ဂ” တို့မှာ ကွန်ဗင်းရှင်းကို ခြွင်းချက်ပြုလုပ်ထားခြင်းမရှိသည့် အဖွဲ့ဝင်နိုင်ငံများဖြစ်သည်ဆိုပါစို့။ အဖွဲ့ဝင်မဟုတ်သည့် နိုင်ငံ “က” က ဂျီနိုဆိုက်ကွန်ဗင်းရှင်းအရ နိုင်ငံ “ခ” အပေါ် အမှုစွဲဆိုရန်အတွက် နိုင်ငံ “ဂ” ကို တာဝန်ပေးခြင်း သို့မဟုတ် ခန့်အပ်ခြင်းပြုနိုင်ပါသလား။

၄၄။ ဤဒုတိယမေးခွန်းသည် လက်ရှိအမှုနှင့်စပ်ဆိုင်နေပါတယ်။ အဘယ်ကြောင့်ဆိုသော် OIC အဖွဲ့ဝင်နိုင်ငံ ၅၇ နိုင်ငံအနက် ၂၀ နိုင်ငံသည် ဂျီနိုဆိုက်ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံ မဟုတ်ကြပါဘူး။ ဒါမှမဟုတ် အဖွဲ့ဝင်ဖြစ်ပါက ဂျီနိုဆိုက်ကွန်ဗင်းရှင်းအပိုဒ် ၉ ကို ခြွင်းချက်ပြုထားကြပါတယ်။ ယင်းတို့အနက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မလေးရှားနိုင်ငံ ၂ နိုင်ငံက OIC ကော်မတီတွင်ပါဝင်ပြီး ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလအထိ ဒီအမှုအတွက် ရန်ပုံငွေထက်ဝက်ကို ပံ့ပိုးထားသူများ ဖြစ်ကြပါတယ်။ အနည်းဆုံး သတင်းမီဒီယာ ဆောင်းပါးတစ်ခုတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အမှုစွဲဆိုရန် OIC ကို စည်းရုံးဆွဲဆောင်ရာ၌ တက်ကြွစွာ ပါဝင်ခဲ့ကြောင်း ဆိုထားပါတယ်။

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*

၄၅။ ထိုသို့သော မေးခွန်းများမှာ ဂျီနိုဆိုက်ကွန်ဗင်းရှင်းအရ စွဲဆိုသည့် အမှုများအတွက်သာ မဟုတ်ပါဘူး။ အခြားနိုင်ငံတကာစာချုပ်များအရ စွဲဆိုသည့်အမှုများတွင်လည်း ဖြစ်ပေါ်နိုင်ပါတယ်၊ အထူးသဖြင့် အဆိုပါစာချုပ်တွင် အခြားသောစာချုပ်ဝင်နိုင်ငံများအပေါ် စာချုပ်ဝင် တစ်နိုင်ငံချင်းက တာဝန်ရှိခြင်းကို အကြောင်းပြု၍ အမှုစွဲဆိုခွင့်ပါရှိကြောင်း လျှောက်ထားသူတစ်ဦးဦးက တင်ပြသည့်အခါတွင် ဖြစ်ပေါ်နိုင်ပါတယ်။ သို့ဖြစ်၍ ဤသို့သော မေးခွန်းများသည် သဘာဝပတ်ဝန်းကျင်၊ စွမ်းအင် သို့မဟုတ် ကုန်သွယ်ရေးဥပဒေ၊ ပင်လယ်ရေကြောင်းဆိုင်ရာဥပဒေ သို့မဟုတ် နျူကလီးယားလက်နက်အပါအဝင် ဥပဒေနယ်ပယ်များစွာနှင့် ဆက်စပ်သည့် နိုင်ငံတကာစာချုပ်များအရ စွဲဆိုသည့်အမှုများတွင် ဖြစ်ပေါ်နိုင်ပါတယ်။

၄၆။ ဤမေးခွန်းနှင့်စပ်လျဉ်း၍ တင်ပြရမည်ဆိုပါက လျှောက်ထားသူအစစ်အမှန်မှာ ၎င်းအား ကိုယ်စားပြုစွဲဆိုပေးရန်ခိုင်းစေထားသည့် တတိယနိုင်ငံအဖွဲ့အစည်းဖြစ်ပြီး ကိုယ်စားလှယ် Proxy နိုင်ငံဆိုသည်မှာ ယင်းတတိယနိုင်ငံ အဖွဲ့အစည်းကို ကိုယ်စားပြုစွဲဆိုပေးသည့် နိုင်ငံဖြစ်သည်လို့ မိမိရည်ညွှန်းလိုပါတယ်။

၄၇။ ယခု စောဒကတက်နိုင်သည်မှာ ကြားခံကိုယ်စားလှယ်နိုင်ငံအနေဖြင့် ၎င်း၏ကိုယ်ပိုင်အကျိုးစီးပွားရရှိမှုမရှိဘဲ အခြားသူအတွက် အမှုစွဲဆိုပေးခြင်းဖြင့် ဒုက္ခရှာလိမ့်မည် မဟုတ်ဟူသောအချက်ဖြစ်ပါတယ်။ သို့ရာတွင် ထိုသို့မှတ်ယူ၍မရပါ။ သီအိုရီအားဖြင့် ကြားခံ ကိုယ်စားလှယ်နိုင်ငံတွင် ရည်ရွယ်ချက်များစွာရှိနေနိုင်ပါတယ်။ ဥပမာ၊ အမှန်တကယ်အမှုလျှောက်ထားသူအတွက် နိုင်ငံရေးအကျိုးအမြတ်ရရှိရေး ဆောင်ရွက်ပေးခြင်းဖြင့် အပြန်အလှန်အကျိုးပြုမှု ပြန်လည်ရရှိရေးအတွက် ဖြစ်နိုင်ပါတယ်။ လျှောက်ထားသူအမှန်က အမှုစွဲဆိုပေးခြင်းအတွက် ကိုယ်စားလှယ်နိုင်ငံကို ငွေကြေးပေးချေနိုင်ပါတယ်။ မည်သည့်အခြေအနေတွင်မဆို ဂမ်ဘီယာနိုင်ငံက ပြောဆိုသည့်အတိုင်း တရားစွဲဆိုရတဲ့ ရည်ရွယ်ချက်များသည် စီရင်ပိုင်ခွင့်ရှိ မရှိ ကိစ္စနှင့် စပ်ဆိုင်မှုမရှိဟု အသိအမှတ်ပြုထားခြင်းဖြစ်ပါတယ်။

၄၈။ မည်သည့်ရည်ရွယ်ချက်မျိုးရှိစေကာမူ အခြေအနေသည် အောက်ပါအတိုင်း ဖြစ်ရမည်ဖြစ်ပါတယ်။ တတိယပုဂ္ဂိုလ် အဖွဲ့အစည်းသည် နိုင်ငံတစ်နိုင်ငံမဟုတ်ခြင်းကြောင့်ဖြစ်စေ၊ အမှုစွဲဆိုခံရမည့်နိုင်ငံနှင့် ၎င်းအကြား အမှုစီရင်ခွင့်နှင့်စပ်လျဉ်း၍ အပြန်အလှန်လက်ခံထားမှုမရှိခြင်းကြောင့်ဖြစ်စေ ၎င်းကိုယ်တိုင် အမှုမစွဲဆိုနိုင်သည့်ကိစ္စတွင် ကိုယ်စားလှယ်ကို အမှုစွဲဆိုစေခြင်းဖြင့် တရားရုံး၏ စီရင်ပိုင်ခွင့်ကန့်သတ်ချက်ကို ရှောင်ရှား၍ မရနိုင်ပါဘူး။

၄၉။ သဘောရိုးဖြင့်ဆောင်ရွက်ခြင်းနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ နိုင်ငံတကာဥပဒေမူသဘောအရ ဤသို့ကောက်ချက်ချရန်ဖြစ်ပါတယ်။ တရားရုံး၏စီရင်ပိုင်ခွင့်ကို ယင်းတရားရုံး၏ ဥပဒေအရ ဆုံးဖြတ်ရမှာဖြစ်ပြီး ယင်းဥပဒေမှာ နိုင်ငံတကာစာချုပ်ဖြစ်ပါတယ်။ နိုင်ငံတကာစာချုပ်ဆိုင်ရာဥပဒေတွင် သဘောရိုးဖြင့် ဆောင်ရွက်ခြင်းနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ မူသဘောအခိုင်အမာရှိထားပြီး ယေဘုယျအားဖြင့် နိုင်ငံတကာဥပဒေ၏ အခြေခံအုတ်မြစ်တစ်ခု ဖြစ်ပါတယ်။ ကြားခံကိုယ်စားလှယ်နိုင်ငံကို အသုံးပြုခြင်းဖြင့် တရားရုံး၏စီရင်ပိုင်ခွင့်ကို ကန့်သတ်သည့် ဥပဒေပြဋ္ဌာန်းချက်များကို ကျော်လွှားရှောင်ရှားမည်ဆိုပါက ထိုဥပဒေပြဋ္ဌာန်းချက်များ၏ အကျိုးသက်ရောက်မှုမှာ အားနည်းသွားမှာဖြစ်ပါတယ်။

၅၀။ ရှေ့က မိမိပေးခဲ့သည့်ဥပမာအရ ဂျီနိုဆိုက်ကွန်ဗင်းရှင်း အဖွဲ့ဝင်မဟုတ်သည့်နိုင်ငံ "က" အပေါ် မည်သည့်အမှုမျှ စွဲတင်ခွင့်မရှိချိန်တွင် နိုင်ငံ "က" သည် နိုင်ငံ "ဂ" ကို ကိုယ်စားလှယ်အဖြစ်အသုံးချ၍ နိုင်ငံ "ခ" အပေါ် ကွန်ဗင်းရှင်းအရ အမှုစွဲနိုင်သလိုဖြစ်နေပါတယ်။ ဤသဘောသည် အပြန်အလှန်ပြုမူဆောင်ရွက်ခြင်းမူသဘောနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပါတယ်။ တရားရုံး၏စီရင်ပိုင်ခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များအား ယင်းတို့၏ ရည်ရွယ်ချက်အမှန်ကိုကြည့်၍ အဓိပ္ပာယ်ဖွင့်ဆိုမည်ဆိုပါက အထက်တွင်ဖော်ပြသည့် အမှုစွဲဆိုခြင်းနည်းကို ခွင့်ပြု၍ မရပါဘူး။

၅၁။ ဒါ့အပြင် လျှောက်ထားသူနိုင်ငံသည် အခြားသူအတွက် ဆောင်ရွက်ပေးခြင်း ဟုတ် မဟုတ်ဆိုသည့် ပြဿနာသည် လုပ်ထုံးလုပ်နည်းဆိုင်ရာပြဿနာမျှသာမဟုတ်ဘဲ အကြောင်းခြင်းရာ ပြဿနာ၊ အမှု၏ အဓိကအကြောင်းအရာနှင့် သက်ဆိုင်သည့် ပြဿနာဖြစ်ပါတယ်။ လျှောက်ထားသူသည် အမှန်တကယ် အခြားသူအတွက် ဆောင်ရွက်ခြင်းဖြစ်သည်မှန်လျှင် နိုင်ငံတကာဥပဒေ သို့မဟုတ် ပြည်တွင်းဥပဒေအရ ချုပ်ဆိုသည့် ကိုယ်စားပြုခွင့်ဆိုင်ရာ သဘောတူညီချက်ကဲ့သို့သော ကြားခံကိုယ်စားပြုသည့် နိုင်ငံနှင့် အမှန်စွဲဆိုသူနိုင်ငံတို့အကြား ဥပဒေကြောင်းအရ စည်းနှောင်မှုရှိသည့် ဆက်နွယ်မှု ရှိ မရှိ သို့မဟုတ် အမှန်စွဲဆိုသူက ကိုယ်စားပြုဆောင်ရွက်သူကို အတင်းအကျပ်ဆောင်ရွက်စေရန် ဥပဒေအရလုပ်ပိုင်ခွင့် ရှိ မရှိ ကိစ္စမှာ အရေးပါသည့်ကိစ္စမဟုတ်ပါ။ ထိုအခြေအနေများရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မိမိရည်ညွှန်းဖော်ပြခဲ့သည့် မူသဘောတရားများ၏ သက်ရောက်မှုအတူတူပင် ဖြစ်ပါတယ်။ မည်သို့ဆိုစေကာမူ ယခုအမှု၌ ဂမ်ဘီယာနိုင်ငံအနေဖြင့် OIC ၏ အဖွဲ့အစည်းတစ်ခုအဖြစ် သို့မဟုတ် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်သည်ဟု ကောက်ချက်ချနိုင်သည့် အကြောင်းရင်းများရှိပါတယ်။

၅၂။ ထို့ပြင် လျှောက်ထားသူသည် အမှန်တကယ် အခြားသူအတွက် ဆောင်ရွက်ခြင်းဖြစ်သည်မှန်လျှင် အမှုကို ဆောင်ရွက်ရန် နည်းလမ်းနှင့်စပ်လျဉ်း၍ အမှန်တကယ်အမှုလျှောက်ထားသူက ၎င်း၏ကိုယ်စားလှယ်ကို ကိုယ်ပိုင်ချင့်ချိန်ဆုံးဖြတ်ပိုင်ခွင့်ပေးထားရုံမျှဖြင့် ကိုယ်စားပြုဆောင်ရွက်ပါသည်ဟူသော အချက်ကို ပြောင်းလဲပစ်နိုင်မည်မဟုတ်ပါ။

၅၃။ ကိုယ်တိုင်အမှုမစွဲဆိုနိုင်သည့် တတိယပုဂ္ဂိုလ်အဖွဲ့အစည်းအတွက် ကိုယ်စားလှယ်အဖြစ် အမှုစွဲဆိုပေးခြင်းအား အမှုဖြစ်စဉ်ကို အလွဲသုံးစားပြုခြင်းဟု မှတ်ယူနိုင်ပါတယ်။ အမှုစွဲဆိုခွင့် မရှိသူတစ်ဦးက တရားရုံးကို အသုံးပြုလာနိုင်ရေးအတွက် နိုင်ငံတစ်ခုက ၎င်း၏ အမှုစွဲဆိုခွင့်ကို အသုံးပြုသည့်ကိစ္စသည် လုပ်ထုံးလုပ်နည်းဆိုင်ရာ အခွင့်အရေးအပ်နှင်းခံရသည့် နိုင်ငံများနှင့် မသက်ဆိုင်သည့် ရည်ရွယ်ချက်အတွက် အသုံးပြုခြင်းမဟုတ်ပါဟု မည်သို့ ဆိုနိုင်ပါမည်နည်း။ ယင်းကို အမှုဖြစ်စဉ်အား အလွဲသုံးစားပြုခြင်းအဖြစ် မှတ်ယူသည်ဖြစ်စေ၊ မမှတ်ယူသည်ဖြစ်စေ အပြန်အလှန်ပြုမူဆောင်ရွက်ခြင်း၊ ရိုးဖြောင့်သောသဘောရှိခြင်းနှင့် စာချုပ်အကျိုးသက်ရောက်မှုဆိုင်ရာ သဘောတရားများသည် ထိုကဲ့သို့သော အလေ့အထတစ်ခု မည်သည့်အခြေအနေတွင်မဆို တားဆီးရမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌကြီးနှင့် ဂုဏ်သရေရှိတရားသူကြီးမင်းများ ခင်ဗျာ၊**

၅၄။ ဥပဒေကြောင်းကိစ္စနှင့်စပ်လျဉ်း၍ ဂမ်ဘီယာနိုင်ငံက မည်သို့ဆိုထားပါသလဲ။

၅၅။ ဂမ်ဘီယာနိုင်ငံအနေဖြင့် ယင်းပြဿနာနှင့်စပ်လျဉ်း၍ ရှင်းလင်းထားခြင်း မရှိပါ။

၅၆။ ၎င်းသည် အမှုလျှောက်ထားလွှာပါ လျှောက်ထားသူဖြစ်ကြောင်းနှင့် အမှုစွဲဆိုရန်အတွက် လိုအပ်သည့် စီရင်ပိုင်ခွင့်ဆိုင်ရာကိစ္စရပ်အားလုံး ပြီးပြည့်စုံကြောင်းသာပြောပါတယ်။ ထိုအချက်ကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံ၏ ပထမအကြိမ် ကန့်ကွက်လွှာကို ပိတ်ပင်ထားပြီး ဖြစ်သည်ဟုလည်း ဆိုထားပါတယ်။ မည်သို့ဖြစ်ကြောင်းကိုတော့ ရှင်းလင်းထားခြင်းမရှိပါဘူး။ ဂမ်ဘီယာနိုင်ငံအနေဖြင့် အမှုစွဲဆိုခွင့်မရှိသူ မည်သူမဆို ကိုယ်စားလှယ်မှ တစ်ဆင့် ဆောင်ရွက်နိုင်ခွင့် အမြဲရှိသည်ဟု ယူဆပုံရပါတယ်။ ထိုသို့ဆိုလျှင် ဂမ်ဘီယာနိုင်ငံ၏ပြောဆိုချက်ကို ငြင်းချက်ထုတ်ရန်မလိုသလို မြန်မာနိုင်ငံ၏ ငြင်းချက်ကို ချေပရန်မလိုသကဲ့သို့ ဖြစ်စေပါတယ်။

၅၇။ ဂမ်ဘီယာနိုင်ငံက လျှောက်လွှာတွင် ၎င်း၏ကိုယ်စားလှယ်သည် ဂမ်ဘီယာနိုင်ငံ အမည်ဖြင့် သို့မဟုတ် ဂမ်ဘီယာနိုင်ငံကိုယ်စား ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်ဟု ဆိုပါတယ်။ သို့ရာတွင် အဆိုပါကိုယ်စားလှယ်သည် ဂမ်ဘီယာနိုင်ငံအတွက် ဆောင်ရွက်ခြင်းမှန်လျှင်ပင် ယင်းဖော်ပြချက်သည် ဂမ်ဘီယာနိုင်ငံအနေဖြင့် OIC အဖွဲ့အစည်းကိုယ်စား ဆောင်ရွက်နေခြင်းဟုတ် မဟုတ်ဟူသော ပြဿနာကို ပြေလည်စေနိုင်မည်မဟုတ်ပါ။

၅၈။ နိုင်ငံတစ်နိုင်ငံ၏ အမှုစွဲဆိုရန် အရင်းခံအကြောင်းများသည် စီရင်ပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များနှင့် ဆက်စပ်မှုမရှိဟူသော သဘောတရားကို ဂမ်ဘီယာနိုင်ငံက ညွှန်းဆိုထားပါတယ်။ အမှန်အားဖြင့် ဖော်ပြပါသဘောတရားများနှင့် အကျုံးဝင်သည့် ယခင်အမှုများတွင် လက်ရှိ မိမိတို့ပြောနေသည့် ပြဿနာမျိုး မရှိပါ။ ယခုကိစ္စမှာ စီရင်ပိုင်ခွင့်နှင့်အမှုလက်ခံနိုင်ခွင့်ကို အဆုံးအဖြတ်ပေးရန်အတွက် မည်သူ့အား အစစ်အမှန် လျှောက်ထားသူဟု မှတ်ယူရမည်ကို ရှင်းလင်းစေရန်ဖြစ်ပါတယ်။ မည်သူ၏ တိုက်တွန်းမှုကြောင့် သို့မဟုတ် မည်သူ့အတွက်ကြောင့် ပြုလုပ်သည်နှင့် သက်ဆိုင်ခြင်းမရှိပါ။

၅၉။ ထို့ပြင် ဂမ်ဘီယာနိုင်ငံက ၎င်းနှင့် မြန်မာနိုင်ငံအကြား အမှုစွဲတင်သည့်အချိန်က အငြင်းပွားမှုရှိကြောင်း ပြောထားပါတယ်။ ထိုအချက်ကို မြန်မာနိုင်ငံ၏ ပဉ္စမကန့်ကွက်လွှာ စတုတ္ထအချက်တွင် တင်ပြမည်ဖြစ်ပါတယ်။ သို့ရာတွင် မည်သည့်အဆင့်တွင်မဆို လျှောက်ထားသူသည် အခြားတတိယပုဂ္ဂိုလ်အဖွဲ့အစည်း၏ ကိုယ်စားလှယ်အဖြစ်စွဲဆိုခြင်းဖြစ်ကြောင်း ပေါ်ပေါက်သည့်အခါ အဆိုပါကိုယ်စားလှယ်နှင့် လျှောက်ထားခံရသူအကြား ဖြစ်ပွားသည့် အငြင်းပွားမှု ရှိ မရှိ ကိစ္စများတွင် အပြန်အလှန်ပြုမူဆောင်ရွက်ခြင်း၊ သဘောရိုးဖြင့် ဆောင်ရွက်ခြင်းနှင့် အကျိုးသက်ရောက်မှုရှိခြင်းဆိုင်ရာမူသဘောများသည် အလားတူ ရှိမြဲရှိနေမည်ဖြစ်ပါတယ်။

**နိဂုံး**

**ဥက္ကဋ္ဌကြီးနှင့် ဂုဏ်သရေရှိတရားသူကြီးမင်းများ ခင်ဗျာ၊**

၆၀။ ပဉ္စမကန့်ကွက်လွှာ ပထမအချက်အပေါ် မိမိ၏ တင်ပြချက်ကို ဤမျှဖြင့် အဆုံးသတ်လိုပါတယ်။ မြန်မာနိုင်ငံအနေဖြင့် ဆက်စပ်အကြောင်းခြင်းရာများ ရှင်းရှင်းလင်းလင်းရှိကြောင်း ဆိုထားပြီးဖြစ်ပါတယ်။ ဥပဒေအရဆိုလျှင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတစ်ခုက တရားရုံးသို့ အမှုစွဲဆိုရန်အလို့ငှာ နိုင်ငံတစ်နိုင်ငံကို အမှုလျှောက်ထားသူကိုယ်စားလှယ်အဖြစ် အသုံးပြုရန် မဖြစ်နိုင်ပါ။ အဆိုပါအချက်ကို ဂမ်ဘီယာနိုင်ငံဘက်မှ ကြီးကြီးမားမား တုံ့ပြန်ထားခြင်းမရှိပါ။ ဤအမှုသည် ဖော်ပြပါပြဿနာမျိုးပေါ်ပေါက်သည့် ပထမဆုံးအမှုဖြစ်နိုင်ပါတယ်။ သို့ရာတွင် တရားရုံး၏ ဆုံးဖြတ်ချက်အပေါ် မူတည်ပြီး ကျန်အမှုသည် နောက်ဆုံးကိစ္စဖြစ်ကောင်းမှ ဖြစ်ပါလိမ့်မည်။ ဤအမှုက အရေးပါသည့်စီရင်ထုံးတစ်ခုကို ဖြစ်ပေါ်စေမည်ဖြစ်ပါတယ်။

၆၁။ စိတ်ပါဝင်စားစွာ နားထောင်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါတယ်။ ဥက္ကဋ္ဌခင်ဗျာ၊ ဆက်လက်၍ ပဉ္စမကန့်ကွက်လွှာ ဒုတိယအချက်ကို တင်ပြပေးဖို့ မြန်မာနိုင်ငံ၏ ရှေ့နေ Professor Talmon ကို လျှောက်လဲခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

*************



# ပန်ဆောင်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ကွင်းဆင်းထိုးနှံပေး

**ပန်ဆောင်  ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပန်ဆောင်မြို့အတွင်းရှိ ကျေးရွာအုပ်စုများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ်တစ်ခါမျှ မထိုးနှံရသေးသည့် ကျေးလက်နေပြည်သူများအား ကျေးရွာအုပ်စုများအရောက် မြို့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများပူးပေါင်း၍ ယနေ့နံနက်က ကွင်းဆင်းထိုးနှံပေးသည်။

ယင်းသို့ကာကွယ်ဆေးထိုးနှံပေးရာတွင် မြို့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများပူးပေါင်း၍ နောင်ယန်းကျေးရွာအုပ်စုအတွင်းရှိ ခမ္မတိုင်ကျေးရွာများမှ ပြည်သူ ၅၀ တို့ကို လည်းကောင်း၊ တကိုင်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ပြည်သူ ၆၄ ဦးတို့ကို လည်းကောင်း၊ ကျဲသရောက်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ပြည်သူ ၃၇ ဦးတို့ကို လည်းကောင်း စုစုပေါင်း ပြည်သူ ၁၅၁ ဦးတို့ကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ကျေးရွာများအရောက် ကွင်းဆင်းထိုးနှံပေးခဲ့ကြောင်း သိရသည်။

ဂျာယော်(ပန်ဆောင်)

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တရုတ်နိုင်ငံ South China Morning Post သတင်းဌာန၊ ဂျပန်နိုင်ငံ Nikkei Asian News၊ Kyodo News၊ TBS နှင့် Asahi Shinbon သတင်းဌာနများမှ သတင်းထောက်များ၏ မေးမြန်းမှုများဖြေကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၃

**ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် တရုတ်နိုင်ငံ South China Morning Post သတင်းဌာန၊ ဂျပန်နိုင်ငံ Nikkei Asian News၊ Kyodo News၊ TBS နှင့် Asahi Shinbon သတင်းဌာနများမှ သတင်းထောက်များအား ယနေ့ မွန်းလွဲပိုင်းတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် တွေ့ဆုံပြီး မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အဖွင့်မိတ်ဆက်စကား ပြောကြားရာတွင် ယခုလို ထပ်မံဆုံတွေ့ခွင့်ရသည့်အတွက် အထူးပင် ဝမ်းမြောက်မိပါကြောင်း၊ အခါအခွင့်သင့်၍ မြန်မာနိုင်ငံနှင့် ပတ်သက်သည့် သိသင့်သိထိုက်သည်များကို ပြောကြားလိုပါကြောင်း၊ ယခုလို ဆွေးနွေးပြောကြားချက်များကို နိုင်ငံတကာသို့ သတင်းစကားပါးပေးရန်နှင့် မြန်မာနိုင်ငံနှင့် ပတ်သက်သည့် သတင်းမှားများ၊ တစ်ဖက်သတ်စွပ်စွဲချက်များကို ရှင်းလင်းဖော်ပြပေးရန် အထူးပင် မေတ္တာရပ်ခံလိုပါကြောင်း။

ယခုဆိုလျှင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့သည်မှာ တစ်နှစ်ပြည့်ခဲ့ပြီ ဖြစ်ပါကြောင်း၊ တစ်နှစ်တာကာလအတွင်း မိမိတို့ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများကို ပြန်ကြည့်လျှင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ဦးထိပ်ထားပြီး လုပ်သင့်လုပ်ထိုက်၊ ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည်များကို မနားမနေဆောင်ရွက်ခဲ့သည်ကို သိမြင်နိုင်မည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် အမျိုးသားနိုင်ငံရေး လုပ်ငန်းစဉ်နှစ်ခုဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာဖူလုံစေရေးကိစ္စများကို ဇောင်းပေးဆောင်ရွက်ပေးခဲ့ပြီး နိုင်ငံရေးလုပ်ငန်းစဉ်နှစ်ခုဖြစ်သည့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုသည့် လုပ်ငန်းစဉ်များကိုလည်း တစိုက်မတ်မတ် ဆောင်ရွက်ပေးခဲ့သည်ကို တွေ့မြင်နိုင်မည်ဖြစ်ပါကြောင်း။

ယင်းလုပ်ငန်းတာဝန်များကို ထမ်းဆောင်သည့်အခါ မသမာသူအကြမ်းဖက်သမားများ၏ ဟန့်တားနှောင့်ယှက်မှုအမျိုးမျိုးကို ကြုံတွေ့ခဲ့ကြသော်လည်း ပြည်သူအများ၏ လက်ခံယုံကြည်မှု၊ အားပေးကူညီမှုများ ရရှိခဲ့သည့်အတွက် အထိုက်အလျောက် အောင်မြင်မှုရှိသည်ဟု ဆိုနိုင်ပါကြောင်း။

ထပ်မံ၍ ပြောကြားလိုသည့်အချက်မှာ မကြာသေးခင်က ကျင်းပပြီးစီးခဲ့သည့် မိမိတို့နိုင်ငံ၏ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားကြီး ကျင်းပပြီးစီးမှုပင် ဖြစ်ပါကြောင်း၊ ယင်းအခမ်းအနားကြီးကို ကျောင်းသူကျောင်းသားများ၊ နိုင်ငံ့ဝန်ထမ်းများ၊ တမ်မတော်သားများ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက စိတ်အားတက်ကြွစွာပါဝင်ဆင်နွှဲခဲ့ကြပြီး နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည့်အတွက် မြန်မာနိုင်ငံတွင် ကျင်းပသည့် အခမ်းအနားများထဲမှ အနှစ်သာရအပြည့်ဝဆုံးနှင့် အခမ်းနားဆုံးအဖြစ် ပြည်သူအားလုံးက မှတ်တမ်းတင်ဂုဏ်ပြုခဲ့ကြပါကြောင်း။

ယခုကဲ့သို့ အခမ်းအနားကြီးကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခြင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူ၊ ဆရာဆရာမများအားလုံးက နားလည်ယုံကြည်မှု၊ စည်းလုံးညီညွတ်မှုနှင့် အတူတကွတည်ရှိနေသည်ကို ပြသနိုင်ခဲ့သည်ဟု ပြောကြားလိုပါကြောင်း။

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေးအတွက် ထာဝရငြိမ်းချမ်းရေးရရှိရေးသည် အလွန်အရေးကြီးသည်ဟု မိမိတို့ခံယူထားပါကြောင်း၊ ယနေ့အချိန်တွင် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် အဖွဲ့အစည်းများမှအပ NCA လက်မှတ်ရေးထိုးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုပါ ထာဝရငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ထားပါကြောင်း၊ ထိုသို့ ဖိတ်ခေါ်သည့်အခါ ထူးခြားချက်အနေဖြင့် ဆွေးနွေးမည့် အကြောင်းအရာများကို ကြိုတင်ကန့်သတ်ချက်မထားဘဲ တတ်နိုင်သမျှ လွတ်လွတ်လပ်လပ်နီးနှောဖလှယ်ရန် ရည်ရွယ်ချက်ထားရှိပြီး ဖိတ်ခေါ်ထားခြင်း ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့်ပြောရလျှင် ငြိမ်းချမ်းရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ်အဖြစ် ယခုနှစ်မှစ၍ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်စတင်မည်ဖြစ်ကြောင်းကို အသိပေးပြောကြားလိုပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ကို ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအနေဖြင့် အမျိုးသားရေးလုပ်ငန်းစဉ် နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာဖူလုံရေးလုပ်ငန်းစဉ်၊ နိုင်ငံရေးလုပ်ငန်းစဉ်နှစ်ရပ်ဖြစ်သည့် စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုသည့် လုပ်ငန်းစဉ်နှင့် ငြိမ်းချမ်းရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး လုပ်ငန်းစဉ်များကို ယခုနှစ်မှစပြီး ပြည်သူများနှင့်အတူ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တရုတ်နိုင်ငံ South China Morning Post သတင်းဌာန၏ တိုက်ပွဲများဖြစ်ပွားနေသည့် ရခိုင်၊ ချင်းနှင့် ကယားပြည်နယ်တို့ကဲ့သို့သော နိုင်ငံ၏အစွန်အဖျားဒေသများ၌ ထိန်းချုပ်မှု/ စိုးမိုးမှု ဆုံးရှုံးနေပါသလားမေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက CRPH, NUG, PDF စသည့် အကြမ်းဖက် အဖွဲ့အစည်းများသည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အချို့ဒေသများတွင် အကြမ်းဖက်မှုလုပ်ရပ်များကို မကြာခဏလုပ်ဆောင်ပြီး လူမှုကွန်ရက်စာမျက်နှာများမှ တစ်ဆင့် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုမရှိကြောင်း ဝါဒဖြန့်ဆောင်ရွက်နေကြသည်ကို သတင်းထောက်ကြီးအသိပင် ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အကြမ်းဖက်ဥပဒေမဲ့ ရမ်းကားသည့် လုပ်ရပ်များကြောင့် ပြည်သူများသည် အသက်အိုးအိမ် စည်းစိမ်လုံခြုံမှုမရှိဘဲ စိုးရိမ်ကြောင့်ကြစွာ၊ စိတ်မချမ်းသာစွာ နေထိုင်နေကြရပြီး တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အစရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုရရှိစေရေးနှင့် တရားဥပဒေစိုးမိုးမှုရှိစေရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကို အချိန်ပြည့်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တရုတ်နိုင်ငံ South China Morning Post သတင်းဌာန၊ ဂျပန်နိုင်ငံ Nikkei Asian News၊ Kyodo News၊ TBS နှင့် Asahi Shinbon သတင်းဌာနများမှ သတင်းထောက်များ၏ အွန်လိုင်းမှတစ်ဆင့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လူမှုဘဝများ ပုံမှန်ရှင်သန်လည်ပတ်နိုင်အောင် လုံခြုံရေးရှုထောင့်က အလေးထားဆောင်ရွက်နေသောကြောင့် ထိန်းချုပ်နိုင်မှု၊ နိုင်ငံ့လုံခြုံရေးစိုးမိုးနိုင်မှု ဆုံးရှုံးခြင်းမျိုး မဖြစ်ပါကြောင်း၊ စိတ်ခံစားမှုကို ရှေ့တန်းတင်ပြီး တရားဥပဒေမဲ့ လူမဆန်သည့်လုပ်ရပ်များအတွက် အချိန်တိုအတွင်း ဥပဒေဘောင်အတွင်းက လူ့အခွင့်အရေးဆုံးရှုံးမှုမရှိစေရေး အလေးထားဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံလုံခြုံရေးနှင့် တည်ငြိမ်ရေးကို ရာနှုန်းပြည့်ထိန်းချုပ်ထားနိုင်သည်ဟု ဖြေကြားလိုပါကြောင်း၊ နယ်စပ်ဒေသများတွင် CRPH, NUG, PDF တို့၏ လက်နက်ပြခြိမ်းခြောက်မှုများကို တပ်မတော်က ရှင်းလင်းဆောင်ရွက်ပေးနေပြီး ပြည်သူလူထုကို အပြည့်အဝ ကာကွယ်စောင့်ရှောက်ပေးနေပါကြောင်း၊ ယခုကဲ့သို့ တရားမဲ့အနိုင်ကျင့်သတ်ဖြတ်မှုများကို ပြည်သူများက မခံမရပ်နိုင်ဖြစ်နေကြောင်း စာများရေးသားတင်ပြမှုများလည်းရှိနေပါကြောင်း၊ နိုင်ငံ၏ နေရာဒေသအားလုံးတွင် လုံခြုံတည်ငြိမ်ရေးကို လုံးဝထိန်းချုပ်ထားနိုင်ပြီး တိုင်းဒေသကြီး/ ပြည်နယ်များက ရပ်ကွက်/ကျေးရွာအုပ်စု ၁၆၃၇၀ တွင် အုပ်ချုပ်ရေးမှူး ၁၅၇၄၂ ဦး ခန့်အပ်ပြီးဖြစ်ပါကြောင်း၊ CRPH, NUG, PDF တို့၏ ခြိမ်းခြောက်မှုကြောင့် နုတ်ထွက်သွားသည့် ရပ်ကွက်/ ကျေးရွာအုပ်ချုပ်

*စာမျက်နှာ ၈ သို့*


တရုတ်နိုင်ငံ South China Morning Post သတင်းဌာနမှ သတင်းထောက်


ဂျပန်နိုင်ငံ Nikkei Asian News သတင်းဌာနမှ သတင်းထောက်


Kyodo News သတင်းဌာနမှ သတင်းထောက်


TBS သတင်းဌာနမှ သတင်းထောက်


Asahi Shinbon သတင်းဌာနမှ သတင်းထောက်

*စာမျက်နှာ ၇ မှ*

ရေးမှူး ၃၁၇၆ ဦးရှိခဲ့ရာ ၂၆၁၉ ဦး ပြန်လည်ခန့်အပ်ထားနိုင်ပြီဖြစ်ပြီး မြို့ရွာလုံခြုံရေးကို အပြည့်အဝဆောင်ရွက်နိုင်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် တပ်မတော်မှ အခြားဘက်သို့ ကူးပြောင်းခိုလှုံသွားသည့် သတင်းများ ရရှိထားသည့်အတွက် လူကြီးမင်းအနေဖြင့် မည်သို့တုံ့ပြန်ရှင်းလင်းပြောကြားလိုပါသလဲ မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ယင်းကိစ္စနှင့်စပ်လျဉ်း၍ တပ်မတော်သားများ အပြစ်ကျူးလွန်ခဲ့မည်ဆိုပါက တပ်မတော်သားများအတွက် ပြဋ္ဌာန်းထားသည့် တပ်မတော်၏ စည်းမျဉ်းစည်းကမ်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အလားတူ ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ဥပဒေကို ချိုးဖောက်ကျူးလွန်ဆောင်ရွက်ခဲ့မည်ဆိုပါက ရဲတပ်ဖွဲ့၏ စည်းမျဉ်းစည်းကမ်းဥပဒေများနှင့် အညီ အရေးယူသွားမည် ဖြစ်ပါကြောင်း၊ အင်တာနက်စာမျက်နှာပေါ်တွင် တွေ့မြင်နေရသည့်သတင်းများသည် ဥပဒေချိုးဖောက်ပြီး ၎င်းတို့၏အပြစ်ကို ဝန်ခံရန် သတ္တိမရှိသည့် သူရဲဘောကြောင်သော လောက်ကောင်တစ်ယောက်/နှစ်ယောက်၏ သတင်းများသာဖြစ်ပြီး ယင်းသတင်းများကို ပုံကြီးချဲ့ပြောဆို လွှင့်တင်နေကြခြင်း ဖြစ်ပါကြောင်း၊ ဥပဒေကို ချိုးဖောက်ပြီး အမှန်တရားကို ရင်ဆိုင်ဖြေရှင်းရန် ကြောက်ရွံ့သည့် လက်ချိုးရေ၍ရသည့် အရေအတွက် အနည်းငယ်သာ အကြောက်တရားနှင့် စည်းရုံးမှုကြောင့်သာ ပါသွားခြင်းမျိုး ဖြစ်ပါကြောင်း၊ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များမှာ နိုင်ငံတော်နှင့် ပြည်သူများအပေါ် ၁၀၀ ရာခိုင်နှုန်း အပြည့် သစ္စာစောင့်သိစွာ၊ တာဝန်ကျေစွာ အချိန်ပြည့်ထမ်းရွက်လျက်ရှိနေကြပါကြောင်း၊ တစ်နိုင်ငံလုံးတွင်ရှိသည့် နိုင်ငံ့ဝန်ထမ်းများသည် လက်ရှိနိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ တရားမျှတမှန်ကန်သည့် နိုင်ငံတော်စီမံခန့်ခွဲမှုအပေါ် ယုံကြည်လေးစား လက်ခံမှုကို (၇၅)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုအခမ်းအနားတွင် နိုင်ငံ့ဝန်ထမ်းများ ချီတက်မှုက သက်သေပြလျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် CRPH, NUG, PDF အဖွဲ့များကို အစ္စလာမ္မစ် အကြမ်းဖက်အဖွဲ့များနှင့် သဏ္ဌာန်တူသည့် အကြမ်းဖက်ဝါဒဖြင့် ချိတ်ဆက်နေသူများအဖြစ် မြန်မာပြည်သူများ၏ စိတ်တွင် ထင်ဟပ်စေရန် လူကြီးမင်းအနေဖြင့် ပြသသွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် အကျိုးဖြစ်ထွန်းစေပါသလား၊ လူကြီးမင်း၏သဘောထားမှာ မည်သို့ရှိပါသလဲ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ၎င်းအဖွဲ့များသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများကို ထိခိုက်ပျက်စီးစေခြင်း၊ လမ်းတံတားများကို ဖောက်ခွဲဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူလူထုအား စိုးရိမ်ထိတ်လန့်စေရေး မြို့ရွာများအား မီးရှို့ဖျက်ဆီးခြင်း၊ အကြောင်းမဲ့သတ်ဖြတ်ခြင်းစသည့် နိုင်ငံတကာတွင် အကြမ်းဖက်အဖွဲ့အစည်းများ ပြုလုပ်နေသည့် လုပ်ရပ်များကဲ့သို့ အပြစ်မဲ့သည့် မိမိနိုင်ငံသားများကို လုပ်ဆောင်နေကြသောကြောင့် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ကြေညာခဲ့ရပါကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စများကို ဥပဒေဘောင်အတွင်းမှ တရားနည်းလမ်းကျစွာ ဖြေရှင်းဆောင်ရွက်ခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ အဓိကအခြေခံ အကြောင်းတရားဖြစ်ပါကြောင်း၊ တရားဥပဒေမဲ့ လူသတ်၊ မီးရှို့၊ ဖျက်ဆီး၊ မိုင်းထောင်၊ ဖောက်ခွဲ၊ ငါနှင့်မတူငါ့ရန်သူဆိုပြီး ဒလန်ဟုစွပ်စွဲမှုများသည် အကြမ်းဖက်ဝါဒစစ်စစ် ဖြစ်သည့်အတွက် ယင်းဝါဒကို လက်ကိုင်ပြု ဥပဒေပြင်ပလုပ်ဆောင်မှုမှန်သမျှကို မည်သည့်နိုင်ငံ၊ မည်သည့်အစိုးရကမျှ လက်ခံခွင့်လွှတ်နိုင်မည်မဟုတ်ပါကြောင်း၊ ထို့ကြောင့် CRPH, NUG, PDF အဖွဲ့များသည် လူမဆန်သည့် အကြမ်းဖက်အဖွဲ့များ ဖြစ်သည်ဟု အတိအကျအခိုင်မာ ပြောလိုပါကြောင်း။

အကြမ်းဖက်သမားများ၏လုပ်ဆောင်မှုကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်အထိ တစ်နိုင်ငံလုံး ပျက်စီးဆုံးရှုံးမှု၊ သေဆုံး/ဒဏ်ရာရရှိမှု၊ သိမ်းဆည်းရရှိမှုနှင့် ဖမ်းဆီးရရှိမှုစာရင်းများမှာ လမ်း/တံတားများဖျက်ဆီးခံရမှု ၅၂၅ ခု၊ ဆေးရုံ၊ ဆေးခန်းများဖျက်ဆီးခံရမှု ၂၇ ခု၊ စာသင်ကျောင်း၊ ပညာရေးအဆောက်အဦများ ဖျက်ဆီးခံရမှု ၅၀၄ ခု၊ ရဟန်းသံဃာများ သေဆုံးမှု ၂၀၊ အစိုးရဝန်ထမ်းများ သေဆုံးမှု ၉၅ ဦး၊ အစိုးရဝန်ထမ်းများ ဒဏ်ရာရရှိမှု ၁၅၃ ဦး၊ တစ်နှစ်တာအတွင်း အကြမ်းဖက်မှု ၉၄၃၇ မှု၊ လက်နက်မျိုးစုံ သိမ်းဆည်းရရှိမှု ၅၆၀၆ ခု၊ ခဲယမ်းမျိုးစုံ သိမ်းဆည်းရရှိမှု ၁၆၁၅၅၆ ခု၊ လက်ပစ်ဗုံးများသိမ်းဆည်းရရှိမှု ၁၈၉၀၊ လက်လုပ်မိုင်း/ဗုံးများသိမ်းဆည်းရရှိမှု ၁၁၄၂၄ ခု၊ အကြမ်းဖက်သမားများ ဖမ်းဆီးရရှိမှု ၄၃၃၈ ဦးဖြစ်ပါကြောင်း၊ CRPH, NUG, PDF အကြမ်းဖက်အဖွဲ့များသည် ငါနှင့်မတူငါ့ရန်သူဟု သဘောထားသတ်မှတ်ပြီး အပြစ်မဲ့ပြည်သူများကို ဒလန်စွပ်စွဲ သတ်ဖြတ်နေကြပြီး ဘုန်းတော်ကြီး ရဟန်းသံဃာများကိုပါ ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ပြပြီး ပြည်သူများကို အကြောက်တရားနှင့် ခြိမ်းခြောက်ကာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို တရားဥပဒေမဲ့ကျူးလွန်ဖောက်ဖျက်နေသူများ ဖြစ်သည်ဟု ဖြေကြားသည်။

ဆက်လက်၍ ဂျပန်သတင်းဌာနဖြစ်သည့် Nikkei Asian News သတင်းဌာန၏ လာမည့်ရွေးကောက်ပွဲကို မည်သည့်နေ့တွင် ကျင်းပမည်ကို သိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ် ပုဒ်မ ၄၁၇ အရ အရေးပေါ်အခြေအနေ ကြေညာ၍ နိုင်ငံတော်တာဝန်ကို ခေတ္တလွှဲပြောင်းယူခဲ့ခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်ထဲမှ ကတိကဝတ်များကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရှေ့လုပ်ငန်းစဉ် (၅)ရပ်တွင် နောက်ဆုံးအချက်ဖြစ်သည့် လုပ်ဆောင်ဖွယ်ရာများ လုပ်ဆောင်ပြီးပါက ရွေးကောက်ပွဲအသစ် ပြန်လည်ပြုလုပ်၍ အနိုင်ရရှိသည့်ပါတီအား အာဏာ ပြန်လည်လွှဲပြောင်းပေးမည်ဟု ပါရှိပါကြောင်း၊ နိုင်ငံတစ်ဝန်းတည်ငြိမ်အေးချမ်းမှုရလာသည့်အပေါ် (၂၀၀၈) ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၉ အရ အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးသွားမည်ဖြစ်ပါကြောင်း၊ အထွေထွေ ရွေးကောက်ပွဲ ကျင်းပပြီးသည့်အခါ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၈ အရ ဖွဲ့စည်းထားပြီး ယခုလက်ရှိ နိုင်ငံတာဝန်ကို ထမ်းဆောင်နေသည့် အဆင့်ဆင့်သော အာဏာပိုင်အဖွဲ့အစည်းများက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၀ အရ ဖွဲ့စည်းသည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများ ဖွဲ့စည်းပြီးသည်အထိ မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများကလည်း (၂၀၀၈) ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကဏ္ဍအလိုက် မိမိတို့ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်များကို စနစ်တကျ လွှဲပြောင်းပေးသွားမည် ဖြစ်ပါကြောင်း။

လက်ရှိအခြေအနေတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ အရ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်ကာလ နောက်ထပ် ၆ လ တိုးမြှင့်သွားမည် ဖြစ်ပါကြောင်း၊ အဆိုပါကာလအတွင်း နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ပြည်သူ့ဘဝလုံခြုံရေးနှင့် ငြိမ်းချမ်းရေးကိစ္စများကို အထူးဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းဆောင်ရွက်မှုသာ ပြည်သူများ၏ လိုလားချက်ဖြစ်သည့် "စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်" လမ်းကြောင်းမှန်ကို ပြန်လည်ရောက်ရှိလာမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် တပ်မတော်သည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးကို လက်တွေ့ကျစွာပြန်လည်တည်ဆောက်နိုင်နေပြီလား မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ငြိမ်းချမ်းရေး လုပ်ငန်းများကို အစိုးရအဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ထိရောက်စွာ ဆွေးနွေး ဆောင်ရွက်နိုင်ရန်အတွက် တပ်မတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီကို ယခင်က အဖွဲ့ဝင် ၄ ဦးဖြင့် ဖွဲ့စည်းထားရာမှ အဖွဲ့ဝင် ၇ ဦးအထိ တိုးချဲ့ဖွဲ့စည်းပေးခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ပြင်ဆင်ဖွဲ့စည်းလိုက်ခြင်းသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် ထာဝရငြိမ်းချမ်းရေးရရှိရေးသည် အလွန်အရေးကြီးကြောင်း တပ်မတော်အနေဖြင့် ခံယူထားမှုကို ပြသလိုက်ခြင်းဖြစ်ပါကြောင်း။

ထိုကဲ့သို့ ခံယူထားသည့်အတွက် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ထာဝရငြိမ်းချမ်းရေးအတွက် ကြေညာချက်အမှတ် ၁/ ၂၀၂၂ ထုတ်ပြန်ပြီး ဖိတ်ခေါ်ခဲ့ပါကြောင်း၊ ထိုသို့ဖိတ်ခေါ်သည့် ကြေညာချက်ကိုကြည့်လျှင် တပ်မတော်သည် ယခင်ဖိတ်ခေါ်ဆောင်ရွက်မှုများနှင့်မတူဘဲ ဆွေးနွေးရမည့် အကြောင်းအရာများကို ကြိုတင်ကန့်သတ်ချက်မထားဘဲ တတ်နိုင်သရွေ့ လွတ်လပ်စွာ ဆွေးနွေးဖလှယ်နိုင်ရန် ရည်ရွယ်ဖိတ်ခေါ်ထားသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

ယင်းကြေညာချက်နှင့်အတူ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ EAO များကို စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ရန် လေးစားစွာ ဖိတ်ခေါ်ခဲ့သည်ကိုလည်း တွေ့ရမည် ဖြစ်ပါကြောင်း၊ တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အတွက် ထုတ်ပြန်ချက်ပေါင်း အကြိမ် ၂၀ ခန့် ထုတ်ပြန်ရပ်စဲပေးခဲ့သည်ကို ကြည့်လျှင် တပ်မတော်အနေဖြင့် ထာဝရ ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားပြီး ငြိမ်းချမ်းရေးရရှိရန် လက်တွေ့ကျစွာ ဆောင်ရွက်နေသည်ကို တွေ့ရှိရမည် ဖြစ်ပါကြောင်း။

ထို့ပြင် ကျန်းမာရေးထက် အရေးကြီးသည့် အရာမရှိဟုခံယူထားသည့် အတွက် EAO များကို ကိုဗစ်-၁၉ ရောဂါ မကူးစက်စေရန်အတွက် ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများကို ဦးစားပေး အလေးထား စီစဉ်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထိုအရာများကို ခြုံငုံကြည့်မည်ဆိုလျှင် တပ်မတော်သည် တစ်နိုင်ငံလုံး ထာဝရ ငြိမ်းချမ်းရေးရရှိရေးအတွက် NCA သဘောတူညီချက်များနှင့်အညီ ဖြစ်နိုင်သမျှ လုပ်ဆောင်နေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် တစ်နိုင်ငံလုံးရေရှည်တည်တံ့ခိုင်မြဲသည့် ထာဝရငြိမ်းချမ်းရေးရရှိရေးသည် တပ်မတော်၏ အပြင်းပြဆုံးဆန္ဒဖြစ်သည်ဟု ပြောနိုင်ပါကြောင်း၊ ထို့ပြင် ၂၀၂၂ခုနှစ်တွင် ငြိမ်းချမ်းရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ၏ ဒေသတွင်း စီးပွားရေးမိတ်ဖက်အစီအစဉ်များကို သိလိုကြောင်း မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ကိုဗစ်ကာလအတွင်း နိုင်ငံခြားကုမ္ပဏီများမှာ ၎င်းတို့၏နိုင်ငံများကို ပြန်သွားကြကြောင်း၊ မြန်မာနိုင်ငံမှ ထွက်ခွာသွားခဲ့သည့် စီးပွားရေးလုပ်ငန်းရှင်များသည် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် မေလမှစ၍ ပြန်ဝင်လာခဲ့ကြသည်မှာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် Business visa ထောက်ခံဆောင်ရွက်ပေးပြီး Relief Flight များ ဆောင်ရွက်ပေးခဲ့သည့် ကုမ္ပဏီပေါင်း ၃၂၀၀ ကျော်ရှိပြီး နိုင်ငံခြားသားအရေအတွက်အားဖြင့် ၉၀၁၀ ရှိပါကြောင်း၊ ပြည်ပနိုင်ငံကြီးများ၏ ဖိအားပေးမှုကြောင့် ထွက်ခွာသွားသည့် ကုမ္ပဏီကြီးများရှိသကဲ့သို့ အသစ်ဝင်လာသည့် ကုမ္ပဏီများလည်း ရှိပါကြောင်း။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ရင်းနှီးမြှုပ်နှံမှု

*စာမျက်နှာ ၉ သို့*

❑ **တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ EAO များကို စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားသို့တက်ရောက်ရန် လေးစားစွာဖိတ်ခေါ်ခဲ့သည်ကိုလည်း တွေ့ရမည်ဖြစ်၊ တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်ပေါင်း အကြိမ် ၂၀ ခန့် ထုတ်ပြန်ရပ်စဲပေးခဲ့သည်ကိုကြည့်လျှင် တပ်မတော် အနေဖြင့် ထာဝရငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားပြီး ငြိမ်းချမ်းရေး ရရှိရန် လက်တွေ့ကျစွာ ဆောင်ရွက်နေသည်ကို တွေ့ရှိရမည်**

*စာမျက်နှာ ၈ မှ*

ကဏ္ဍ ၁၂ ခုတွင် လုပ်ငန်းပေါင်း ၄၄ ခု စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၈၂၃ ဒသမ ၀၁၅ သန်း ခွင့်ပြုပေးခဲ့ပါကြောင်း၊ ယင်းတို့အနက် လျှပ်စစ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၃၀၆၂ ဒသမ ၁၃၈ သန်းဖြင့် ပထမ၊ အခြားဝန်ဆောင်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၃၇ ဒသမ ၅၆၄ သန်းဖြင့် ဒုတိယ၊ စက်မှုကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၁၉၉ ဒသမ ၈၉၄ သန်းဖြင့် တတိယအများဆုံး ရင်းနှီးမြှုပ်နှံထားပါကြောင်း။

နိုင်ငံအလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (By Country)ကို ကြည့်လျှင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ နိုင်ငံပေါင်း ၁၄ ခုမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်း ပမာဏ အမေရိကန်ဒေါ်လာ ၃၈၂၃ ဒသမ ၀၁၅ သန်း ဝင်ရောက်ခဲ့ပါကြောင်း၊ ယင်းတို့အနက် ယူနိုက်တက်ကင်းဒမ်းနိုင်ငံက ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၅၀၄ ဒသမ ၄၃၅ သန်းဖြင့် ပထမ၊ ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၅၁၆ ဒသမ ၄၂၉ သန်းဖြင့် ဒုတိယ၊ စင်ကာပူနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၄၄၂ ဒသမ ၂၀၂ သန်းဖြင့် တတိယအများဆုံး ရင်းနှီးမြှုပ်နှံထားပါကြောင်း။

လက်ရှိအခြေအနေတွင် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ကျဆင်းနေသည်ကို ပြန်တက်လာရန်အတွက် ရင်းနှီးမြှုပ်နှံသူများ လက်ရှိကြုံတွေ့နေရသည့် အခွန်အခများကို ဖြေရှင်းပေးနိုင်ရန် ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ရင်းနှီးမြှုပ်နှံသူများ ဘဏ်မှ လွယ်ကူလျင်မြန်စွာ ငွေထုတ်ယူနိုင်ရေး ကူညီဆောင်ရွက်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံသူများ ကယ်ဆယ်ရေးလေယာဉ်ဖြင့် လိုက်ပါနိုင်ရေးအတွက် လိုအပ်သောထောက်ခံချက်များ ဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်ပေးနေသကဲ့သို့ ရင်းနှီးမြှုပ်နှံသူများ၏ အခက်အခဲကို ပိုမိုထိရောက်စွာ ဖြေရှင်းပေးနိုင်ရန်တွက် DICA Online Solution – DOSo စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မကြာခင် အများပြည်သူများ လွယ်ကူလျင်မြန်စွာ အသုံးပြုနိုင်တော့မည်ဖြစ်ပါကြောင်း၊ ထို့အပြင် ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်ပေးသည့် လုပ်ငန်းစဉ်များကို ရိုးရှင်းလွယ်ကူစေရန်နှင့် အချိန်ကုန်သက်သာစေရန်အတွက် ဒစ်ဂျစ်တယ်နည်းလမ်းပေါ်သို့ ခေါ်ဆောင်သွားသည့် Investment Monitoring Software Phase 1 ကို ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း။

ရင်းနှီးမြှုပ်နှံသူများ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာစေရေးအတွက် Investor Targeting Campaign ကို စီစဉ်ဆောင်ရွက်နေပါကြောင်း၊ အစီအစဉ်အရ တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံ အပါအဝင် အခြား မိမိတို့မိတ်ဆွေသင့်လျော်သည့်နိုင်ငံများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဆွဲဆောင်စည်းရုံးသွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် နိုင်ငံတကာက ကုမ္ပဏီများ ပြန်လည်ဝင်ရောက်ရင်းနှီးမြှုပ်နှံလာရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ဘက်ပေါင်းစုံမှ စဉ်းစားဆောင်ရွက်လျက်ရှိပါကြောင်း၊ အဓိကအနေဖြင့် ရင်းနှီးမြှုပ်နှံသူများအတွက် ခိုင်မာသည့် အာမခံချက်နှင့် စီးပွားရေးအကျိုးရလဒ်များအတွက် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ အကာအကွယ်ပေးထားပါကြောင်း၊ ယခုဆိုလျှင် မြန်မာ့စီးပွားရေးပြန်လည်ဦးမော့စေရေးစီမံချက် Myanmar Economic Recovery Plan (MERP) ကို စည်းကမ်းစနစ်တကျဖြင့် ရေးဆွဲထားပြီး အမြန်ဆုံးအကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ထိုစီမံချက်တွင် လုပ်ငန်းအစီအစဉ် ၁၀ ခု၊ မျှော်မှန်းချက် ၃၀၊ ရလဒ် ၁၆၅ ခုနှင့် လုပ်ငန်းစဉ်ပေါင်း ၄၃၀ ပါဝင်ပါကြောင်း၊ စီမံချက်သည် ကာလတို၊ ကာလလတ်စီမံချက်ဖြစ်သော်လည်း အချို့လုပ်ငန်းစဉ်များကို ကာလရှည်ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယင်းစီမံချက်ထဲတွင် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံလိုသူများအတွက် နံပါတ်တစ် အာမခံချက်၊ နံပါတ်နှစ် နိုင်ငံတကာမှ စီးပွားရေးစံသတ်မှတ်ချက်၊ နံပါတ်သုံး လုံခြုံရေး၊ နံပါတ်လေး လိုအပ်လာပါက အခြားသော ဖြေလျှော့မှုများကို အဓိကထားဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့် ပြင်ပကမ္ဘာမှ မဟုတ်မမှန် လုပ်ကြံချဲ့ကားသတင်းများကို မယုံကြည်ကြဘဲ စိတ်ချလက်ချ ရဲရဲတင်းတင်း မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံကြပါရန် အလေးအနက် ဖိတ်ခေါ်လိုပါကြောင်း ဖြေကြားသည်။

ထို့နောက် ဂျပန်သတင်းဌာန Kyodo News ၏ ICJ ကြားနာမှုနှင့် ပတ်သက်၍ ဂမ်ဘီယာနိုင်ငံ၏ စွပ်စွဲမှုများကို မည်သို့ ချေပကိုင်တွယ်သွားမည်လဲ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံကို ဂမ်ဘီယာနိုင်ငံက အပြည်ပြည်ဆိုင်ရာတရားရုံး ICJ ၌ ၁၉၄၈ ခုနှစ်၊ လူမျိုးသုဉ်းစေမှုကို တားဆီးရန်နှင့် ပြစ်ဒဏ်ပေးရန် နိုင်ငံတကာသဘောတူစာချုပ် (Convention on the Prevention and Punishment of Crime of Genocide) ကို ကျူးလွန်ဖောက်ဖျက်သည်ဟု စွပ်စွဲချက်ဖြင့် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာ ၁၁ ရက်တွင် တရားစွဲဆိုခဲ့ပါကြောင်း၊ ဂမ်ဘီယာနိုင်ငံက တရားစွဲဆိုထားခြင်းနှင့် ပတ်သက်၍ တရားရုံးတွင် စီရင်ခွင့်မရှိကြောင်း၊ ဂမ်ဘီယာနိုင်ငံအနေဖြင့်လည်း တရားစွဲဆိုခွင့်မရှိကြောင်း၊ ကနဦးကန့်ကွက်လွှာကို မြန်မာနိုင်ငံက အပြည်ပြည်ဆိုင်ရာတရားရုံးသို့ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် တင်သွင်းခဲ့ပါကြောင်း၊ မြန်မာနိုင်ငံက တင်သွင်းခဲ့သော ကနဦးကန့်ကွက်လွှာနှင့် ပတ်သက်သည့် ကြားနာမှုကို နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့တွင် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၈ ရက်အထိ ပြုလုပ်လျက်ရှိပါကြောင်း၊ အဆိုပါ ကနဦးကန့်ကွက်လွှာဆိုင်ရာ ကြားနာပွဲတွင် မြန်မာနိုင်ငံ၏ ပထမအကြိမ်နှုတ်ဖြင့်လျှောက်လဲမှုကို ဖေဖော်ဝါရီ ၂၁ ရက်တွင် ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ ကိုယ်စားလှယ် (Agent) ဖြစ်သူ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့်အတူ ပူးတွဲကိုယ်စားလှယ် (Alternate Agent) ဖြစ်သူ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးတို့ ပါဝင်တက်ရောက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က အဖွင့်မိန့်ခွန်းပြောကြားခဲ့ပါကြောင်း၊ ထို့နောက် မြန်မာနိုင်ငံကိုယ်စားပြု နိုင်ငံတကာရှေ့နေများက မြန်မာနိုင်ငံမှ တင်သွင်းခဲ့သည့် ကနဦးကန့်ကွက်ချက်များနှင့် ပတ်သက်၍ တရားရုံးသို့ တင်ပြလျှောက်လဲခဲ့ကြပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ဒုတိယအကြိမ် နှုတ်ဖြင့်လျှောက်လဲမှုကို ဖေဖော်ဝါရီ ၂၅ ရက်တွင်လည်းကောင်း၊ ဂမ်ဘီယာနိုင်ငံ၏ ပထမအကြိမ်နှုတ်ဖြင့်လျှောက်လဲမှုကို ဖေဖော်ဝါရီ ၂၈ ရက်တွင်လည်းကောင်း ပြုလုပ်သွားကြမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ ဂျပန်သတင်းဌာန Asahi Shinbon ၏ NUG သည် ရိုဟင်ဂျာများကို နိုင်ငံသားအဖြစ် အသိအမှတ်ပြုမည်ဖြစ်ကြောင်း ကြေညာထားသည်ကိုသိရှိရကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောထားမှာ ရိုဟင်ဂျာများ နိုင်ငံသားအဖြစ် အသိအမှတ်ပြုရေးကိစ္စတွင် မည်သို့ရှိသည်ကို သိရှိလိုကြောင်း မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ မှတ်တမ်းများအရ လည်းကောင်း၊ မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီ အင်္ဂလိပ်အစိုးရလက်ထက် ကောက်ယူသည့် တိုင်းရင်းသားများနှင့် မျိုးနွယ်စုများစာရင်းတွင် လည်းကောင်း၊ ၁၈၈၁ ခုနှစ်၊ ၁၈၉၁ ခုနှစ်၊ ၁၉၂၁ ခုနှစ်နှင့် ၁၉၃၁ ခုနှစ် လူဦးရေသန်းခေါင်စာရင်းများတွင်လည်းကောင်း၊ လွတ်လပ်ရေးရပြီး ကောက်ယူသည့် ၁၉၅၃–၁၉၅၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း (ပထမအဆင့်)၊ ၁၉၇၃ ခုနှစ် လူဦးရေသန်းခေါင်စာရင်း၊ ၁၉၈၃ ခုနှစ်လူဦးရေသန်းခေါင်စာရင်းနှင့် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတို့တွင် လည်းကောင်း ရိုဟင်ဂျာဟူသည့် အမည်ပါဝင်ခဲ့ခြင်း မရှိကြောင်း၊ နယ်ချဲ့ဗြိတိသျှကိုလိုနီခေတ် သန်းခေါင်စာရင်းတွင် ပါဝင်ခဲ့ခြင်းမရှိသည့်အပြင် ဗြိတိသျှခေတ် (Gazette) များ၌လည်း ပါဝင်ခဲ့ခြင်းမရှိခဲ့ကြောင်း။

**◆ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ မှတ်တမ်းများအရ လည်းကောင်း၊ မြန်မာနိုင်ငံလွတ်လပ်ရေးမရမီ အင်္ဂလိပ်အစိုးရလက်ထက် ကောက်ယူသည့် တိုင်းရင်းသားများနှင့် မျိုးနွယ်စုများစာရင်းတွင် လည်းကောင်း၊ ၁၈၈၁ ခုနှစ်၊ ၁၈၉၁ ခုနှစ်၊ ၁၉၂၁ ခုနှစ်နှင့် ၁၉၃၁ ခုနှစ် လူဦးရေသန်းခေါင်စာရင်းများတွင်လည်းကောင်း၊ လွတ်လပ်ရေးရပြီး ကောက်ယူသည့် ၁၉၅၃-၁၉၅၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း (ပထမအဆင့်)၊ ၁၉၇၃ ခုနှစ် လူဦးရေသန်းခေါင်စာရင်း၊ ၁၉၈၃ ခုနှစ် လူဦးရေသန်းခေါင်စာရင်းနှင့် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတို့တွင် လည်းကောင်း ရိုဟင်ဂျာဟူသည့် အမည်ပါဝင်ခဲ့ခြင်းမရှိ၊ နယ်ချဲ့ဗြိတိသျှကိုလိုနီခေတ် သန်းခေါင်စာရင်းတွင် ပါဝင်ခဲ့ခြင်းမရှိသည့်အပြင် ဗြိတိသျှခေတ် (Gazette) များ၌လည်း ပါဝင်ခဲ့ခြင်းမရှိ**

တစ်ဖက်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လိုသူ ဘင်္ဂါလီလူမျိုးများသည် ၎င်းတို့မှာ ဘင်္ဂါလီလူမျိုးများ မဟုတ်ကြောင်း ရိုဟင်ဂျာလူမျိုးအဖြစ်သာ အသိအမှတ်ပြုရန် အတင်းအကျပ်တောင်းဆိုနေခြင်း ဖြစ်ပါကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ တိုင်းရင်းသားများအား မွေးရာပါနိုင်ငံသားများအဖြစ်လည်းကောင်း၊ တိုင်းရင်းသားမဟုတ်သူများအား ဥပဒေအရ နိုင်ငံသားအဖြစ် လည်းကောင်း၊ လူမျိုး၊ ဘာသာ၊ ယောကျ်ား၊ မိန်းမမရွေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဥပဒေအရ နိုင်ငံသားအဖြစ် နိုင်ငံသားလျှောက်ထားသူများအနက် မည်သည့်လက်မှတ်မျှကိုင်ဆောင်ခြင်းမရှိသူများသည် နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံလက်မှတ် (NV Card) ကို ထုတ်ပေးလျက်ရှိပြီး (NV Card) ကိုင်ဆောင်ထားသူများသည် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူအဖြစ် အဆုံးအဖြတ်ခံ လျှောက်ထားခွင့်ရှိပါကြောင်း၊ NV Card အား မြန်မာနိုင်ငံအတွင်း တရားဝင်နေထိုင်လျက်ရှိကြပြီး မည်သည့်အထောက်အထား တစ်စုံတစ်ရာကိုင်ဆောင်ထားခြင်းမရှိသူ တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂါလီ၊ ဂေါ်ရခါး၊ ကိုးကန့်၊ ခိုလုံလီရှော့နှင့် မုန်းဝန်းလူမျိုးတို့အား ထုတ်ပေးထားပါကြောင်း ဖြေကြားသည်။

ယင်းနောက် NUG သည် အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) တွင် မြန်မာနိုင်ငံကိုယ်စားပြု တက်ရောက်ဖြေရှင်းခွင့်ပေးရန် တောင်းဆိုခဲ့ကြောင်း၊ ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအစိုးရကိုယ်စားပြုအဖွဲ့များက ICJ ကြားနာပွဲသို့ တက်ရောက်နေသည်ကို သိရှိရကြောင်း၊ ယင်းသို့ ကုလသမဂ္ဂ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သော ICJ တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီကိုယ်စားလှယ်များ တက်ရောက်ခြင်းက နိုင်ငံတကာအသိုင်းအဝိုင်း အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား မြန်မာနိုင်ငံ၏ တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုရာ ရောက်ပါသလား မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတစ်နိုင်ငံ၏ လက်ရှိအခြေအနေများကို လက်တွေ့ကျကျ ကိုင်တွယ်ဖြေရှင်းနိုင်သည့် အစိုးရဟု သတ်မှတ်ယုံကြည်မှုရှိ၍သာ ယခုကိစ္စကို နိုင်ငံတကာတရားရုံး (ICJ) တွင် လာရောက်ဖြေရှင်းရန် ဖိတ်ခေါ်ခြင်းဖြစ်သည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာနိုင်ငံ၏ တရားဝင်အစိုးရဖြစ်သည်ဆိုခြင်းကို ယုံမှားသံသယဖြစ်စရာအကြောင်း လုံးဝ(လုံးဝ) မရှိပါကြောင်း ဖြေကြားသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ကိုဗစ်-၁၉ ရောဂါ ကူးစက်လူနာများကို သီးသန့်ကုသမှုပေးနိုင်ရန် ဆောင်ရွက်ထားရှိမှုအား ကြည့်ရှုစစ်ဆေး

**စစ်တွေ ဖေဖော်ဝါရီ ၂၃**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် ဥပဒေချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းက စစ်တွေမြို့ ပြည်နယ် တိုင်းရင်းဆေးရုံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်လူနာများကို သီးသန့်ကုသမှုပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုများအား သွားရောက်ကြည့်ရှု စစ်ဆေးကြသည်။ (ဓာတ်ပုံ)



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းနှင့်အဖွဲ့သည် စစ်တွေမြို့ ပြည်နယ် တိုင်းရင်းဆေးရုံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသည့် အမျိုးသမီးများအား ထားရှိရန် နေရာများကို သွားရောက်ကြည့်ရှုစစ်ဆေးကြရာ ပြည်နယ်အစိုးရအဖွဲ့ညွှန်ကြားရေးမှူးနှင့် စစ်တွေခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က လူနာများအတွက် ခုတင်၊ အိပ်ရာခင်းများနှင့် တစ်ကိုယ်ရေသုံးပစ္စည်းများ စီစဉ်ထားရှိမှုတို့ကို လိုက်လံရှင်းလင်းပြသကြသည်။ ထို့နောက် ပြည်နယ် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုင်းရင်းဆေးရုံဆေးကုသဆောင် အပေါ်ထပ်၌ အမျိုးသားလူနာများအားထားရှိမည့် နေရာများကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြည်နယ်ဝန်ကြီးချုပ်က တိုင်းရင်းဆေးရုံအတွင်း လျှပ်စစ်မီးများ ကောင်းမွန်ရေး၊ ရေချိုးခန်း၊ အိမ်သာများ ကောင်းမွန်ရေးနှင့် ဆေးရုံပတ်ဝန်းကျင် သန့်ရှင်းသာယာရေးတို့ကို ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ် ဆောင်ရွက်ကြရန် မှာကြားသည်။

စစ်တွေမြို့ရှိ ပြည်နယ် တိုင်းရင်းဆေးရုံတွင် ဌာနဆိုင်ရာဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများကို ကုသမှုပေးနိုင်ရန်အတွက် လူနာ ၈၀ အတွက် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

စစ်တွေမြို့နယ်တွင် ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၊ စစ်တွေတက္ကသိုလ်နှင့် ပြည်နယ်တိုင်းရင်းဆေးရုံတို့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများကို သီးသန့် ကုသမှုပေးနိုင်ရန် အတွက် လူဦးရေ ၅၈၀ ခန့် အတွက် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# တောင်ဥက္ကလာပနှင့် မြောက်ဥက္ကလာပမြို့နယ်များ ရေစီးရေလာကောင်းမွန်ရေး ရန်ကုန်မြို့တော်ဝန်ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဋ္ဌေးသည် ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေ၊ ကော်မတီဝင်များနှင့်အတူ ယနေ့ နံနက် ၇ နာရီတွင် တောင်ဥက္ကလာပမြို့နယ် ၃ ရပ်ကွက် ပါရမီလမ်းပေါ်ရှိ ဆည်မြောင်းချောင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် ချောင်းအတွင်းမှ အမှိုက်များ၊ နုန်းများ ဆယ်ယူရှင်းနေမှုနှင့် ချောင်း ဝဲ/ယာ မြက်ပင်ချုံနွယ်များ ရှင်းလင်းနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် ၁၃ ရပ်ကွက်ရှိ ရာဇာဓိရာဇ်လမ်းကို ကွန်ကရစ်လမ်းခင်းကျင်းနေမှုအား ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းစေရေး လုပ်ငန်းများအား စံချိန်စံညွှန်းနှင့် ညီမျှအောင် ဆောင်ရွက်ရေး မှာကြားသည်။ ထိုမှတစ်ဆင့် ၂၀ ရပ်ကွက် ပုဂံလမ်းပေါ်ရှိ ရွှေပေါက်ကံ ပန်းခြံအတွင်း စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပန်းခြံ အဝင်/အထွက်လမ်း ကောင်းမွန်ရေးအတွက် ပြန်လည်ပြုပြင်ရန်နှင့် ပန်းခြံအတွင်းရှိ အားကစားပစ္စည်းများ ကြံ့ခိုင်ကောင်းမွန်စေရေး ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ် (၄) ရပ်ကွက်ရှိ ငါးစင်းရိုးချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ချောင်းအတွင်း အမှိုက်များ၊ နုန်းများ ဆယ်ယူရှင်းလင်းနေမှုနှင့် ချောင်းကမ်းစပ် သန့်ရှင်းသပ်ရပ်ရေးအတွက် မြက်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းနေမှုကိုလည်းကောင်း၊ (၄) ရပ်ကွက် စိန်ခြယ်လမ်းအတွင်း လူ (၅၀) ဆံ့ ကိုဗစ်-၁၉ Quarantine Center ပြင်ဆင်ထားရှိမှုကိုလည်းကောင်း၊ ကျောက်တံတားမြို့နယ်ရှိ ဆူးလေစေတီတော် ဘက်စုံပြုပြင်မွမ်းမံရေးအတွက် လူသွားစင်္ကြံကို Natural Clay ကျောက်ပြားခင်းကျင်းနေမှု၊ အထက်ပစ္စယံ ပြုပြင်မွမ်းမံနေမှုနှင့် တန်ဆောင်း၊ ဓမ္မာရုံများ အမိုးလဲလှယ်မှု တို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဂေါပကအဖွဲ့နှင့် တွေ့ဆုံကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

## ပြည်သူလူထုသို့ အသိပေးကြေညာချက်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်နှင့် မွန်ပြည်နယ်အတွင်း နေအိမ်တွင်သီးသန့်ခွဲခြားနေထိုင်သော ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့လူနာများ (Home Isolation) နှင့် မိဘပြည်သူများအနေဖြင့် ရောဂါနှင့်ပတ်သက်၍ တာဝန်ကျဆရာဝန်နှင့် တိုက်ရိုက်ဆက်သွယ်မေးမြန်းတိုင်ပင်နိုင်မည့် (Teleconsultation Program) အတွက် အထူးကုဆရာဝန်နှင့် ဆေးပညာရှင်များပါရှိသည့် Teleconsultation Team များကို ခရိုင်၊ မြို့နယ်အလိုက် ဖွဲ့စည်းထားရှိပြီးဖြစ်ရာ အဆိုပါပညာရှင်အဖွဲ့များ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ သက်ဆိုင်ရာခရိုင်၊ မြို့နယ်အလိုက် ဆက်သွယ်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

**ဒက္ခိဏခရိုင် (Teleconsultation Team) သို့ (၂၄) နာရီ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ**

၀၉ ၈၈ ၂၁၁၀၀ ၁၁
၀၉ ၈၈ ၂၁၁၀၀ ၂၂

**ဥတ္တရခရိုင် (Teleconsultation Team) သို့ (၂၄) နာရီ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ**

၀၉ ၈၈ ၂၁၁၀၀ ၃၃
၀၉ ၈၈ ၂၁၁၀၀ ၄၄

**မွန်ပြည်နယ်**

**မြို့နယ် (Teleconsultation Team) များသို့ (၂၄) နာရီ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ**

| | |
|---|---|
| မော်လမြိုင်မြို့နယ် | ၀၉ ၄၀၈၆ ၂၂၂ ၁၁ |
| ချောင်းဆုံမြို့နယ် | ၀၉ ၄၀၈၆ ၂၂၂ ၁၂ |
| ကျိုက်မရောမြို့နယ် | ၀၉ ၄၀၈၆ ၂၂၂ ၀၂ |
| မုဒုံမြို့နယ် | ၀၉ ၄၀၈၆ ၂၂၂ ၃၂ |
| သံဖြူဇရပ်မြို့နယ် | ၀၉ ၄၀၈၆ ၂၂၂ ၄၂ |
| ရေးမြို့နယ် | ၀၉ ၄၀၈၆ ၂၂၂ ၅၂ |
| ကျိုက်ထိုမြို့နယ် | ၀၉ ၄၀၈၆ ၂၂၂ ၆၂ |
| ဘီးလင်းမြို့နယ် | ၀၉ ၄၀၈၆ ၂၂၂ ၇၂ |
| သထုံမြို့နယ် | ၀၉ ၄၀၈၆ ၂၂၂ ၈၂ |
| ပေါင်မြို့နယ် | ၀၉ ၄၀၈၆ ၂၂၂ ၉၂ |

**ကျန်းမာရေးဝန်ကြီးဌာန**

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီ လုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ (၂၁-၂-၂၀၂၂) နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် (၂၀-၁၂-၂၀၂၁) နေ့မှ (၂၈-၁-၂၀၂၂) နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် သုံးဦး၊ အထွေထွေ ရှစ်ဦး ပေါင်း ၁၁ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လျှောက်ထားသူ တစ်ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၉၆ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၁၃၁ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၈၉ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၂၁၆ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**





# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ ထီးလင်းကျောင်းတိုက်သို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ ဝဲကြီးတောင်ကျောင်းတိုက်သို့ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ချမ်းမြေ့ဖေယျာသာမဏေကျော်တက္ကသိုလ်သို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ စင်ကာပူကျောင်းပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ ရှမ်းပြည်နယ် နောင်ချိုမြို့နယ်ရှိ စိန်ရတနာပရိယတ္တိ စာသင်တိုက်သို့ လည်းကောင်း၊ ရေဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်ရှိ တောင်ညိုစာသင်တိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# မူဆယ်နယ်စပ်မန်ဝိန်းဂိတ် ပြန်လည်ဖွင့်လှစ်ရန် မသေချာသေး

**မူဆယ် ဖေဖော်ဝါရီ ၂၃**

တရုတ် / မြန်မာ ကုန်သွယ်မှု အဓိကလမ်းကြောင်း တစ်ခုဖြစ်သည့် မန်ဝိန်းဂိတ်ကို ဖေဖော်ဝါရီလကုန်မှ မတ်လအတွင်း ပြန်ဖွင့်နိုင်ခြေရှိကြောင်း သတင်းများ ထွက်ပေါ်နေခြင်းနှင့် စပ်လျဉ်း၍ မူဆယ်နယ်စပ်ဒေသ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်အချို့ကို မေးမြန်းစုံစမ်းသည့်အခါ မတ်လလယ်ခန့်တွင် ဖွင့်မည်ဆိုသည့် သတင်းများ ထွက်နေသော်လည်း ကြိုတင်ပြင်ဆင်မှုများ မတွေ့ရသည့်အတွက် ဘာမှပြော၍ မရသေးကြောင်း သိရသည်။

မန်ဝိန်းဂိတ်အနီးမှ ဈေးဆိုင်ရှင် အချို့ကလည်း မန်ဝိန်းဂိတ် ပိတ်ထားမြဲ အတိုင်းပင်ရှိပြီး ဂိတ်ပေါက်အနီးမှ ရုံးခန်းများလည်း ဘာမှပြင်ဆင်ထားခြင်းသေးကြောင်း၊ ပြီးခဲ့သည့် ဖေဖော်ဝါရီလ ဒုတိယပတ်ခန့်က ဂိတ်ဖွင့်ပေးရန် နှစ်နိုင်ငံလူကြီးများ ဆွေးနွေးကြသည်ဟု ကြားသိရကြောင်း၊ အကယ်၍ ဖွင့်မည်ဆိုပါက မူဆယ်နယ်စပ်တွင် ကုန်တင်ယာဉ် ရပ်နားကွင်းများ ပြုလုပ်ပြီး ထိုမှတစ်ဆင့် ရှန်တိမ် သုံးဆင့်နှင့် မန်ဝိန်းဂိတ်မှ တရုတ်နိုင်ငံကို ဝင်ရမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံဘက် ကလည်း နှစ်နိုင်ငံ ကုန်တင်ယာဉ်များ ကိုဗစ်စည်းကမ်းချက်များနှင့်အညီ ဝင်/ထွက်သွားလာရန် ဆွေးနွေးထားကြသည်ဟု ကြားသိရကြောင်း ပြောကြားသည်။

လောလောဆယ် နှစ်နိုင်ငံကုန်သွယ်မှုတွင် တရုတ်ယွမ်နှင့် အခွန်ဆောင်ရပြီး ယခင်ဒေါ်လာနှင့် ဆောင်ထားသည့် ကုန်ပစ္စည်းများ အဆင်မပြေသည့်အတွက် ကုန်ပစ္စည်းတချို့ ရပ်တန့်နေသလို ကုန်သည် တချို့လည်းရပ်နားနေကြောင်း၊ လက်ရှိကုန်သွယ်မှုကို ကျင်စန်းကျော့ဂိတ်ဘက်ကနေပဲ ပြုလုပ်နေကြောင်း၊ တရုတ်ဘက်မှ ခေတ်ဘူး၊ ဖန်ခွက်၊ ပန်းကန်ပြား၊ လျှပ်စစ်ပစ္စည်း အနည်းငယ်၊ စက်ဘီးနှင့် ဆက်စပ်ပစ္စည်း၊ ဆေးနှင့် ဆေးပစ္စည်း အနည်းငယ်၊ ယာဉ်ယန္တရားများ မြန်မာဘက်သို့ တင်သွင်းလျက်ရှိပြီး မြန်မာဘက်မှ လယ်ယာထွက်ကုန်ပစ္စည်း၊ ပဲတီစိမ်း၊ ဆန်အနည်းငယ်၊ ပြောင်းအနည်းငယ်၊ ကြက်သွန်နီနှင့် ဖရဲ၊ သခွား၊ ဖရုံသီး၊ ပဲတောင့်ရှည်၊ ငရုတ်သီးစိမ်းစသည်ဖြင့် သီးနှံအမျိုးမျိုး တရုတ်ဘက်သို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

**သန့်ဇင် (မူဆယ်)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှု မရှိတင်သွင်းနိုင်ရေးအတွက် အချိန်နှင့် တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေး စခန်းမှ ကုမ္ပဏီ သုံးခု၊ ယာဉ်စီးရေ လေးစီးဖြင့် နှာခေါင်းစည်း (Mask) ၁၉ တန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်း၊ ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ပို့ဆောင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

ကိုဗစ်-၁၉ ရောဂါ ခုခံအားကျဆင်းခြင်း အတည်ပြုပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများအား တပ်မတော်ဆေးရုံများ၊ ပြည်သူ့ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများတွင် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို တပ်မတော်သား ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းလုပ်ငန်းများတွင် အထောက်အကူ ဖြစ်စေရန်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော် (လေ) မှ လေယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

ရန်ကုန်တိုင်း ဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေး သိုလှောင်ခန်း၌ ထားရှိသည့် ဆေးတစ်လုံးလျှင် လူ ၁၀ ဦး ထိုးနိုင်သော Covaxin နှင့် Covid Shield အမှတ်တံဆိပ် ကာကွယ်ဆေးများကို ယနေ့တွင် ပို့ဆောင်ပေးရာ မြိတ်မြို့နယ်သို့ ကာကွယ်ဆေး ၂၀၂ လုံး၊ ကော့သောင်းမြို့နယ်သို့ ကာကွယ်ဆေး ၁၈၅ လုံး၊ တောင်ကြီးမြို့သို့ ကာကွယ်ဆေး ၈၀၀၀ နှင့် ကျိုင်းတုံမြို့သို့ ကာကွယ်ဆေး ၆၁၂ လုံး တို့ကို Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများနှင့် MNA လေကြောင်းလိုင်းတို့ဖြင့် ပို့ဆောင်ပေးခဲ့ပြီး တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း နှင့် သက်ဆိုင်ရာသို့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အခြေခံငါးမွေးမြူရေးနှင့် ရေအရည်အသွေး ထိန်းသိမ်းခြင်း သင်တန်းဖွင့်လှစ်

**ဖျာပုံ ဖေဖော်ဝါရီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ လမ်းညွှန်မှု၊ ဖျာပုံခရိုင်ငါးလုပ်ငန်း ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် အခြေခံငါးမွေးမြူရေးနှင့် ရေအရည်အသွေးထိန်းသိမ်းခြင်းသင်တန်းအား ဖျာပုံမြို့ရှိ ငါးလုပ်ငန်းသင်တန်းကျောင်း (ဖျာပုံ) တွင် ဖေဖော်ဝါရီ ၂၂ ရက်က ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကိုကိုလွင်က အမှာစကားပြောကြားပြီး သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။ သင်တန်းတွင် ငါးမွေးမြူရေးဆိုင်ရာ သမိုင်းကြောင်း၊ လုပ်ငန်းတည်နေရာရွေးချယ်ခြင်း၊ ဒီဇိုင်း ပုံစံတည်ဆောက်ခြင်း၊ မျိုးစိတ်များ ရွေးချယ်ခြင်း ထိန်းသိမ်းမွေးမြူခြင်း၊ မွေးကန်ဖော်ခြင်း သယ်ယူပို့ဆောင်သည့် နည်းစနစ်နှင့် ငါးကန်ရေအရည်အသွေးဆိုင်ရာအခြေအနေများ၊ ရာသီဥတု အပြောင်းအလဲအခြေအနေများတွင် ကြိုတင်ဆောင်ရွက်ရမည့် သင်ခန်းစာများကို သင်ကြားပို့ချခဲ့သည်။ သင်တန်းသို့ ခရိုင်ငါးလုပ်ငန်းဦးစီးမှူးအပါအဝင် ဖျာပုံ၊ ဘိုကလေး၊ အမာ၊ ဒေးဒရဲ၊ ကျိုက်လတ်မြို့နယ်များမှ မြို့နယ်ဦးစီးဌာနမှူးများနှင့် တစ်ပိုင်တစ်နိုင် ငါးမွေးမြူသူ စုစုပေါင်း ၂၀ တက်ရောက်ပြီး သင်တန်းကို ကိုဗစ်-၁၉ စည်းကမ်းချက်နှင့်အညီ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မြန်မာ-တရုတ်ကုန်စည်စီးဆင်းရာတွင် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ကုန်စည်တင်ပို့နိုင်ရေး၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများသို့ တက်ရောက်

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၃**

ကချင်ပြည်နယ် ကန်ပိုက်တီ နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် မြန်မာ-တရုတ်ကုန်စည်စီးဆင်းရာတွင် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပို့ကုန်/သွင်းကုန်များ တင်သွင်းနိုင်ရေးအတွက် မြန်မာ - တရုတ် ကုန်စည် ပြန်လည်စီးဆင်းနိုင်ရေးလုပ်ငန်းကော်မတီနှင့် ကုန်သည်လုပ်ငန်းရှင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၃ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ပြုလုပ်သည်။ **(ယာပုံ)**



### နယ်စပ်ဂိတ်များ ဖွင့်လှစ်နိုင်ရေး

ညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က လုပ်ငန်းကော်မတီနှင့် ကုန်သည်လုပ်ငန်းရှင်များအားလုံး၏ ဝိုင်းဝန်းကြိုးပမ်းမှုကြောင့် ကန်ပိုက်တီနယ်စပ်မှတစ်ဆင့် မြန်မာ-တရုတ် ကုန်စည်စီးဆင်းမှုလုပ်ငန်းကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်မှ စတင်ဆောင်ရွက်လာခဲ့ရာ မိမိတို့ပြည်နယ်အတွက်သာမက နိုင်ငံတော်အတွက် ဘဏ္ဍာငွေများ ရရှိလာနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့အပြင် ပို့ကုန်/သွင်းကုန်များအတွက် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ တရားဝင်တင်ပို့နိုင်ရေး နှစ်ဖက်သဘောတူ MOU ရေးထိုးဆောင်ရွက်နိုင်ရေးနှင့် ကန်ပိုက်တီနယ်စပ်ဂိတ်အပြင် လွယ်ဂျယ်၊ ပန်ဝါ၊ ဖီမော်နယ်စပ်ဂိတ်များ ပုံမှန်အတိုင်း ဖွင့်လှစ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ အလားတူ ကိုဗစ်-၁၉ ရောဂါကြောင့် လုပ်ငန်းများ ရပ်ဆိုင်းမှုမရှိစေရေးအတွက် ကိုဗစ်-၁၉ ထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်ကြပ်မတ်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် ကုန်သည်လုပ်ငန်းရှင်များက နယ်စပ်ကုန်စည်စီးဆင်းမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပို့ကုန်/သွင်းကုန်များ တင်ပို့ဆောင်ရွက်နိုင်မှုအခြေအနေများ၊ တစ်သျှူးငှက်ပျောပို့ကုန်အပြင် ကျန်စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့နိုင်ရေးကိစ္စရပ်များ၊ ထိန်ချုံးအပြည်ပြည်ဆိုင်ရာကုန်သည်ကြီးများအသင်းနှင့် ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ကိုဗစ်-၁၉ ထိန်းချုပ် ကာကွယ်ရေးဆိုင်ရာလုပ်ငန်းများ စီမံဆောင်ရွက်ထားရှိမှုများ၊ ပို့ကုန်များတင်ပို့ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ လိုအပ်ချက်များနှင့် ပတ်သက်၍ လုပ်ငန်းကော်မတီမှ ညှိနှိုင်းဆောင်ရွက်ပေးသွားရမည့် ကိစ္စရပ်များကို တင်ပြဆွေးနွေးကြသည်။

### ပို့ကုန်များ တိုးမြှင့်ပို့ဆောင်နိုင်ရေး

ဆွေးနွေးမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က နှစ်နိုင်ငံ ကုန်သွယ်ရေးလုပ်ငန်း စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် တစ်ဖက်တရုတ်နိုင်ငံ ကုန်သည်အသင်းများနှင့် ညှိနှိုင်း၍ MOU ရေးထိုးနိုင်ရေး၊ ပို့ကုန်များ တိုးမြှင့်ပို့ဆောင်နိုင်ရေး၊ ကုန်စည်စီးဆင်းမှုလမ်းကြောင်းအတွက် စစ်ဆေးကြပ်မတ်သွားမည့် စုပေါင်းအဖွဲ့ ဖွဲ့စည်းနိုင်ရေးနှင့် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်သည် အဆိုပါခန်းမ၌ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ ပြည်နယ်အဆင့်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာပြည်သူများ ပြန်လည်နေရာချထားပြီး စခန်းပိတ်သိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ စခန်းများ ပိတ်သိမ်းရေးအတွက် ပြောင်းရွှေ့နေရာချထားပေးမည့် နေရာများတွင် နေအိမ်များ ပြုပြင်/အသစ်တည်ဆောက်ပေးနေမှုအခြေအနေများ၊ ရေ၊ မီးနှင့် နေထိုင်စားသောက်မှုအဆင်ပြေစေရေး ထောက်ပံ့ဆောင်ရွက်ပေးရမည့်အခြေအနေများနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က နေရပ်စွန့်ခွာပြည်သူများ၏ အရေးကိစ္စ ကြီး/ငယ်မရွေး တာဝန်ယူကူညီဆောင်ရွက်ပေးနေကြသည့် ကော်မတီအဖွဲ့ဝင်များအပါအဝင် ဘာသာရေးအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များအနေဖြင့် အစိုးရအဖွဲ့နှင့် လက်တွဲ၍ အတူတကွ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ အမြန်ဆုံးဖြည့်ဆည်းပေးနိုင်ရေး ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ချင်းပြည်နယ်တွင် ကိုဗစ်-၁၉ ပိုးတွေ့ရှိမှုမြင့်တက်လာသည့်အတွက် ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရန်လို

**ဟားခါး ဖေဖော်ဝါရီ ၂၃**

ချင်းပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်က ဟားခါးမြို့၊ ဖလမ်းမြို့နှင့် တီးတိန်မြို့များတွင် ကိုဗစ်-၁၉ ပိုးတွေ့ရှိမှု မြင့်တက်လာသည့်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရန်လိုကြောင်း၊ မြို့ဝင်မြို့ထွက်နေရာများတွင် ကိုဗစ်-၁၉ စစ်ဆေးရေးဂိတ်များ ဖွင့်လှစ်၍ RDT Test kit ဖြင့် ရောဂါရှာဖွေရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်နှင့် အသိပညာပေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဟားခါးမြို့တွင် အခြေခံပညာကျောင်းများ အမြန်ဆုံးဖွင့်လှစ် ဆောင်ရွက်သွားရန်လိုကြောင်း၊ တက္ကသိုလ်ဝင် စာမေးပွဲ ကျင်းပမည့် စာစစ်ဌာနများကို လိုအပ်သည့် အစီအမံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ အောင်မြင့်ဦးက ချင်းပြည်နယ်၏ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရန် ကာကွယ်ဆေးလိုအပ်ချက်နှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုနှင့် Booster Dose ထိုးနှံပြီးစီးမှုနှင့် ဆက်လက်ထိုးနှံပေးရန် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက အစိုးရစက်မှုလက်မှုသိပ္ပံ (ဟားခါး) Quarantine စင်တာတွင် ရေရရှိရေးကိစ္စ၊ ကျောင်းသားကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ် ဆေးထိုးနှံပေးနေမှုနှင့် ယခင်အပတ်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။



ယင်းနောက် တင်ပြချက်များအပေါ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်၊ သယံဇာတရေးရာဝန်ကြီး ဦးကျော်ငြိမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ပြည်နယ်ရဲမှူးကြီး စိုးလွင်မိုး၊ ပြည်နယ်ဥပဒေချုပ် ဦးဆွန်ဒုတ်ကျင့်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဆန်းနှင့် ဟားခါးတပ်နယ်မှ ဗိုလ်မှူးကြီးစောထွန်းတို့က အကြံပြုဖြည့်စွက်ဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မင်္ဂလာဒုံမြို့နယ်ရှိ Myanmar Asia Optical မှန်ဘီလူးစက်ရုံအား ကိုဗစ်စည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ စစ်ဆေး

**မင်္ဂလာဒုံ ဖေဖော်ဝါရီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ Myanmar Asia Optical အမည်ရှိ မှန်ဘီလူးစက်ရုံအား ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးကော်မတီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများပူးပေါင်း၍ စက်ရုံအတွင်းရှိ အလုပ်သမားများ ကိုဗစ်စည်းကမ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်မှု ရှိ၊ မရှိကို လိုက်လံစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထိုသို့စစ်ဆေးရာတွင် စက်ရုံအတွင်းရှိအလုပ်သမားများ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်စည်းကမ်းနှင့်အညီ အလုပ်သမားများ တစ်ဦးနှင့်တစ်ဦး ခြောက်ပေခွာ၍ လုပ်ကိုင်ခြင်း ရှိ၊ မရှိ၊ ပါးစပ်နှင့် နှာခေါင်းစည်းများ တပ်ဆင်ထားခြင်း ရှိ၊ မရှိ၊ Face shield များ တပ်ဆင်ထားခြင်း ရှိ၊ မရှိ၊ လက်ဆေးဘေစင်များ သန့်ရှင်းစွာထားရှိခြင်း ရှိ၊ မရှိ၊ လက်သန့်ဆေးရည်များ စနစ်တကျထားရှိခြင်း ရှိ၊ မရှိ၊ အလုပ်သမားများ နေထိုင်သည့်အဆောင်များ ကျန်းမာရေးနှင့်ညီညွတ်စွာနေထိုင်ခြင်း ရှိ၊ မရှိ၊ စက်ရုံအတွင်းအပြင်များနှင့် အလုပ်သမားများ နေထိုင်သည့်အဆောင်များ၊ ရေချိုးခန်းများ၊ ထမင်းစားဆောင်များ၊ အိမ်သာများ သန့်ရှင်းခြင်း ရှိ၊ မရှိ၊ ပိုးသတ်ဆေးများ ဖျန်းထားခြင်း ရှိ၊ မရှိတို့ကို လိုက်လံစစ်ဆေးခဲ့ပြီး တိုင်းဒေသကြီးတိုင်းရင်းသားရေးရာဝန်ကြီးက လိုအပ်သည်များကို စက်ရုံရှိတာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**သန္တာ(ပြန်/ဆက်)**

# ကုလသမဂ္ဂသည် ကမ္ဘာ့အဖွဲ့အစည်းကြီးတစ်ခုအနေဖြင့် ယူကရိန်းပဋိပက္ခနှင့်ပတ်သက်ပြီး ငြိမ်းချမ်းသောအဖြေတစ်ခုရှာတွေ့ရန် ဘယ်တော့မှ လက်လျှော့သွားမည်မဟုတ်ကြောင်း ဂူတာရက်စ်ပြော

နယူးယောက် ဖေဖော်ဝါရီ ၂၃

**ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ကုလသမဂ္ဂသည် ကမ္ဘာ့အဖွဲ့အစည်းကြီးတစ်ခုအနေဖြင့် ယူကရိန်းပဋိပက္ခနှင့်ပတ်သက်ပြီး ငြိမ်းချမ်းသောအဖြေတစ်ခုရှာတွေ့ရန် ဘယ်တော့မှ လက်လျှော့သွားမည်မဟုတ်ကြောင်း ပြောကြားလိုက်သည်။**

မိမိတို့သည် ငြိမ်းချမ်းရေးအတွက် အတူတကွ စိန်ခေါ်မှုများကို ရင်ဆိုင်ကြရမည်ဖြစ်ကြောင်းနှင့် ယူကရိန်းပြည်သူများကို ကယ်တင်သွားကြရမည်ဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က နယူးယောက်ရှိ ကုလသမဂ္ဂဌာနချုပ်တွင် သတင်းထောက်များကို ပြောကြားလိုက်သည်။

ဆွေးနွေးမှုနှင့် ညှိနှိုင်းမှုလမ်းကြောင်းကို ပြန်လျှောက်ရန် အကောင်းဆုံးအချိန်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

ထို့အပြင် နောက်ထပ်သွေးထွက်သံယိုကိစ္စရပ်များ ဖြစ်ပွားခြင်းမရှိဘဲ ပဋိပက္ခကို အကောင်းဆုံးဖြေရှင်းနိုင်ရန် အားထုတ်သွားမည်ဖြစ်ကြောင်းလည်း ပြောကြားလိုက်သည်။

ကမ္ဘာ့ဇာတ်ခုံပေါ်က နောက်ဆုံးအရေးတစ်ခုဖြစ်သည့် ယူကရိန်းအရေးနှင့် ပတ်သက်ပြီး အကျပ်တွေ့နေကြောင်း ကုလသမဂ္ဂအကြီးအကဲက ပြောကြားသည်။

ဆင်ဟွာ



ကုလသမဂ္ဂအတွင်းရေးမှူးချုပ်
အန်တိုနီယို ဂူတာရက်စ်

## ဘရာဇီးနိုင်ငံ ပက်ထရိုပိုလီစ်မြို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သောကြောင့် ရေကြီး၊ မြေပြိုမှုများဖြစ်ပွားပြီး သေဆုံးသူ ၁၈၅ ဦးအထိ ရှိလာ

**ရီယိုဒီဂျနေးရိုး ဖေဖော်ဝါရီ ၂၃** ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုး မြောက်ဘက်ရှိ ပက်ထရိုပိုလီစ်မြို့တွင် မှတ်တမ်းတင်ရလောက်အောင် မိုးအကြီးအကျယ် ရွာသွန်းခဲ့သောကြောင့် ရေကြီး၊ မြေပြိုမှုများ ဖြစ်ပွားပြီး သေဆုံးသူ ၁၈၅ ဦးအထိ ရှိလာခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ဖေဖော်ဝါရီ ၂၂ ရက်က ပြောကြားလိုက်သည်။



ရွှံ့နွံအပျက်အစီးများကို စက်ယန္တရားဖြင့် ရှင်းလင်းဖယ်ရှားစဉ်။

မိုးသည်းထန်စွာ ရွာသွန်းမှုများနှင့် မြေပြိုမှုများ ဆက်လက်ဖြစ်ပေါ်နေသောကြောင့်ကယ်ဆယ်ရေးသမား ၄၀၀ ကျော် ကယ်ဆယ်ရေးလုပ်ငန်းများ ရပ်ဆိုင်းထားရကြောင်းနှင့် လူ ၈၅ ဦး ထပ်မံပျောက်ဆုံးလျက်ရှိကြောင်း ရီယိုဒီဂျနေးရိုးပြည်နယ် မီးသတ်ဌာနက ပြောကြားလိုက်သည်။

ရီယိုဒီဂျနေးရိုး အုပ်ချုပ်ရေးမှူး ကလော်ဒီယိုကက်စ်ထရိုက ဖေဖော်ဝါရီ ၁၅ ရက်သည် ၁၉၃၂ ခုနှစ်မှစကာ မိုးအသည်းထန်ဆုံး ရွာသွန်းခဲ့သော နေ့တစ်နေ့အဖြစ်တွေ့မြင်ခဲ့ကြောင်း ပြောကြားလိုက်သည်။ စီးပွားရေး လုပ်ငန်းများကို ဖေဖော်ဝါရီ ၂၂ ရက်တွင် ပြန်လည် ဖွင့်လှစ်ခဲ့သော်လည်း ပြည်သူများသည် ၎င်းတို့၏နေအိမ်များကို ဆက်လက်ရှင်းလင်းလျက်ရှိသည်။ ထို့အတူ သမိုင်းဝင်အဆောက်အအုံများနှင့် မြို့တော်ဒေသများကိုလည်း ရှင်းလင်းမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

မြေကြီးများနှင့် အပျက်အစီးတန် ၆၂၀ ခန့်ကို ဖယ်ရှားရှင်းလင်းပြီးဖြစ်ကြောင်း အညစ်အကြေးနှင့် စွန့်ပစ်ပစ္စည်း သိမ်းဆည်းရေးကုမ္ပဏီက ပြောကြားသည်။

ဆင်ဟွာ

## ကမ္ဘောဒီးယားနိုင်ငံတွင် အသက်သုံးနှစ်နှင့် လေးနှစ်ကလေးများကို တရုတ်ဆီနိုဗက် ကာကွယ်ဆေးများ စတင်ထိုးနှံပေး

**ဖနောင်ပင် ဖေဖော်ဝါရီ ၂၃**

ကမ္ဘောဒီးယားနိုင်ငံတွင် နေ့စဉ်အိုမီခရွန်မျိုးကွဲ ဖိုင်းရပ်စ်ကူးစက် ဖြစ်ပွားမှုများ မြင့်တက်လာသောကြောင့် အသက်သုံးနှစ်နှင့်လေးနှစ်ကလေးများကို တရုတ်ဆီနိုဗက် ကိုဗစ်-၁၉ ကာကွယ်ဆေးများ ဖေဖော်ဝါရီ ၂၃ ရက်က စတင်ထိုးနှံပေးခဲ့သည်။

အုပ်ထိန်းစောင့်ရှောက်သူများ အကူအညီဖြင့် ကလေးများ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရန် တန်းစီစောင့်ဆိုင်းနေသည်ကို မြို့တော်ဖနောင်ပင်ရှိ ကာကွယ်ဆေးထိုးနေရာများတွင် တွေ့မြင်နိုင်မည်ဖြစ်သည်။ နိုင်ငံတစ်ဝန်း ကလေးငယ်ပေါင်း ၇၀၀၀၀၀ ခန့်ကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးရန် ရည်မှန်းထားကြောင်း သိရသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရန် လအတော်ကြာ စောင့်ဆိုင်းခဲ့ရကြောင်းနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးသည် သမီးလေးကို ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ကာကွယ်ပေးနိုင်မည်ဟု ယုံကြည်ကြောင်း အသက် ၃၀ နှစ်ရှိသူ တော့ချ်ဆရီရို့သ်က ပြောကြားလိုက်သည်။ သမီးဘေးကင်းလုံခြုံရန် အမြဲစိုးရိမ်ပူပန်ခဲ့ရကြောင်း၊ ယခုအခါ ကာကွယ်ဆေးထိုးပြီးဖြစ်သဖြင့် စိတ်သက်သာရာရခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကမ္ဘောဒီးယား ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ပြောရေးဆိုခွင့်ရှိသူ အော်ဗန်ဒင်းက ကလေး တစ်ယောက်ချင်းစီကို ကာကွယ်ဆေးနှစ်ကြိမ် ထိုးပေးသွားမည်ဖြစ်ကြောင်းနှင့် တစ်ကြိမ်နှင့်တစ်ကြိမ် ၂၈ ရက်ခြားမည်ဖြစ်ကြောင်း ပြောကြားသည်။

အိုမီခရွန်ဗိုင်းရပ်စ်သည် နိုင်ငံအတွင်း လျင်မြန်စွာ ကူးစက်ဖြစ်ပွားနေသဖြင့် ပြည်သူများကို မပေါ့ဆဘဲ ဆက်လက်သတိထားနေထိုင်ကြရန် ၎င်းက တိုက်တွန်းထားသည်။ ဖေဖော်ဝါရီ ၂၂ ရက်အထိ အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော ကမ္ဘောဒီးယားနိုင်ငံသည် အသက် ငါးနှစ်နှင့်အထက်ကလေး ၁၄ ဒသမ ၄ သန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံပေးပြီးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ဖေဖော်ဝါရီ ၂၃ ရက်တွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅၅၈ ဦးရှိကြောင်းသိရသည်။ ကူးစက်ဖြစ်ပွားသူအားလုံးမှာ အိုမီခရွန်ဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားခြင်းဖြစ်ကြောင်း အတည်ပြုခဲ့သည်။ ကိုဗစ်-၁၉ ကြောင့် တစ်ဦးထပ်မံသေဆုံးမှုနှင့်အတူ သေဆုံးသူ စုစုပေါင်း ၃၀၂၃ ဦး ရှိလာပြီဖြစ်သည်။

ဆင်ဟွာ



ကလေးငယ်တစ်ဦးကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

## အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၂၈၆၇၀၃၁ ဦးရှိ

**နယူးဒေလီ ဖေဖော်ဝါရီ ၂၃**

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၅၁၀၂ ဦးရှိကြောင်း မှတ်တမ်းတင်ဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၂၈၆၇၀၃၁ ဦး ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များတွင် ဖော်ပြထားသည်။

ထို့အပြင် ဖေဖော်ဝါရီ ၂၂ ရက်ကတည်းက ကိုဗစ်-၁၉ ကြောင့် ၂၇၈ ဦး သေဆုံးခဲ့ရာ စုစုပေါင်း သေဆုံးသူ ၅၁၂၆၂၂ ဦးအထိ ရှိလာခဲ့သည်။

အိန္ဒိယနိုင်ငံတွင် လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၆၄၅၂၂ ဦးရှိပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၆၅၅၃ ဦး ကျဆင်းခဲ့သည်။

ယခုအချိန်အထိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၄၂၁၈၉၈၈၇ ဦးရှိလာပြီး ယင်းတို့အနက် ၃၁၃၇၇ ဦးမှာ လွန်ခဲ့သော ၂၄ နာရီအတွင်း ဆေးရုံမှ ပြန်လည်ဆင်းလာသူများဖြစ်ကြသည်။

ဆင်ဟွာ

## ထိုင်းနိုင်ငံတွင် ခြောက်လကျော်ကာလအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု တစ်ရက်တည်း အများဆုံးစံချိန်တင်

**ဗန်ကောက် ဖေဖော်ဝါရီ ၂၃**

ထိုင်းနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၁၂၃၂ ဦးရှိကြောင်း ဖော်ပြမှုနှင့်အတူ ခြောက်လကျော်ကာလအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု တစ်ရက်တည်းအများဆုံးဖြစ်ခဲ့ကြောင်း တရားဝင်စာရင်းဇယားများတွင် ဖေဖော်ဝါရီ ၂၃ ရက်က ဖော်ပြခဲ့သည်။

နေ့စဉ်ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမြင့်တက်လာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ စုစုပေါင်း ၂ ဒသမ ၇၇ သန်းရှိလာခဲ့ကြောင်း ကိုဗစ်အခြေအနေစီမံခန့်ခွဲခြင်းဆိုင်ရာဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ထို့အပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း နောက်ထပ်သေဆုံးသူ ၃၉ ဦးရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၂၂၇၃၃ အထိ ရှိလာပြီဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ မြင့်တက်နေသော်လည်း ထိုင်းနိုင်ငံတွင် နောက်လမှစပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးထားသည့် ခရီးသွားများအတွက် လိုအပ်ချက်များကို ဖြေလျှော့ပေးသွားမည်ဖြစ်သည်။

ဆင်ဟွာ

# ကလေးတွေနဲ့ ကလေးမိခင်တွေကို ကိုဗစ်-၁၉ ကပ်ရောဂါက ကာကွယ်ကြမယ်

လင်းဟန်သစ်

လွန်ခဲ့တဲ့နှစ်က ဝမ်းနည်းဖွယ်ကောင်းသော အရွယ်မရောက်သေးတဲ့ ကလေးငယ်တွေသေဆုံးမှုဟာ ဂျပန်အာဏာပိုင်တွေအတွက် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါအတွင်း ကိုယ်ဝန်ဆောင်အမျိုးသမီးများနဲ့ ပတ်သက်ပြီး ချဉ်းကပ်ကိုင်တွယ်မှုအပေါ် ပြန်လည်စဉ်းစားစရာဖြစ်စေခဲ့ပါတယ်။

### ဆေးဘက်ဆိုင်ရာအထူးစောင့်ရှောက်မှုတွေပေး

ကလေးရတော့မယ့် ကိုယ်ဝန်ဆောင်အမျိုးသမီးတွေကို ကာကွယ်ဆေးထိုးဖို့အတွက် ဦးစားပေးဆောင်ရွက်ထားပါတယ်။ တချို့မြို့တွေမှာဆိုရင် သူတို့ကို ဆေးဘက်ဆိုင်ရာအထူးစောင့်ရှောက်မှုတွေနဲ့ ဝန်ဆောင်မှုတွေ ပေးထားပါတယ်။

ကိုယ်ဝန်ဆောင် ရှစ်လမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံလိုက်ရတဲ့ အမျိုးသမီးတစ်ဦးအတွက် ဆေးရုံမှာ ခုတင်မပေးနိုင်တော့တာကို ကျန်းမာရေးအာဏာပိုင်တွေ မျက်ဝါးထင်ထင်တွေ့မြင်ပြီးနောက်မှာ အခုလို ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု အစီအစဉ်တွေကို ဆောင်ရွက်ခဲ့တာပဲဖြစ်ပါတယ်။ သူဟာ သူ့ရဲ့ ဇာတိဖြစ်တဲ့ တိုကျိုအနီး ချီဘာခရိုင်မှာရှိတဲ့ သူ့ရဲ့အိမ်မှာပဲ ကလေးမွေးခဲ့ရပါတယ်။ ကံမကောင်းအကြောင်းမလှစွာနဲ့ပဲ ကလေးဟာသေဆုံးခဲ့ပါတယ်။

### ကာကွယ်ဆေးထိုးဖို့လုပ်ဆောင်လာ

အဲဒီအချိန်မှာ ဂျပန်နိုင်ငံတစ်ဝန်းမှာလည်း ဒယ်လ်တာကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှု မြင့်တက်လာတဲ့အခြေအနေနဲ့ ရင်ဆိုင်နေရတဲ့အချိန်ဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ အစိုးရအဖွဲ့အတွင်းရေးမှူး ကာတိုကက်ဆုနိုဘူက ဒေသအစိုးရတွေကို ရောဂါကူးစက်ခံထားရတဲ့ ကိုယ်ဝန်သည်အမျိုးသမီး ကလေးအမေလောင်းတွေကို ပိုပြီးကောင်းမွန်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေရဖို့ တိုက်တွန်းခဲ့ပါတယ်။

ကိုယ်ဝန်သည်အမျိုးသမီးတွေ ကာကွယ်ဆေးထိုးဖို့အတွက် ဦးစားပေးဆောင်ရွက်ခဲ့တာဟာ ဂျပန်အစိုးရရဲ့ ပထမဆုံး ပြောင်းလဲမှုဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကာကွယ်ဆေးဟာ ကိုယ်ဝန်သည်တွေအတွက် စိတ်ချရတယ်လို့ သို့မဟုတ် ကိုယ်ဝန်သည်တွေ ထိုးလို့ရတယ်ဆိုတဲ့ စမ်းသပ်မှုတွေကို လေ့လာခဲ့ပြီးနောက် ဩဂုတ်လနှောင်းပိုင်းမှာ ဒီလိုမျိုး ကာကွယ်ဆေးထိုးဖို့ ဆောင်ရွက်ချက်ကို စတင်ခဲ့တာဖြစ်ပါတယ်။

### ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်းက ကိုယ်ဝန်ဆောင်အမျိုးသမီးတွေကို ကိုဗစ်-၁၉ ရန်က ကာကွယ်ပေး

ကိုယ်ဝန်ဆောင်ကာလမှာ ကိုဗစ်-၁၉ ကူးစက်ခံထားရတဲ့ အမျိုးသမီးတွေဟာ လမစေ့ဘဲ အန္တရာယ်ရှိတဲ့ ကလေးမွေးဖွားမှုပုံစံတွေနဲ့ ရင်ဆိုင်ရနိုင်တယ်ဆိုတဲ့ ဆေးဘက်ဆိုင်ရာ သက်သေအထောက်အထားတွေပေါ်ထွက်လာပါတယ်။

ဂျပန်နိုင်ငံအနောက်ပိုင်း အိုကာယာမာခရိုင်ရဲ့ သက်ဆိုင်ရာတာဝန်ရှိသူတွေဟာ အဲဒီလိုမျိုး ကိုယ်ဝန်ဆောင်အမျိုးသမီးကျန်းမာရေးစောင့်ရှောက်မှုတွေကို လုပ်ဆောင်ပေးသူများအကြားပထမဆုံး လုပ်ဆောင်ပေးသူတွေဖြစ်လာပါတယ်။

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်းဟာ ကိုယ်ဝန်သည်အမျိုးသမီးတွေအတွက် ကိုရိုနာဗိုင်းရပ်စ်ရန်က အဓိကကျတဲ့ကာကွယ်မှုဖြစ်တယ်လို့ အုပ်ချုပ်ရေးမှူး အီဘာရာဂီယုတာက ပြောပါတယ်။ ကိုယ်ဝန်ဆောင်ကာလ ဘယ်ကာလမဆို ကိုယ်ဝန်သည်အမျိုးသမီးတိုင်းကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးဖို့ တိုက်တွန်းနှိုးဆော်မှုတွေကို ယုံကြည်ချက်ရှိရှိနဲ့ လုပ်ဆောင်ခဲ့ကြပါတယ်။

### စိုးရိမ်စိတ်တွေလျော့နည်းလာခဲ့

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခံပြီးတဲ့နောက်မှာ သူ့အနေနဲ့ စိုးရိမ်စိတ်တွေလျော့နည်းလာခဲ့တယ်လို့ လစေ့နေတဲ့ ကိုယ်ဝန်သည်တစ်ဦးက ပြောပါတယ်။ ဩဂုတ်လက ကလေးသေတယ်ဆိုတဲ့ သတင်းကြားလိုက်တဲ့အချိန်မှာ သူ့အနေနဲ့ အတော်လေးစိတ်ပူခဲ့တယ်လို့ သူက ပြောပါတယ်။ ပြီးတော့လည်း ကာကွယ်ဆေးကြောင့် ဆိုးကျိုးတွေဖြစ်လာမှာကိုလည်း စိုးရိမ်မိတယ်။ သို့သော်လည်း ကလေးမမွေးခင်တော့ ထိုးလိုက်ပါတယ်။

ခရိုင်အစိုးရတွေဟာ အခုတော့ ကိုဗစ်-၁၉ အပိုဆောင်း ကာကွယ်ဆေးတွေထိုးဖို့ ကမ်းလှမ်းထားပါတယ်။ လွန်ခဲ့တဲ့ ခြောက်လက ကိုဗစ်-၁၉ ဒုတိယအကြိမ်ထိုးနှံမှုခံယူခဲ့ပြီးတဲ့ သူတွေအနေနဲ့ တတိယအကြိမ် ကိုဗစ်-၁၉ အပိုဆောင်း ကာကွယ်ဆေးထိုးနှံမှု ခံယူနိုင်မှာဖြစ်ပါတယ်။ ကိုယ်ဝန်ဆောင်အမျိုးသမီးအများစုမှာ သတ်မှတ်အချိန်ကာလမပြည့်မီတဲ့သူတွေလည်း ပါဝင်ကြပါတယ်။ သတ်မှတ်ချိန်



ဂျပန်နိုင်ငံတွင် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးကို ကျန်းမာရေးစစ်ဆေးမှုလုပ်ဆောင်နေစဉ်။

**❏ ကိုယ်ဝန်ဆောင်ကာလမှာ ကိုဗစ်-၁၉ ကူးစက်ခံထားရတဲ့ အမျိုးသမီးတွေဟာ လမစေ့ဘဲ အန္တရာယ်ရှိတဲ့ ကလေးမွေးဖွားမှုပုံစံတွေနဲ့ ရင်ဆိုင်ရနိုင်တယ်ဆိုတဲ့ ဆေးဘက်ဆိုင်ရာ သက်သေအထောက်အထားတွေ ပေါ်ထွက်လာပါတယ်**

ရောက်လာတဲ့သူတွေကိုလည်း ကိုဗစ်-၁၉ အပိုဆောင်းကာကွယ်ဆေးထိုးနှံဖို့ တိုက်တွန်းနှိုးဆော်မှုတွေ လုပ်သွားမယ်လို့ သက်ဆိုင်ရာတာဝန်ရှိသူတွေက ပြောကြားထားပါတယ်။

### ဆေးရုံချက်ချင်းတင်နိုင်တော့မယ်

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်းဟာ ကိုဗစ်-၁၉ ကို အပြည့်အဝမကာကွယ်ပေးနိုင်တဲ့အခြေအနေမှာ တချို့ကိုယ်ဝန်သည်တွေလည်း ကိုဗစ်-၁၉ ကူးစက်ကြပါတယ်။ အကယ်၍ အရေးပေါ်အခြေအနေရောက်လာခဲ့မယ်ဆိုရင် သူတို့အတွက် ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုတွေအဆင်သင့်ဖြစ်အောင်လုပ်ဆောင်ထားတယ်လို့ တာဝန်ရှိသူတွေက ပြောပါတယ်။

ဇန်နဝါရီလကုန်မှာ ကိုယ်ဝန်ဆောင်အမျိုးသမီး ၃၀ ကျော်ကို ဆေးဘက်ဆိုင်ရာ လိုအပ်ချက်တွေကို တိုင်းတာနိုင်ဖို့အတွက် လိုရမယ်ရ ပစ္စည်းလေးတွေ ထုတ်ပေးထားပါတယ်။ သတင်းအချက်အလက်တွေကို ဝေမျှနိုင်ဖို့အတွက်လည်း ကွန်ရက်တစ်ခုကိုလည်း ဖန်တီးပေးထားပါတယ်။ အခုဆိုရင် ကိုယ်ဝန်သည် အမျိုးသမီးတွေအတွက် ဆေးရုံတွေအများကြီးကို ခုတင် ရှိ မရှိ တစ်ပြိုင်နက် စစ်ဆေးနိုင်တော့မှာဖြစ်ပါတယ်။ လိုအပ်ပါက ဆေးရုံကို ချက်ချင်းတင်နိုင်တော့မှာဖြစ်ပါတယ်။

### ကိုယ်ဝန်ဆောင်အမျိုးသမီးတွေအတွက် အကောင်းဆုံးလုပ်ဆောင်ကြမယ်

အခုလိုလုပ်ဆောင်မှုတွေဟာ ကိုယ်ဝန်သည်အမျိုးသမီးတွေအတွက် လိုအပ်တဲ့အကူအညီတွေကို ချက်ချင်းကူညီပေးနိုင်ပါတယ်။ မွေးကင်းစကလေးစောင့်ရှောက်ရေး အထူးကြပ်မတ်ကုသဆောင် (အင်န်အိုင်စီယူ) ဟာ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ ကိုဗစ်-၁၉ မဖြစ်ခင်ကတောင် အခက်အခဲတွေရှိနေတတ်တာဖြစ်တဲ့အတွက် ကိုဗစ်-၁၉ ဖြစ်ပွားချိန်နဲ့ပါဆိုရင် အင်န်အိုင်စီယူမှာ နေရာတစ်ခုရဖို့ရာ မလွယ်ကူလှပါဘူး။ ဆေးဝန်ထမ်းတွေအနေနဲ့ အချိန်မတိုင်ခင် ကလေးမွေးဖွားမှု သို့မဟုတ် ကိုဗစ်-၁၉ ကူးစက်ခံထားရတဲ့ မိခင်တွေရဲ့ ကလေးမွေးဖွားမှုတွေအတွက် အကောင်းဆုံးပြင်ဆင်မှုတွေ လုပ်ဆောင်ထားပါတယ်။ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ကတော့ ၂၀၁၈ ခုနှစ်က ဂျပန်နိုင်ငံဟာ ကလေးမွေးဖွားဖို့ အကောင်းဆုံးနေရာဖြစ်ခဲ့တယ်လို့ ဖော်ပြခဲ့ပါတယ်။ သို့သော်လည်း ဒါဟာ အခုအချိန်မှာတော့ လက်တွေ့အခြေအနေနဲ့ ချိန်ညှိလေ့လာရဦးမှာ ဖြစ်ပါတယ်။ ဂျပန်နိုင်ငံတစ်ဝန်း အိုမီခရွန်ကူးစက်ဖြစ်ပွားမှု မြင့်တက်နေတဲ့အချိန်မှာ ဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားနေသူအများစုဟာ နေအိမ်မှာပဲ သီးသန့်ကန့်သတ်စောင့်ကြည့်မှုခံယူလာကြပါတယ်။ ဒီလိုအခြေအနေမှာ ကိုယ်ဝန်သည်အမျိုးသမီးတွေကိုကာကွယ်ဖို့ အကောင်းဆုံးလုပ်ဆောင်သွားကြရမှာဖြစ်ပါတယ်။

ကိုးကား-အင်န်အိတ်ချ်ကေ

# ဖေဖော်ဝါရီ ၂၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၃၈၁ ဦးတွေ့ရှိ

## ထပ်မံသေဆုံးသူ ငါးဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၉၃၄၉ ဦးရှိ

(၂၃–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းကို ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၂–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၃–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃၁,၃၃၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃,၃၈၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁၀.၇၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၀၀၀,၄၀၀)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၇၅,၅၀၈) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၀၂၉) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၂၇,၃၆၇) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၅) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၄၉) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၂–၂–၂၀၂၂) ရက်နေ့အထိ လူဦးရေ စုစုပေါင်း (၂၃,၄၄၀,၁၄၇) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၂၀,၇၆၈,၃၃၅) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၂,၆၇၁,၈၁၂) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂၂–၂–၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း (၄၄,၂၀၈,၄၈၂) ကြိမ် ထိုးနှံပြီး ဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

(၂၃–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၄၃၅) ခု | (၃၀၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင်GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၉၆) ခု | (၂၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၉၆) ခု | (၈၃) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၅) ခု | (၈) ဦး |
| လားရှိုးမြို့၊ အမှတ်(၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၆) ခု | (၆) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၂,၀၇၃) ခု | (၃၀၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၃၉၃) ခု | (၄၃၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၄,၅၉၆) ခု | (၂,၂၂၁) ဦး |
| **စုစုပေါင်း** | **(၃၁,၃၃၀) ခု** | **(၃,၃၈၁) ဦး** |

**ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**

(၂၂–၂–၂၀၂၂) ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၂,၆၇၁,၈၁၂) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၂၀,၇၆၈,၃၃၅) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၂၃,၄၄၀,၁၄၇) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၄၄,၂၀၈,၄၈၂) ကြိမ် |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့်ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကူးစက်မှုမှကာကွယ်ရေးအတွက် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါ လက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်း သတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့် ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်းစသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၃ - ၂ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၀၂၇၀၅၆၃ | ၅၂၁၉၉၈၂၉ | ၉၆၃၃၇၁ |
| ၂။ | အိန္ဒိယ | ၄၂၈၆၇၀၃၁ | ၄၂၁၈၉၈၈၇ | ၅၁၂၆၅၂ |
| ၃။ | ဘရာဇီး | ၂၈၃၅၁၈၇၆ | ၂၅၅၀၅၉၈၄ | ၆၄၅၅၃၄ |
| ၄။ | ပြင်သစ် | ၂၂၄၀၁၄၀၆ | ၁၉၇၃၅၇၁၃ | ၁၃၇၂၇၆ |
| ၅။ | ဗြိတိန် | ၁၈၆၉၅၄၄၉ | ၁၆၉၁၈၅၁၁ | ၁၆၀၈၁၅ |
| ၆။ | ရုရှား | ၁၅၇၉၅၅၇၀ | ၁၂၈၃၆၂၂၈ | ၃၄၇၈၁၆ |
| ၇။ | ဂျာမနီ | ၁၃၈၇၂၇၆၂ | ၁၀၂၃၄၁၀၀ | ၁၂၂၃၆၉ |
| ၈။ | တူရကီ | ၁၃၆၇၅၅၈၁ | ၁၂၈၅၃၈၉၉ | ၉၂၉၉၀ |
| ၉။ | အီတလီ | ၁၂၅၅၄၅၉၆ | ၁၁၁၀၉၂၉၁ | ၁၅၃၅၁၂ |
| ၁၀။ | စပိန် | ၁၀၈၈၀၁၉၄ | ၈၈၇၆၉၉၆ | ၉၈၆၃၆ |


## ၂၃-၂-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၅၃၅၀၉၀၂ | ၄၆၃၂၃၅၅ | ၁၄၇၀၂၅ |
| ဖိလစ်ပိုင် | ၃၆၅၅၇၀၉ | ၃၅၄၄၂၈၃ | ၅၅၉၇၇ |
| မလေးရှား | ၃၂၇၃၉၅၈ | ၂၉၇၄၄၄၁ | ၃၂၄၃၃ |
| ဗီယက်နမ် | ၂၈၉၀၅၂၂ | ၂၃၀၅၀၈၁ | ၃၉၆၈၂ |
| ထိုင်း | ၂၇၇၀၇၉၃ | ၂၅၇၄၄၅၈ | ၂၂၇၃၃ |
| စင်ကာပူ | ၆၂၂၂၉၃ | ၅၅၇၄၅၀ | ၉၅၆ |
| မြန်မာ | ၅၇၅၅၀၈ | ၅၂၇၃၆၇ | ၁၉၃၄၉ |
| လာအို | ၁၄၁၆၉၄ | ၁၃၉၂၁၉ | ၆၁၆ |
| ကမ္ဘောဒီးယား | ၁၂၈၁၃၃ | ၁၂၁၅၅၃ | ၃၀၂၃ |
| ဘရူနိုင်း | ၄၄၃၃၄ | ၂၂၇၁၈ | ၁၁၂ |

# ဂျပန်နိုင်ငံ စနစ်တကျကိုင်တွယ်ဖြေရှင်းနေရသည့် ဖူကူရှီးမားဓာတ်ပေါင်းဖို အဏုမြူစွန့်ပစ်ပစ္စည်းအခက်အခဲ

*တက္ကသိုလ်မောင်ရှုပ*

ဂျပန်နိုင်ငံအနေနဲ့ ရေဒီယိုသတ္တိကြွပစ္စည်းများ ပါဝင်နေတဲ့ရေတွေကို သိုလှောင်ကန်မှာ ထိန်းသိမ်းထားပြီး ပြန်လည်သန့်စင်ခဲ့တဲ့ ပြုပြင်ပြီးရေတန်ချိန် ၁ သန်းကျော်ကို ပစိဖိတ်သမုဒ္ဒရာ ပင်လယ်ပြင်အတွင်း ပြန်လည်စွန့်ပစ်သွားမယ်လို့ ဂျပန်အစိုးရက ၂၀၂၁ ခုနှစ် ဧပြီလ ၁၃ ရက်နေ့က ဆုံးဖြတ်ချက် ချမှတ်ခဲ့ပါတယ်။ ဒီပြုပြင်ပြီးရေတွေကို သိုလှောင်နိုင်မယ့် ပမာဏဟာ ၂၀၂၂ ခုနှစ် နှစ်စပိုင်းမှာ ပြည့်တော့မှာဖြစ်လို့ အခုလိုဆုံးဖြတ်ခဲ့ရတာဖြစ်တယ်လို့ ဂျပန်အစိုးရက သတင်းထုတ်ပြန်ခဲ့ပါတယ်။ ဒီရေဒီယိုသတ္တိကြွပစ္စည်းတွေ ပါဝင်နေတဲ့ရေတွေကို ပြန်လည်သန့်စင်ခဲ့ရာမှာ အန္တရာယ်မရှိတော့တဲ့ အခြေအနေကို ရောက်ရှိလာခဲ့ပြီးဖြစ်သလို ဒီရေတွေကို သိုလှောင်နိုင်စွမ်းမှာ အကန့်အသတ်တွေ ရှိလာတာကြောင့် အခုလိုဆုံးဖြတ်ခဲ့ရတာဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။ သို့သော်လည်း ဂျပန်အစိုးရရဲ့ ဆုံးဖြတ်ချက်ချမှတ်ပြီး မကြာခင်မှာပဲ ပြည်တွင်းပြည်ပကနေ ကန့်ကွက်မှုတွေ ထွက်ပေါ်လာခဲ့ပါတယ်။



၂၀၁၁ မြေငလျင်နှင့် ဆူနာမီကြောင့် ပျက်စီးခဲ့သည့် ဖူကူရှီးမားအဏုမြူဓာတ်ပေါင်းဖိုတစ်လုံးကို တွေ့ရစဉ်။

### ဖြစ်စဉ်အစ

၂၀၁၁ ခုနှစ် မတ်လ ၁၁ ရက်က ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း ပစိဖိတ်ကမ်းလွန်ကို ဗဟိုပြုပြီး အင်အားအလွန်ပြင်းထန်တဲ့ ရစ်ချက်တာစကေး အဆင့် ၉ ရှိ မြေငလျင်ကြီး လှုပ်ခတ်ခဲ့ပါတယ်။ မြေငလျင်ရဲ့ ပြင်းအားပမာဏကိုက ကြီးမားတာရယ်၊ ငလျင်ကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာတဲ့ ဆူနာမီရေလှိုင်းကြီးတွေကြောင့် လူပေါင်း ၁၃၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရပြီး ၂၅၀၀ ကျော် ပျောက်ဆုံးခဲ့ပါတယ်။ ငလျင်ရဲ့ဒဏ်ကို အများဆုံး ခံစားခဲ့ရတဲ့ တိုဟိုကုဒေသ (Tohoku region) ဟာလည်း အပျက်အစီးအများဆုံး ကြုံတွေ့ခဲ့ရပါတယ်။ အပျက်အစီးတွေထဲမှာ အန္တရာယ်အကြီးမားဆုံး အပျက်အစီးကတော့ ဖူကူရှီးမားခရိုင်အတွင်းမှာရှိတဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနေတဲ့ အဏုမြူဓာတ်ပေါင်းဖိုအချို့ ထိခိုက်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။

ဖူကူရှီးမားခရိုင် အိုကူးမမြို့ (Okuma) မှာရှိတဲ့ ဒိုင်အိချိအဏုမြူဓာတ်အားပေးစက်ရုံမှာ ဓာတ်ပေါင်းဖို ခြောက်လုံးရှိတဲ့အနက် ဓာတ်ပေါင်းဖို လေးလုံးဟာ ငလျင်နဲ့ဆူနာမီဒဏ်ကြောင့် ပျက်စီးမှုဖြစ်ခဲ့ပါတယ်။ ဂျပန်နိုင်ငံဟာ ငလျင်ဒဏ်ကို မကြာခဏ ကြုံတွေ့ခံစားရတဲ့နိုင်ငံဖြစ်ပါတယ်။ ကမ္ဘာတစ်ဝန်း လှုပ်ခတ်ခဲ့တဲ့ ငလျင်တွေရဲ့ ၁၈ ရာခိုင်နှုန်းကျော်ဟာ ဂျပန်နိုင်ငံမှာ ဖြစ်ပွားခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ဂျပန်ဟာ မြေငလျင်နဲ့ပတ်သက်လာရင် အရာရာတိုင်းကို စနစ်တကျ တွက်ချက်ဆောင်ရွက်ထားတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ ငလျင်လှုပ်ပြီဆိုတာနဲ့ အန္တရာယ်ရှိနိုင်မှု အနေအထားပေါ်မူတည်ပြီး မြန်နှုန်းမြင့်အရှိန်နဲ့ မောင်းနှင်နေတဲ့ ကျည်ဆန်ရထားတွေ အလိုအလျောက် ရပ်တန့်သွားစေမယ့် အာရုံခံစနစ်တွေ၊ ပြည်သူလူထုကို ရုပ်မြင်သံကြား၊ ရေဒီယိုနဲ့ ရပ်ကွက်အလိုက် အသိပေးနိုင်မယ့်စနစ်တွေ စီစဉ်ထားရှိပါတယ်။ အဆောက်အအုံတွေ ဆောက်လုပ်ရာမှာလည်း သတ်မှတ်ထားတဲ့ စံနှုန်းစံထားဆိုင်ရာဥပဒေ (The Building Standards Law) ကို ငလျင်ပြင်းအားပမာဏ ၆ (သို့မဟုတ်) ၇ အထိ ခံနိုင်ရည်ရှိရမယ့် ပြင်ဆင်ချက်ကို ၁၉၈၁ ခုနှစ်မှာ အတည်ပြုပြဋ္ဌာန်းခဲ့ပါတယ်။ ကလေးသူငယ်၊ ကျောင်းသူ ကျောင်းသားတွေ အပါအဝင် ပြည်သူလူထုကိုလည်း ငလျင်လှုပ်လာရင် ဆောင်ရ၊ ရှောင်ရမယ့် အချက်တွေကိုလည်း အမြဲတမ်း အသိပေးလျက်ရှိသလို လေ့ကျင့်မှုတွေလည်း မကြာခဏပြုလုပ်လေ့ရှိပါတယ်။ တစ်နည်းအားဖြင့် ငလျင်ကို ရင်ဆိုင်နိုင်အောင် စနစ်တကျ ပြင်ဆင်ထားတဲ့နိုင်ငံ ဖြစ်ပါတယ်။

အခု ဒိုင်အိချိအဏုမြူဓာတ်အားပေးစက်ရုံ ဖြစ်စဉ်မှာလည်း ငလျင်လှုပ်တာနဲ့ ဓာတ်ပေါင်းဖိုမှာ လည်ပတ်နေတဲ့ အဏုမြူဓာတ်ပြိုကွဲခြင်းဖြစ်စဉ် (fission reactions) ဟာ အလိုအလျောက် ရပ်ဆိုင်းခဲ့ပါတယ်။ လျှပ်စစ်မီးပျက်သွားတဲ့အတွက် ဓာတ်ပေါင်းဖိုအတွင်းပိုင်းက လောင်စာတွေ အပူချိန်မြင့်မားနေတာကို အအေးခံတဲ့စနစ် ဆက်လက်မောင်းနှင်နိုင်စေဖို့ ဒီဇယ်နဲ့မောင်းနှင်တဲ့ မီးအားပေးစက်တွေလည်း ပွင့်လာခဲ့ပါတယ်။ သို့သော် ငလျင်ကြောင့် ဖြစ်ပေါ်လာတဲ့ ဆူနာမီရေလှိုင်းကြီးတွေဟာ ၄၆ ပေအထိ မြင့်မားတဲ့အတွက် ရေတားနံရံတွေကို ကျော်လွန်ရောက်ရှိလာပြီး ဓာတ်ပေါင်းဖို လေးခု အတွင်း ရေတွေဝင်ရောက်ခဲ့ပါတယ်။ အကျိုးဆက်အဖြစ် ဒီဇယ်နဲ့မောင်းနှင်တဲ့ မီးအားပေးစက်တွေ ပျက်စီးသွားတဲ့အတွက် အအေးခံစနစ်ပျက်စီးသွားပြီး အဏုမြူပျော်ကျမှု (nuclear meltdown)၊ ဟိုက်ဒရိုဂျင် ပေါက်ကွဲမှု (hydrogen explosion) တွေ ဖြစ်ပွားခဲ့ပြီး ဓာတ်ပေါင်းဖို သုံးခုမှာ အဏုမြူဓာတ်ကြွပစ္စည်းတွေ စိမ့်ထွက်မှုဖြစ်ပေါ်ခဲ့ရပါတယ်။ ပျက်စီးသွားတဲ့ ဓာတ်ပေါင်းဖိုတွေကနေ ရေဒီယိုသတ္တိကြွပစ္စည်းတွေ လေထုထဲကို ပျံ့လွင့်ခဲ့တဲ့အတွက် အနီးတစ်ဝိုက်ဒေသမှာ နေထိုင်ကြတဲ့ ဒေသခံပြည်သူ ၁၅၄၀၀၀ ကျော်ကို အန္တရာယ်ကင်းလွတ်ရာဒေသဆီ ရွှေ့ပြောင်းပေးခဲ့ရသလို ဓာတ်ပေါင်းဖိုထဲ ဝင်ရောက်လာတဲ့ ရေတွေမှာလည်း ရေဒီယိုသတ္တိကြွ အိုင်ဆိုတုပ်တွေ စိမ့်ဝင်ခဲ့ပြီး အချို့ရေတွေလည်း ပစိဖိတ်သမုဒ္ဒရာထဲ ပြန်လည်စီးဝင်ရောက်ရှိခဲ့ပါတယ်။ ဒီဖြစ်စဉ်ကြီးဟာ ဂျပန်နိုင်ငံအတွက် ရေရှည်ရင်ဆိုင် ကိုင်တွယ်ဖြေရှင်းရမယ့် ပြဿနာရဲ့ မူလအစ ဖြစ်လာခဲ့ပါတယ်။

“ဖူကူရှီးမားခရိုင် အိုကူးမမြို့ (Okuma)မှာရှိတဲ့ ဒိုင်အိချိအဏုမြူဓာတ်အားပေးစက်ရုံမှာ ဓာတ်ပေါင်းဖို ခြောက်လုံးရှိတဲ့အနက် ဓာတ်ပေါင်းဖို လေးလုံးဟာ ငလျင်နဲ့ဆူနာမီဒဏ်ကြောင့် ပျက်စီးမှုဖြစ်ခဲ့”

### ဂျပန်အစိုးရ၏ ကိုင်တွယ်ဆောင်ရွက်မှုများ

၂၀၁၁ ခုနှစ် သဘာဝဘေးအန္တရာယ်ကြောင့် ဖူကူရှီးမား အဏုမြူဓာတ်ပေါင်းဖိုမှာ ပျက်စီးမှုတွေ ဖြစ်ပေါ်ခဲ့ရခြင်းဟာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ စီးပွားရေးနဲ့ လူမှုရေးဆိုင်ရာ အခက်အခဲတွေကို ကြုံတွေ့လာစေခဲ့ပါတယ်။ ဒီအခက်အခဲအများစုကို ဂျပန်နိုင်ငံဟာ ဖွံ့လုံ့လဝီရိယစိုက်ထုတ်ကြိုးပမ်းခဲ့သလို တီထွင်ဖန်တီးနိုင်စွမ်းအားတွေအပေါ် အခြေခံပြီး ဖြေရှင်းခဲ့တာကို တွေ့မြင်နိုင်ပါတယ်။ ဂျပန်နိုင်ငံဟာ ရေဒီယိုသတ္တိကြွပစ္စည်းတွေ ပါဝင်နေတဲ့ရေတွေ ပင်လယ်ပြင်ထဲ စီးဝင်နေမှု ရပ်တန့်စေဖို့ ဓာတ်ပေါင်းဖိုအနီးတစ်ဝိုက် ကမ်းရိုးတန်းမှာ ရေခဲနံရံ (Ice Wall) လို့ခေါ်တဲ့ အေးခဲထားတဲ့ မြေကြီးတွေနဲ့ ၁ ဒသမ ၅ ကီလိုမီတာအရှည်ရှိတဲ့ ရေတားနံရံကိုလည်း ဆောက်လုပ်ခဲ့ပါတယ်။ ၂၀၁၁ ခုနှစ် ဇူလိုင်လမှာ ဂျပန်နိုင်ငံ ဒိုင်းယက်လွှတ်တော်က ဖွဲ့စည်းပေးလိုက်တဲ့ဖူကူရှီးမား အဏုမြူဓာတ်ပေါင်းဖို မတော်တဆဖြစ်စဉ်အတွက် လွတ်လပ်စွာစုံစမ်းစစ်ဆေးရေးကော်မရှင် (National Diet of Japan Fukushima Nuclear Accident Independent Investigation Commission–NAIIC) ဟာ လိုအပ်တဲ့ စုံစမ်းစစ်ဆေးမှုတွေပြုလုပ်ပြီး ၂၀၁၂ ခုနှစ် ဇူလိုင်လမှာ အစီရင်ခံစာကို ထုတ်ပြန်ခဲ့ပါတယ်။

အစီရင်ခံစာမှာ ဖူကူရှီးမား အဏုမြူဓာတ်ပေါင်းဖိုတွေကို တာဝန်ယူဆောင်ရွက်နေတဲ့ တိုကျိုလျှပ်စစ်ဓာတ်အားကုမ္ပဏီ (Tokyo Electric Power Company–TEPCO) ဟာ အန္တရာယ်ဖြစ်နိုင်ခြေကြိုတင်လေ့လာဆန်းစစ်မှု (Risk assessment)၊ ကြိုတင်မျှော်မှန်းမထားတဲ့ အပျက်အစီးတွေ ဖြစ်လာရင် ကိုင်တွယ်ဆောင်ရွက်မှုအစီအစဉ်တွေနဲ့ ကယ်ဆယ်ရေးအစီအစဉ်တွေစတဲ့ လုံခြုံရေးဆိုင်ရာ အခြေခံလိုအပ်ချက်တွေ ပြည့်မီမှုမရှိဘူးလို့ ဖော်ပြခဲ့ပါတယ်။ TEPCO ကလည်း နောက်ပိုင်းမှာ လိုအပ်ချက်တွေရှိခဲ့ကြောင်း ဝန်ခံခဲ့ပါတယ်။

ဂျပန်အစိုးရဟာ ပျက်စီးသွားတဲ့ အဏုမြူဓာတ်ပေါင်းဖိုတွေဆီက လောင်စာတောင့်တွေကို အအေးပေးနိုင်ဖို့ ရေနဲ့အမြဲဖျန်းနေရပါတယ်။ ဒီအအေးခံတဲ့ရေတွေဟာ အဏုမြူလောင်စာနဲ့ ထိတွေ့ပြီးနောက်မှာ ရေဒီယိုသတ္တိကြွပစ္စည်းများ ရောနှောပါဝင်လာပါတယ်။ ဒီရေဒီယိုသတ္တိကြွရေ (contaminated water) တွေကို ဂျပန်အစိုးရဟာ ဖူကူရှီးမားဓာတ်ပေါင်းဖိုအနီးတစ်ဝိုက်မှာ ရေလှောင်ကန်ကြီးတွေဆောက်ပြီး သိုလှောင်ထားရပါတယ်။ ပြီးတော့မှ သိုလှောင်ထားတဲ့ ရေတွေကို Multi–nuclide removal equipment စက်ကြီးတွေ အသုံးပြုပြီး Advanced Liquid Processing System (ALPS) နည်းစနစ်တွေနဲ့ ရေဒီယိုသတ္တိကြွပစ္စည်းတွေကို ဖယ်ထုတ်ခဲ့ပါတယ်။ ဖယ်ထုတ်လို့မရတဲ့ ထရစ်တြီယံ (Tritium) ပစ္စည်းကလွဲလို့ ကျန်ရေဒီယိုသတ္တိကြွပစ္စည်းတွေကို ဖယ်ရှားပြီးတဲ့ရေ (Treated water) ကိုလည်း သိုလှောင်ကန်တွေမှာပဲ ဆက်လက်သိုလှောင်ထားပါတယ်။ ထရစ်တြီယံ ပစ္စည်းကလည်း ပမာဏသိပ်မများရင် အငွေ့ပျံသွားနိုင်လို့ သဘာဝပတ်ဝန်းကျင်နဲ့ လူသားတွေရဲ့ ကျန်းမာရေးကို မထိခိုက်စေနိုင်ဘူးလို့ ပညာရှင်တွေက ထောက်ပြပါတယ်။

ဖူကူရှီးမားဓာတ်ပေါင်းဖိုမှာ ရေဒီယိုသတ္တိကြွရေတန်ချိန်ပေါင်း ၁ ဒသမ ၂၅ သန်းကို လှောင်ကန်ပေါင်း ၁၀၀၀ ကျော်နဲ့ သိုလှောင်ထားရသလို ၂၀၁၁ မြေငလျင်ကြောင့် ပျက်စီးသွားတဲ့ ဓာတ်ပေါင်းဖိုသုံးခုကို အအေးခံနေရတဲ့လုပ်ငန်းစဉ်ကနေ နေ့စဉ် ရေဒီယိုသတ္တိကြွရေတန်ချိန် ၁၅၀ ထွက်ရှိနေပါတယ်။ လှောင်ကန်တွေရဲ့ ရေသိုလှောင်နိုင်မှုပမာဏက တန်ချိန် ၁ ဒသမ ၃၇ သန်းသာ ရှိတာကြောင့် ၂၀၂၂ ခုနှစ်မှာ လှောင်ကန်တွေပြည့်တော့မယ့် အခြေအနေမှာရှိနေပါတယ်။ ဒီသန့်စင်ပြီးရေတွေ ပျောက်ပျက်သွားစေဖို့ နည်းလမ်း နှစ်ရပ်ကို ပညာရှင်တွေက အဆိုပြုထားပါတယ်။ ပထမနည်းလမ်းက အငွေ့ပျံစေတဲ့နည်းလမ်း (evaporation method) ဖြစ်ပြီး ဒုတိယနည်းလမ်းကတော့ ပင်လယ်ပြင်ထဲကို ပြန်လည်စွန့်ပစ်ခြင်းပဲ ဖြစ်ပါတယ်။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

အငွေ့ပျံစေတဲ့ နည်းလမ်းကို ၁၉၇၉ ခုနှစ်က အမေရိကန်ပြည်ထောင်စု ပင်ဆယ်ဗေးနီးယားပြည်နယ်မှာရှိတဲ့ Three Miles Island အဏုမြူဓာတ်ပေါင်းဖို မတော်တဆဖြစ်မှုမှာ ထွက်ပေါ်လာတဲ့ ရေဒီယိုသတ္တိကြွပစ္စည်းတွေကို သန့်စင်ရာမှာ အသုံးပြုခဲ့ပါတယ်။ သို့သော် အခုဖူကူရှီးမားဖြစ်စဉ်မှာ ရေပမာဏဟာ တန်ချိန်သန်းပေါင်းများစွာ ရှိနေတဲ့အတွက် အငွေ့ပျံစေတဲ့နည်းလမ်းက လက်တွေ့မဆန်တာကို တွေ့မြင်နိုင်ပါတယ်။

ဒါကြောင့် ဂျပန်အစိုးရဟာ ပြန်လည်ပြုပြင်သန့်စင်ပြီးတဲ့ ရေတွေကို ပင်လယ်ပြင်ထဲကို ပြန်လည်စွန့်ပစ်ဖို့ ဆုံးဖြတ်ခဲ့ပုံရပါတယ်။ ဒီလိုဆုံးဖြတ်ခဲ့ရတာလည်း သိုလှောင်ထားရှိနိုင်မှုစွမ်းရည်အကန့်အသတ် ရှိလာပြီဖြစ်လို့ မလွှဲသာမရှောင်သာ အခြေအနေမျိုးရောက်လာလို့ ဆုံးဖြတ်ခဲ့ရတာလို့ သိရပါတယ်။ ဒီလိုစွန့်ပစ်ရာမှာတောင် တဖြည်းဖြည်းနဲ့ စွန့်ပစ်ရမှာဖြစ်လို့ စတင်စွန့်ပစ်နိုင်ဖို့တောင် အချိန် နှစ်နှစ်လောက်ယူရမှာဖြစ်ပြီး တန်ချိန် ၁ သန်းကျော်ကို စွန့်ပစ်ဖို့ နှစ် ၃၀ လောက်ကြာမယ်လို့ သိရပါတယ်။ ပြန်လည်သန့်စင်ပြီးတဲ့ ရေတွေမှာ ပါဝင်တဲ့ ရေဒီယိုသတ္တိကြွမှုအဆင့်ဟာ ပုံမှန်သောက်သုံးရေမှာ ပါဝင်တဲ့ အဆင့်ထက်ပင် လျော့နည်းကြောင်း၊ ဂျပန်အစိုးရအနေနဲ့ ပြည်တွင်းစံနှုန်းများနဲ့ နိုင်ငံတကာစည်းမျဉ်းသတ်မှတ်ချက်တွေထက် ကျော်လွန်ပြီး လုံခြုံမှုအာမခံချက်ပေးနိုင်မယ့် နည်းလမ်းတွေနဲ့ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ ဒ့ါအပြင် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA) နဲ့ သဘာဝပတ်ဝန်းကျင် စောင့်ကြည့်စစ်ဆေးမှု လုပ်ငန်းစဉ်များကိုလည်း လုပ်ဆောင်သွားမယ်လို့ ကတိပြုပြောကြားခဲ့ပါတယ်။ သို့သော် ပြည်ပကရော၊ ပြည်တွင်းကပါ ကန့်ကွက်မှုတွေ ထွက်ပေါ်လာခဲ့ပါတယ်။



မြေငလျင်နှင့် ဆူနာမီကြောင့် ပျက်စီးခဲ့သည့် ဖူကူရှီးမားအဏုမြူဓာတ်ပေါင်းဖိုနေရာတွင် ဂျပန်အစိုးရက ရေဒီယိုသတ္တိကြွရေများနှင့် သန့်စင်ပြီးရေများကို ရေလှောင်ကန်ကြီးများဖြင့် စနစ်တကျ သိုလှောင်ထားသည်ကို တွေ့ရစဉ်။

### ပြည်တွင်းပြည်ပ ကန့်ကွက်မှုများ

ဂျပန်နိုင်ငံရဲ့ ဆုံးဖြတ်ချက်နဲ့ ပတ်သက်ပြီး အိမ်နီးချင်းနိုင်ငံတွေက ကန့်ကွက်မှုတွေ ပြုလုပ်ခဲ့ကြပါတယ်။ တရုတ်နိုင်ငံက ဂျပန်နိုင်ငံရဲ့ လုပ်ရပ်ဟာ တာဝန်ယူမှုကင်းမဲ့တဲ့ ဆောင်ရွက်ချက်ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံတွေက ပြည်သူတွေရဲ့

**❑ ဖူကူရှီးမားဓာတ်ပေါင်းဖိုမှာ ရေဒီယိုသတ္တိကြွရေ တန်ချိန်ပေါင်း ၁ ဒသမ ၂၅ သန်းကို လှောင်ကန် ပေါင်း ၁၀၀၀ ကျော်နဲ့ သိုလှောင်ထားရသလို ၂၀၁၁ မြေငလျင်ကြောင့် ပျက်စီးသွားတဲ့ ဓာတ်ပေါင်းဖို သုံးခုကို အအေးခံနေရတဲ့လုပ်ငန်းစဉ်ကနေ နေ့စဉ် ရေဒီယိုသတ္တိကြွရေတန်ချိန် ၁၅၀ ထွက်ရှိနေ**

ကျန်းမာရေး၊ စိတ်ချလုံခြုံရေးနဲ့ အရေးပါတဲ့ အကျိုးစီးပွားတွေအပေါ် ဆိုးရွားစွာ ထိခိုက်လာနိုင်ကြောင်း၊ ကုလသမဂ္ဂ ပင်လယ်ပြင်ဥပဒေ ကွန်ဗင်းရှင်း (UNCLOS) အဖွဲ့ဝင်တစ်နိုင်ငံဖြစ်တဲ့ ဂျပန်နိုင်ငံအနေနဲ့ကွန်ဗင်းရှင်းပါအချက်တွေကို လိုက်နာဖို့ လိုအပ်ကြောင်း၊ ဒ့ါအပြင် ရေဒီယိုသတ္တိကြွပြီး ပြန်လည်သန့်စင်ထားတဲ့ရေတွေကို ပင်လယ်ပြင်ထဲ စွန့်ပစ်တာဟာ နောင်ဆိုရင် အစဉ်အလာတစ်ရပ် ဖြစ်သွားနိုင်ကြောင်း၊ ပင်လယ်ပြင်ဟာ အမှိုက်စွန့်ပစ်ရန်နေရာ မဟုတ်ကြောင်း၊ ဖော်ပြထားတဲ့ ထုတ်ပြန်ချက် တစ်စောင်ကို တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ပါတယ်။ ဂျပန်နိုင်ငံအနေနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ စိုးရိမ်ပူပန်မှုတွေကို ထည့်သွင်းမစဉ်းစားဘဲ၊ နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ ညှိနှိုင်းဆွေးနွေးမှုတွေ မပြုလုပ်ဘဲ ဆုံးဖြတ်ချက်မချဖို့နဲ့ အဆိုပါကိစ္စအပေါ် ဆက်လက်ဆောင်ရွက်လာခဲ့မယ်ဆိုရင် လိုအပ်တဲ့အရေးယူမှုတွေ ပြုလုပ်သွားဖို့ တရုတ်နိုင်ငံအနေနဲ့ အခွင့်အရေးရှိကြောင်း ပြောကြားခဲ့ပါတယ်။

အလားတူ တောင်ကိုရီးယားနိုင်ငံကလည်း အိမ်နီးချင်းနိုင်ငံတွေရဲ့ လုံခြုံရေးနဲ့ ပင်လယ်ရေကြောင်း သဘာဝပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေမယ့် အခြေအနေတွေ ဖြစ်ပေါ်လာနိုင်တဲ့အတွက် ဂျပန်နိုင်ငံရဲ့ ဆုံးဖြတ်ချက်ကို လုံးဝလက်မခံနိုင်ကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ဆိုးလ်မြို့မှာရှိတဲ့ ဂျပန်သံအမတ်ကြီးကို ဆင့်ခေါ်ကန့်ကွက်ခဲ့ပါတယ်။ ဂျပန်နိုင်ငံအနေနဲ့ ၎င်းနဲ့အနီးဆုံး အိမ်နီးချင်းဖြစ်ပြီး ပင်လယ်ချင်းထိစပ်နေတဲ့ တောင်ကိုရီးယားနိုင်ငံနဲ့ ညှိနှိုင်းခြင်းမရှိဘဲ တစ်ဖက်သတ် ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းအပေါ် ကန့်ကွက်ကြောင်း ပြောကြားခဲ့ပါတယ်။ ဒ့ါအပြင် ဂျပန်နိုင်ငံရဲ့ အခုလိုလုပ်ဆောင်မယ့်ကိစ္စအပေါ် ပင်လယ်ပြင်ဥပဒေဆိုင်ရာ နိုင်ငံတကာတရားရုံး (International Tribunal for the Law of the Sea) ကို တင်ပြသွားဖို့လည်း သမ္မတ မွန်ဂျေအင်းက ညွှန်ကြားခဲ့တယ်လို့ သိရပါတယ်။ *(ဆက်လက်ဖော်ပြပါမည်)*



ဖူကူရှီးမားဒေသထွက် ပင်လယ်စာများ ပြည်ပတင်ပို့နိုင်ရန် ထုပ်ပိုးနေစဉ်။

## ရှမ်းရွာသစ်မြို့၌ ကိုဗစ် – ၁၉ ကာကွယ်ဆေးများ ကွင်းဆင်း ထိုးနှံပေးလျက်ရှိ



**ရှမ်းရွာသစ် ဖေဖော်ဝါရီ ၂၃**

ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့ ရင်းဘိုင်းကျေးရွာအုပ်စုတွင် ကိုဗစ် – ၁၉ ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်နိုင်စေရန်နှင့် ရောဂါပိုးကူးစက်ပြန့်ပွားမှုကို လျော့နည်းစေရန်ရည်ရွယ်၍ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိသည်။

ရှမ်းရွာသစ်မြို့အတွင်းရှိ သံဃာတော်များ၊ အသက် ၁၈ နှစ်နှင့်အထက် ဒေသနေပြည်သူများ၊ အကြောင်းအမျိုးမျိုးကြောင့် ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့ဝင်များကို ဦးစားပေးအစီအစဉ်ဖြင့် ထိုးနှံပေးခဲ့ပြီး ကာကွယ်ဆေးထိုးရန် ကျန်ရှိနေသေးသော ရှမ်းရွာသစ်မြို့ ရင်းဘိုင်းကျေးရွာအုပ်စုရှိ မဲကတူးကျေးရွာနေပြည်သူများအား ယနေ့နံနက်ပိုင်းက ကွင်းဆင်းထိုးနှံပေးသည်။

ကာကွယ်ဆေးလာရောက်ထိုးနှံသူများအား ရှမ်းရွာသစ်မြို့ ကျေးလက်ကျန်းမာရေးဦးစီးဌာနမှ သားဖွားဆရာမ ဒေါ်နန်းစုစုအောင်၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးခဲ့ပြီး ရှမ်းရွာသစ်မြို့အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများက လိုအပ်သည်များ ပူးပေါင်းကူညီပေးလျက်ရှိပြီး ကာကွယ်ဆေးထိုးရန် ကျန်ရှိနေသူများအား ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးနွဲ့(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် သခွတ္တော(မ)ကျေးရွာနေ ၁၃ နှစ်အရွယ် ကျောင်းသူ တစ်ဦးအား PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့ ရက်စက်စွာ သတ်ဖြတ်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် သခွတ္တော(မ)ကျေးရွာနေ ၁၃ နှစ်အရွယ် ကျောင်းသူတစ်ဦးအား ဖေဖော်ဝါရီ ၂၀ ရက်တွင် PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့ဓားဖြင့် ရက်စက်စွာ သတ်ဖြတ်ခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဝက်လက်မြို့နယ် သခွတ္တော (မ) ကျေးရွာနေ ကျေးလက်ကျန်းမာရေးဆေးခန်းမှ သားဖွားဆရာမဖြစ်သူ ဒေါ်ခိုင်စိုးဦးသည် ဆေးခန်းပြရန်အတွက် ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီခန့်တွင် မန္တလေးမြို့သို့ သွားရောက်စဉ် ခင်ပွန်းဖြစ်သူ ဦးနေလင်းနှင့် သမီးဖြစ်သူ မအိမ့်ကြည်ဖြူခိုင် တို့နှစ်ဦးသည် နေအိမ်၌ ကျန်ရှိခဲ့ကြောင်း၊ ညနေ ၃ နာရီခန့်တွင် ဖခင်ဖြစ်သူ ဦးနေလင်းသည် ကျေးရွာအတွင်းရှိ ဈေးဆိုင်သို့ ဈေးသွားရောက်ဝယ်ယူနေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက ကျန်းမာရေးဝန်ထမ်းဖြစ်သည့် ဒေါ်ခိုင်စိုးဦး အား CDM ပြုလုပ်ခြင်း မရှိသည့်အတွက် ဒလန်ဟုစွပ်စွဲကာ လာရောက်သတ်ဖြတ်စဉ် ၎င်းအားတွေ့ရှိခြင်း မရှိသဖြင့် နေအိမ်၌ ကျန်ရှိနေသည့် သမီးဖြစ်သူ ၁၃ နှစ်အရွယ် ကျောင်းသူအား ယခုကဲ့သို့ ရက်စက်စွာဓားဖြင့် လည်ပင်းအား လှီးဖြတ်သတ်ဖြတ်ခဲ့ကြောင်း သိရှိရသည်။

အထက်ပါဖြစ်စဉ်တွင် အပြစ်မဲ့ကျောင်းသူ တစ်ဦးအား ယခုကဲ့သို့ အကြောင်းမဲ့ ရက်စက်စွာသတ်ဖြတ်ခဲ့မှုနှင့်ပတ်သက်၍ ပြည်သူများအနေဖြင့်အကြမ်းဖက်သမားများအား ရှုံ့ရှာစက်ဆုပ်လျက်ရှိကြောင်း၊ အကြမ်းဖက်မှုကို ကျူးလွန်ခဲ့သူများအား အမြန်ဆုံးဖမ်းဆီးဖော်ထုတ်ရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ပိတ်ဆို့ရှာဖွေမှုများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**ဝက်လက်မြို့နယ် သခွတ္တော (မ)ကျေးရွာနေ ကျေးလက်ကျန်းမာရေးဆရာမ ဒေါ်ခိုင်စိုးဦး ၏ သမီးဖြစ်သူ မအိမ့်ကြည်ဖြူခိုင်အား အကြမ်းဖက်အဖွဲ့မှ သတ်ဖြတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။**

---

❂ *ကျောဖုံးမှ*

ဆိုင်ကယ်အား လုယက်ယူဆောင်၍ လက်ဆည်-ပေါက် သွားကားလမ်းအတိုင်း ပေါက်မြို့ဘက်သို့ ထွက်ပြေးသွားခဲ့ကြောင်း သိရှိရသည်။

ထို့အပြင် ဖေဖော်ဝါရီ ၂၂ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အမှတ် (၄) ရပ်ကွက် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနရုံး၊ နိုင်ငံခြားသားများရေးရာဌာန၊ ပြည်ဝင်/ပြည်ပြန်ဝင်နှင့် နေခွင့်ပြုခြင်းဆိုင်ရာဌာနခွဲ ရုံးဝင်းအတွင်း PDF အမည်ခံ အကြမ်းဖက်သမား များက လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ရာ အဆိုပါဖောက်ခွဲမှုကြောင့် ရန်ကင်းမြို့နယ် အမှတ် (၁၁) ရပ်ကွက်နေ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးခိုင်အုန်း (၅၄) နှစ် (ဘ) ဦးတင်အုန်း၊ အင်းစိန်မြို့နယ် ရွာမအရှေ့ ရပ်ကွက်နေ ဦးစီးအရာရှိ ဒေါ်မိုးမိုးမြင့် (၅၀) နှစ် (ဘ) ဦးထွန်းမြင့်နှင့် ပန်းဘဲတန်းမြို့နယ် အမှတ်(၁၁) ရပ်ကွက်နေ ဦးစီးအရာရှိ ဒေါ်ချိုချိုမာ (၄၅)နှစ် (ဘ) ဦးဘာဘာတို့ သုံးဦးတွင် မိုင်းစထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့သဖြင့် နယ်မြေခံ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း သိရှိရသည်။



ဒေါ်လှဲ့လှဲ့ (သေဆုံး)

အထက်ပါ ဖြစ်စဉ်များတွင် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့သူများအား အမြန်ဆုံး ဖော်ထုတ်ဖမ်းဆီးရမိရေး လုံခြုံရေး တပ်ဖွဲ့ဝင်များက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

❊ *ကျောဖုံးမှ*

ကမ္ဘာ့ချန်ပီယံလုပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်ရခြင်းဖြစ်ပြီး ယခုအကြိမ်တွင်မူ စိန်ခေါ်ပွဲအဖြစ် ထိုးသတ်ရခြင်းဖြစ်သည်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီက ပထမအကြိမ် တွေ့ဆုံရာတွင် ဘစ်ဒက်ရှ်က အမှတ်ဖြင့် အနိုင်ယူကာ ချန်ပီယံဆု ကာကွယ်နိုင်ခဲ့သော်လည်း ၂၀၁၇ ခုနှစ် ဇွန်လတွင် ဒုတိယအကြိမ်တွေ့ဆုံရာတွင် အောင်လအန်ဆန်က အမှတ်ဖြင့် ပြန်လည်အနိုင်ယူကာ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆု ပထမဆုံးရယူနိုင်ခဲ့သည်။ အောင်လအန်ဆန်နှင့် ဘစ်ဒက်ရှ်သည် ယင်းနောက်ပိုင်း ပြန်လည်ထိုးသတ်ရန် စီစဉ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပျက်ပြယ်ခဲ့ပြီး ငါးနှစ်နီးပါးအကြာမှသာ ပြန်လည်တွေ့ဆုံခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာတွင် လက်လွှတ်ရပြီးနောက်ပိုင်း စိန်ခေါ်ပွဲများသာ ထိုးသတ်နေရပြီး ကမ္ဘာ့ချန်ပီယံဆုကို ပြန်လည်စိန်ခေါ်ခွင့်မရသေးကြောင်း သိရသည်။ အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း စိန်ခေါ်ပွဲအဖြစ် ၂၀၂၁ ခုနှစ် ဇူလိုင်လကုန်ပိုင်းက ဘရာဇီးနိုင်ငံသား လီအန်ဒရိုနှင့်ထိုးသတ်ခဲ့ရာ ပထမအချီတွင် အလဲထိုးအနိုင်ရခဲ့ပြီး ဒုတိယမြောက် စိန်ခေါ်ပွဲအဖြစ် ဘစ်ဒက်ရှ်နှင့် ထိုးသတ်ရခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲတွင် တွဲဆိုင်းစုစုပေါင်း ၁၂ ပွဲ ပါဝင်မည်ဖြစ်ပြီး ကမ္ဘာ့ချန်ပီယံလုပွဲနှစ်ပွဲနှင့် စိန်ခေါ်ပွဲ ၁၀ ပွဲ ပါဝင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲအဖြစ် လက်ရှိချန်ပီယံ နယ်သာလန်နိုင်ငံသား ဒီရစ်ဒါနှင့် စိန်ခေါ်သူ ကာဂျစ္စတန်နိုင်ငံသား အဘာဆော့ဗ်၊ လိုက်ဟဲဗီးဝိတ်တန်း ကစ်ဘောင်ဆင်ကမ္ဘာ့ချန်ပီယံလုပွဲအဖြစ် လက်ရှိချန်ပီယံ ယူကရိန်းနိုင်ငံသား ရိုမန်နှင့် စိန်ခေါ်သူ နယ်သာလန်/တူရကီနိုင်ငံသား မူရတ်၊ စိန်ခေါ်ပွဲများအဖြစ် ရာဟူ (အိန္ဒိယ) နှင့် ဇမ်ဘိုရီဂါ (ဖိလစ်ပိုင်)၊ ယီဘို (တရုတ်) နှင့် ပါအူတေးစ် (စပိန်)၊ ဆီမို့စ် (ဘရာဇီး) နှင့် ဒန်နီရယ်လ် ( ရုရှား)၊ မာတင် (ဩစတြေးလျ) နှင့် ဆန်ဒေးလ် (ဆွီဒင်)၊ ခရစ္စရှော (စကော့တလန်) နှင့် ဗယ်လယ်ဒီမာ (ရုရှား)၊ ဒါဆေးလ်ဗား (ဘရာဇီး) နှင့် ဇီဘာစတန် (ဆွီဒင်)၊ ဖေဘီစီယို (ဘရာဇီး) နှင့် ဂျေမီရီ (ဖိလစ်ပိုင်)၊ ဂူတို (ဘရာဇီး) နှင့် ဘရူနို (ပေါ်တူဂီ)၊ အန်ရီကို (ဂျာမနီ) နှင့် အိုဇီချန် (တူရကီ) တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

**ရဲရင့်လွင်**

---

# တရားမဝင်သစ်မျိုးစုံနှင့်နွားများ၊ လိုင်စင်မဲ့မော်တော်ယာဉ်၊ စက်လှေနှင့်ဆိုင်ကယ်၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများ ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

**တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၁ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပြည်နယ်သစ်တော ဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်း စစ်ဆေးရေးအဖွဲ့များဖြင့် သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ သံတွဲမြို့နယ်၊ တောင်ကုတ်မြို့နယ်နှင့် အမ်းမြို့နယ်တို့အတွင်း တရားမဝင် သစ်မျိုးစုံ ၇ ဒသမ ၈၂၀၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၀၆၇၆) ကို ဖမ်းဆီးရမိခဲ့ပြီးသစ်တော ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။**

ထို့အပြင် ဖေဖော်ဝါရီ ၂၂ ရက်တွင် တနင်္သာရီရေတပ်စခန်းဌာနချုပ်မှ ဗိုလ်မှူးမင်းသိန်း ဦးစီးတပ်ဖွဲ့ဝင်များသည် တရားမဝင် ပိတောက်သစ်ခွဲသား ၁၀၀ ဒသမ ၄၈၉၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၁၁၂၆၀၈၀)နှင့် ၎င်းသစ်များ တင်ဆောင်လာသော အလျားပေ ၁၁၀ ၊ အနံ ၃၄ ပေ၊ စောက် ၁၃ ပေရှိ သစ်သားကိုယ်ထည် လိုင်စင်မဲ့စက်လှေ တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၃၅၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၁၄၇၆၀၈၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရောဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနနှင့် ပူးပေါင်း စစ်ဆေးရေးအဖွဲ့များက ရှောင်တခင် စစ်ဆေးရာတွင် ဘိုကလေးမြို့နယ်နှင့် သာပေါင်းမြို့နယ်တို့အတွင်း တရားမဝင် သစ်မျိုးစုံ ၅၇ ဒသမ ၇၇၇၁ တန် စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၇၃၀၃၂) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်မြို့ မြန်မာ့စက်မှုဆိပ်ကမ်းတွင် တာဝန်ကျ အကောက်ခွန်အဖွဲ့မှ ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားသည်ထက် ပိုမို တင်ဆောင်လာသော လူသုံးကုန်ပစ္စည်းနှင့် စားသောက်ကုန်ပစ္စည်းမျိုးစုံ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၉၃၅၅၆၄) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ဖေဖော်ဝါရီ ၂၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေဘိုမြို့နယ်တွင် တရားမဝင် တင်ဆောင်လာသော နွား ၄၃ ကောင် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၀၀၀၀၀) ကို တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေး လုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေး ဥပဒေအရ လည်းကောင်း၊ CROWN အမျိုးအစား လိုင်စင်မဲ့ မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၀၀၀၀၀)၊ မုံရွာမြို့နယ်အတွင်း CZI-125 အမျိုးအစား လိုင်စင်မဲ့ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀)နှင့် ရွှေဘိုမြို့နယ်အတွင်း SHAYAN-125 အမျိုးအစား လိုင်စင်မဲ့ ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀) စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၀၀၀၀)ကို ပို့ကုန် သွင်းကုန်ဥပဒေအရလည်းကောင်း အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဖေဖော်ဝါရီ ၂၃ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်း စစ်ဆေးရေးစခန်း၌ ပူးပေါင်း စစ်ဆေးရေးအဖွဲ့မှ ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ဆပ်ပြာမှုန့် အထုပ် ၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဖေဖော်ဝါရီ ၂၁ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၃၁၀၅၃၅၂) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၄-၂-၂၀၂၂ ကြာသပတေးနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ တေဇျာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** မျိုးဝှက်မသိမ်ဇာတ်ရောင်ရှိန် မပိုနိုင်တော့ပဲဆုတ်ခွာအလှ
**၀၉:၁၀** သမိုင်းပြတိုက်ထဲကချစ်စရာ ပန်းကလေးတို့မြေ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၁:၃၀** ရုပ်မြင်သံကြားဇာတ်လမ်း 'အပြင့်မျှင့်ငှက်'
**၁၃:၃၀** MRTV National News
**၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'ဓာတုဗေဒဘာသာရပ်'
**၁၆:၃၅** မျက်မှောက်ရေးရာအဖြာဖြာ
**၁၇:၁၅** Soccer View
**၁၇:၃၀** လူမှုစီးပွားမြင်ကွင်းများ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၁၉:၃၅** မြန်မာဇာတ်လမ်းတွဲ 'ရုပ်ကွက်ထဲမှာဒီလိုပဲ' (အပိုင်း-၃) (ကျော်ကျော်၊ Wai လျှံ၊ ဆောင်းယွန်းစံ)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၂၁:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'အဝေးဆုံးသောနေရာ' (အပိုင်း-၁၉)
**၂၂:၁၀** ရုပ်မြင်သံကြားဇာတ်လမ်း 'ချစ်သောဘာဘီ'

**mitv**

**07:01** Evergreen Classic: Aung Zay Paing Zay (Ei Ei Mon, Ei Ei Chon)
**07:07** ASEAN Socio-Cultural Community #2: Bringing Opportunities Closer to ASEAN People
**07:14** History Of Wishfulfilling Mai-Lamu Pagoda
**07:33** Let's go to Hlawga Nature Park
**07:53** Traffic Police
**08:01** Traditional Chin Clothes
**08:07** Healthy Diet: Fasting Diet
**08:15** Talking Shwe Thway (Children Journal)
**08:27** Those Who Never Give Up (Ep-6) In Pursuit of a dream
**09:01** News
**09:27** Products of Myanmar - Velvet Slipper
**09:40** The Hills Of Phowintaung And Shwebataung

**MRTV NRC**

**ပအိုဝ်းကရင် (၀၆:၀၀ မှ ၀၇:၀၀)**
တုတ်ကွေးရောဂါအကြောင်းသိကောင်းစရာ
**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ဆီးချိုသွေးချိုအကြောင်းသိကောင်းစရာ
**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
စာပေစကားပြောကြရအောင် (အပိုင်း-၄)
**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
တောင်ကြာပန်းများစံပျော်ရာဇိနိမ့်တောင်
**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင် (အပိုင်း-၂)
**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
မွန်ရိုးရာခေါက်မုန့်ပြုလုပ်နည်း
**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
မာရ်ငါးပါးဘုရားဖူးကြမယ်
**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ကိုယ်ဝန်ဆောင်မိခင်များ စိတ်အပြောင်းအလဲမြန်ရခြင်း
**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
ဝညီနောင်တို့ရဲ့သီးခြားကမ္ဘာလေးဆီသို့ (အပိုင်း-၁)
**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
စီးပွားဖြစ်တဲ့ ငှက်ပျောခင်း
**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ကယားတိုင်းရင်းသား ယဉ်ကျေးမှုနှင့် တေးလျားရှာ

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၀၅** လှုပ်လှုပ်ရှားရှားအားကစား
**၀၆:၁၅** အတွေးအမြင်
**၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၀:၀၀** နိုင်ငံတကာသတင်း (LIVE)
**၁၀:၁၅** ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
**၁၀:၃၅** ရှုလေမြင်လေကမ္ဘာမြေ
**၁၁:၁၅** ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု
**၁၃:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** နိုင်ငံတကာသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အရိပ်တကြည့်ကြည့်'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၅)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများ အကြောင်း (အင်ဒိုနီးရှားနိုင်ငံ)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၅)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၂၅** တစ်ဆစ်ကြံစိုက်ပျိုး တောင်သူဝင်ငွေတိုး
**၀၇:၀၅** ချည်မျှင်ရှည်ဝါစိုက်ပျိုးပါ တောင်သူကြွယ်ဝ ဝင်ငွေရ (ရွှေတောင်ဝါ)
**၀၇:၄၀** ကျွဲမွေးဖွယ်ရာတိရစ္ဆာန်အစာ (စားမြုံ့ပြန်သတ္တဝါ)
**၀၉:၁၅** လုပကျွန်းမာသောသီးနှံများနှင့် မြို့ထီလာ
**၀၉:၄၀** ရေချိုတာဖို့လမ်းစဉ်များ တောင်သူတို့အားထား

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် လူ့ရှင်တော်အသင်းနှင့် ကိုလူချော‌အဖွဲ့တို့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်




နေပြည်တော် ဖေဖော်ဝါရီ ၂၃

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်အမှတ် (၅၅) ကို ဖေဖော်ဝါရီ ၂၅ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက် ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေး အစီအစဉ်ကို သရုပ်ဆောင် ကျော်ကျော်နှင့် ခိုင်သဇင်ဦးတို့က တင်ဆက်ကြမည်ဖြစ်ပြီး လူ့ရှင်တော်အသင်းနှင့် ကိုလူချောတို့အဖွဲ့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဖေဖော်ဝါရီ ၂၅၊ ၂၆၊ ၂၇ ရက်များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV HD မှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ညောင်ဦးမြို့နယ် သမအသင်းစုနှင့် မြောင်စိုက်ပျိုးထုတ်လုပ်ရေးသမအသင်းလီမိတက်တို့ မီးဘေးသင့်ပြည်သူများအား ငွေလှူဒါန်း

ညောင်ဦး ဖေဖော်ဝါရီ ၂၃

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် သမဝါယမအသင်းစုနှင့် မြောင်စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း လီမိတက်တို့ ပူးပေါင်း၍ မီးဘေးသင့်အိမ်ထောင်စု ၃၈ စုအတွက် မြောင်စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်မှ ငွေကျပ် ၈၁၀၀၀၀၊ ညောင်ဦးမြို့နယ် သမဝါယမအသင်းစုမှ ငွေကျပ် ၄၁၀၀၀၀၊ ညောင်ဦးမြို့နယ်သမဝါယမ အသင်းစုအမှုဆောင်နှင့် အသင်းဝန်ထမ်းများက ငွေကျပ် ၅၀၀၀၀နှင့် ညောင်ဦးမြို့နယ် သမဝါယမဦးစီးဌာနဝန်ထမ်းများက ငွေကျပ် ၂၁၀၀၀၀ စုစုပေါင်းအလှူငွေကျပ် ၁၄၈၀၀၀၀ ကို လှူဒါန်းကြောင်း သိရသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၃-၂-၂၀၂၂

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၉၀၄၀၀၀ |
| ရန်ကုန် ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၉၂၀၀၀ |
| မန္တလေး ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၉၀၂၀၀၀ |
| မန္တလေး ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၉၀၁၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၆၇၀/၁၇၀၅ ကျပ် | ၁၆၉၀/၁၇၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၆၈၀/၁၇၁၅ ကျပ် | ၁၇၁၀/၁၇၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၆၄၀/၁၇၁၅ ကျပ် | ၁၇၁၀/၁၇၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၇၀၀/၁၇၈၀ ကျပ် | ၁၈၂၀/၁၈၇၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၀၁၇ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၃၂၃ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၅ . ၁၄၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၄၄ . ၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၂၄ . ၈၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၈၁ . ၅၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၃ . ၈၃၇ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၂၀၀ | ၉၄ | ၇၇၀၈၀၀ |
| MTSH | ၂၉၅၀ | ၃၀၀၀ | ၂၁၀ | ၆၂၀၀၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၁၀ | ၈၀၀၀၀ |
| FPB | ၁၉၀၀၀ | ၁၉၀၀၀ | ၂၅၂၈ | ၄၈၀၃၂၀၀၀ |
| TMH | ၂၆၀၀ | ၂၆၅၀ | ၃၁ | ၈၀၆၅၀ |
| EFR | ၂၉၅၀ | ၂၈၀၀ | ၁၈ | ၅၀၈၅၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၁၆ | ၈၀၀၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း - ခြူးစန္ဒီမွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ခြိုးခြံချွေတာရေးမှ တိုးတက်ရေးဆီသို့

မြင့်မောင်စိုး

**ယခုတလော ကျွန်တော်ဖတ်မှတ်မိသော သတင်းများတွင် ခြိုးခြံချွေတာရေးသတင်းများဖြစ်သည်။ နွေရာသီရောက်တော့မည်ဖြစ်၍ ရေကိုချွေတာသုံးစွဲရမည်ဆိုသော သတင်း၊ ဆည်ရေများလျော့နည်းလာ၍ လျှပ်စစ်မီးကိုချွေတာရမည်ဆိုသော သတင်း၊ စားသုံးဆီနှင့်စက်သုံးဆီများ ပြည်ပကတင်သွင်းနေရ၍ လျှော့ချသုံးစွဲသင့်သည်ဆိုသော သတင်း စသည့်ချွေတာရေးသတင်းများဖြစ်လေသည်။ ထိုသတင်းအချက်အလက်များက ယနေ့တိုင်းပြည်တွင် ဘက်ပေါင်းစုံမှ ခြိုးခြံချွေတာရေးစနစ်ကိုကျင့်သုံးပြီး ကုန်ထုတ်စွမ်းအားကို အရှိန်အဟုန်နှင့်မြှင့်တင်သွားရန် သံချောင်းခေါက်လိုက်ခြင်းဖြစ်သည်။**

ဒုတိယကမ္ဘာစစ်ကြီးပြီးနောက် တိုင်းပြည်အသီးသီးတို့သည် စစ်ဘေးစစ်ဒဏ်များကြောင့် အဘက်ဘက်က ယိုယွင်းပျက်စီးခဲ့ပြီး ပြန်လည်ထူထောင်ရေးနှင့်ခြိုးခြံချွေတာရေးစနစ်ကို ထိထိရောက်ရောက်ဆောင်ရွက်ကြရပါသည်။ အချို့သောနိုင်ငံများ ကုန်ထုတ်စွမ်းအားကို မြှင့်တင်ပြီး ခြိုးခြံချွေတာရေးစနစ်ကို ထိထိရောက်ရောက်လုပ်ဆောင်နိုင်မှုကြောင့် မူလအခြေအနေကို ကျော်လွန်ကာ တိုးတက်ကြီးပွားသောနိုင်ငံအဖြစ်သို့ပင် ရောက်ရှိသွားသည်။ ထိုအထဲတွင် ဂျပန်နိုင်ငံသည် အတုယူဖွယ် အကောင်းဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဂျပန်နိုင်ငံသည် ထိုခေတ်ထိုအချိန်က တိုင်းပြည်ကို တိုးတက်အောင် ဆောင်ရွက်လုပ်ကိုင်ရသလို စစ်လျော်ကြေးပေးရသည့်နိုင်ငံများကိုလည်း စစ်လျော်ကြေးပေးခဲ့ရသည်။ ထိုအခက်အခဲ အကျပ်အတည်းမှ လွန်မြောက်ရေးအတွက် ဂျပန်တစ်မျိုးသားလုံး အလုပ်ကိုများများလုပ်ကြပြီး ခြိုးခြံချွေတာရေးစနစ်ကို အသုံးပြုခဲ့ရကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။ ထိုခေတ်ထိုအခါက ဂျပန်နိုင်ငံသာမက စက်မှုခေတ်ရှေ့ပြေးနေသော ဗြိတိန်လိုနိုင်ငံများပင်လျှင် စားရေး၊ သောက်ရေး၊ ဝတ်ရေး နေရာတိုင်းတွင် ခြိုးခြံချွေတာရေး ရာရှင်စနစ်ကို အသုံးပြုခဲ့ရသည်။



မလိုအပ်ဘဲ ရေသုံးစွဲမှုကြောင့် ရေလေလွင့်ဆုံးရှုံးမှု။

## ခြိုးခြံချွေတာခြင်းသည် မင်္ဂလာ

(၃၈)ဖြာမင်္ဂလာတရားတော်တွင် "တပေါစ" ခြိုးခြံချွေတာခြင်းသည် မင်္ဂလာဖြစ်သည်ဟု ဆိုထားသည်။ ထိုမင်္ဂလာတရားတော်နှင့်အညီ ကျင့်ကြံနေထိုင် လုပ်ကိုင်ကြသူတိုင်းသည် ချမ်းသာစွာနေထိုင်ရခြင်း၏ အကြောင်းပင်ဖြစ်သည်။ ကိုယ်စိတ်နှစ်ပါးချမ်းသာခြင်း၏ အကြောင်းပင်ဖြစ်သည်။ ခြိုးခြံစွာနေထိုင်ခြင်းဖြင့် စိတ်ဆင်းရဲခြင်းလည်း မရှိ၊ ကိုယ်ဆင်းရဲခြင်းလည်းမရှိပေ။ ထို့ကြောင့် ခြိုးခြံချွေတာစွာ နေထိုင်ခြင်းသည် မင်္ဂလာပင်ဖြစ်သည်။ ဘဂဝါဘုရား ဟောမြွက်ကြားသည့် ထိုမင်္ဂလာတရားတော်သည် လူသားတိုင်းအတွက် လောကလမ်းညွှန် ကြီးပွားတိုးတက်ရာ တိုးတက်ကြောင်း ထာဝရမှန်ကန်နေသော အကြောင်းတရားပင်ဖြစ်၏။ ထိုတရားတော်နှင့်အညီ လက်ကိုင်ထား ကျင့်သုံးလိုက်နာဆောင်ရွက်ကြသူ အပေါင်းသည် ကြီးပွားတိုးတက်ခြင်းပန်းတိုင်သို့ မလွဲမသွေရောက်ရမည်မှာ အမှန်ပင်ဖြစ်ပါသည်။

**"ရေကိုမူလ ချွေတာကြ၊ လျှပ်စစ်ကိုလည်း ချွေတာပါ"**

ဒီမိုကရေစီအစိုးရနှစ်ဆက် မတိုင်မီက ရေနှင့်မီး ခြိုးခြံချွေတာရေး တိုက်တွန်းဆော်ဩခဲ့သော ဆောင်ပုဒ်တစ်ခုဖြစ်သည်။ အမှန်တကယ်တော့ ရေသည် ကျွန်တော်တို့ မြန်မာနိုင်ငံအတွက်တော့ ရွှေလိုတန်ဖိုးရှိသည်ဟုဆိုရမည်သာ။ အဘယ်ကြောင့်နည်း။ ရေသည် စိုက်ရေးပျိုးရေး၊ နေထိုင်ရေးတို့အတွက် မရှိမဖြစ် လိုအပ်နေခြင်းကြောင့်ပင်ဖြစ်ပါသည်။ ဟုတ်ပါသည်။ ရေမှသောက်ရေသုံးရေကိုလည်း အသုံးချရသည်။ စိုက်ရေးပျိုးရေးအတွက်လည်း ရေသည် အဓိကဇာတ်လိုက်ဖြစ်နေသည်။ လျှပ်စစ်မီးလင်းရေးကြပြန်တော့ ရော သူမပါလျှင်မပြီးပေ။ ထို့ကြောင့်ရေကို မူလချွေတာကြဟု ဆိုခြင်းဖြစ်သည်။

ယနေ့ ရန်ကုန်မြို့ကြီး တစ်ခုတည်းကိုပဲ လေ့လာကြည့်ပါ။ အဓိက မြို့တွင်းနေရာများကို ပေးထားသည့်ရေသည် လှော်ကား၊ ချိုးဖြူ၊ ဖူးကြီး၊ ငမိုးရိပ်၊ လဂွန်းပြင်စသည့် ရေအရင်းအမြစ်များမှပေးဝေနေခြင်းဖြစ်သည်။ ထိုရေအရင်းအမြစ်များသည် မိုးရေကိုအခြေခံသည်။ မိုးတွင်းကာလ မိုးကောင်းကောင်းရွာသွန်းမှသာ မြို့ရေပေးဝေရေးကို ကောင်းစွာစီမံခန့်ခွဲနိုင်သည်။ သောက်ရေနှင့်သုံးရေအရင်းအမြစ်သည် ဆည်ရေပင်ဖြစ်သည်ကို လေ့လာတွေ့ရှိရမည်ဖြစ်ပါသည်။ ရန်ကုန်မြို့တွင် နေ့စဉ်ရေဂါလန်ပေါင်းသန်း၂၅၀ အထက်ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

## စိုက်ပျိုးရေပေးဝေ

မြန်မာနိုင်ငံတွင် စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ရေလှောင်တမံ အပါအဝင် နိုင်ငံတစ်ဝန်းရေလှောင်တမံ ၂၄၅ ခု၊ ရေလွှဲဆည် ၁၄၄ ခု၊ ကန် ၇၂ ခု၊ ရေတံခါး ၁၉၉ ခု၊ မြစ်ရေတင် ၂၁၀ စုစုပေါင်း ဆည်မြောင်းအဆောက်အအုံ ၈၇၀ ကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက တည်ဆောက်ထိန်းသိမ်းကာ နှစ်စဉ် မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံဧက ၂၄ သိန်းခန့်အတွက် စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း သိရသည်။ ခေတ်အဆက်ဆက်က အမြော်အမြင်ကြီးစွာ တည်ဆောက်ခဲ့သည့် ထိုဆည်မြောင်းတာတမံများသည် သောက်ရေ၊ သုံးရေနှင့် စိုက်ပျိုးရေးတို့အတွက်သာမက လျှပ်စစ်မီးလင်းရေး အတွက်ပါ အသုံးပြုနေရခြင်းဖြစ်သည်။

## မိမိအသိစိတ်ဓာတ်ဖြင့်လုပ်ဆောင်

လက်ရှိ မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုမှာ သဘာဝဓာတ်ငွေ့မှ ၅၆ ရာခိုင်နှုန်း၊ ရေအားလျှပ်စစ်မှ ၄၀ ရာခိုင်နှုန်း၊ ကျောက်မီးသွေးမှ သုံးရာခိုင်နှုန်းနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ တစ်ရာခိုင်နှုန်းသာရှိကြောင်း သိရသည်။ ထိုအချက်များကို ထောက်ရှုခြင်းအားဖြင့် ဆည်တမံများ၏ အခန်းကဏ္ဍသည် မီးလင်းရေးတွင် အဓိကနေရာမှ ပါဝင်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။ မကြာမီ နွေကာလသို့ရောက်ရှိလာတော့မည်။ ဆည်ရေများသည်လည်း တဖြည်းဖြည်း လျော့နည်းကျဆင်းလာသည်။ နွေရောက်သည်နှင့် ရေနှင့်လျှပ်စစ်မီးအသုံးပြုမှုကလည်း များပြားလာမည်မှာ အမှန်ပင်ဖြစ်သည်။ ပန်ကာ၊ ရေခဲသေတ္တာ၊ လေအေးပေးစက် အသုံးပြုမှုသည် မြို့ကြီးပြကြီးများ၌ သိသိသာသာ တိုးလာလိမ့်မည်။ နေ့စဉ်ရေ တစ်ကြိမ်သာ ချိုးသူများ နှစ်ကြိမ်၊ သုံးကြိမ် ချိုးကြပေဦးမည်။ ရေနှင့်လျှပ်စစ်မီးအသုံးပြုမှု လျှော့ချရေးကို မိမိအသိစိတ်ဓာတ်ဖြင့်လုပ်ဆောင်ရုံမှတစ်ပါး အခြားမရှိပါ။ သုံးစွဲသူမိဘ ပြည်သူများ၏ အသိစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင် လုပ်ဆောင်ခြင်းကသာ အဓိကအချက်ဖြစ်ပါသည်။ ထိုသို့ပူးပေါင်းပါဝင် လုပ်ဆောင်သူများကသာ တကယ်တမ်းအကျိုးကျေးဇူးကို ခံစားရမည်ဖြစ်ပါသည်။ ဥပမာအားဖြင့် ပန်ကာ၊ လေအေးပေးစက်၊ မီးလုံး၊ မီးချောင်းများကို လျှော့သုံးလိုက်သဖြင့် မီတာခကုန်ကျစရိတ်လျော့ကျသွားမည်ဖြစ်ပါသည်။ ရေကို နှစ်ကြိမ်သုံးကြိမ် ချိုးမည့်အစား တစ်ကြိမ်တည်းနှင့်ပြီးအောင် ချိုးလိုက်ခြင်းဖြင့် ကျန်းမာရေးအတွက်ပါ အထောက်အကူပြုမည်ဖြစ်ပါသည်။

ရေနှင့်လျှပ်စစ်မီးသာမက နိုင်ငံခြားငွေ အမြောက်အမြားအသုံးပြု၍ ဝယ်ယူတင်သွင်းနေရသော ဆီနှစ်ဆီကလည်း မဖြစ်မနေချွေတာသုံးစွဲရမည့်ကိစ္စဖြစ်သည်။ စားသုံးဆီနှင့် စက်သုံးဆီများကို ပြည်ပမှတင်သွင်းနေရသည်။ ၂၀၂၁ ခုနှစ်တွင် စားအုန်းဆီအပါအဝင် ဆီတင်သွင်းမှုမှာ ၈၅၈၆၈၅ ဒသမ ၂၇၁ တန်(တန်ချိန် ၈ ဒသမ ၅ သိန်းကျော်ခန့်) ဒေါ်လာ ၈၆၆ ဒသမ ၇၁၁ သန်းတန်ဖိုးဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ခန့်မှန်း လူဦးရေ၅၅ သန်းခန့်ရှိကြောင်း၊ လူတစ်ဦးချင်းနေ့စဉ်သုံးစွဲသည့် စားဆီသည် ၂ ဒသမ ၂ ကျပ်သား ရှိကြောင်း၊ တစ်နှစ်လျှင် ရှစ်ပိဿာခန့်ဖြစ်ကြောင်း၊ တစ်နှစ်စားဆီတန်ချိန် ခုနစ်သိန်းကျော်ရှိကြောင်း၊ ဆီကို စားသုံးသင့်သည်ထက် ပိုမိုစားနေကြသဖြင့် သွေးတိုး၊ ဆီးချို၊ နှလုံးစသော ရောဂါများ များပြားလာကြောင်းသတင်းများက ဆိုပါသည်။

## စက်သုံးဆီတင်သွင်းခဲ့မှု

ထို့အတူ မြန်မာနိုင်ငံတွင် မော်တော်ယာဉ်တစ်သန်းကျော်နှင့် ဆိုင်ကယ် ခြောက်သန်းကျော်ရှိကြောင်း၊ ၂၀၂၁ ခုနှစ်တွင် စက်သုံးဆီတင်သွင်းခဲ့မှုသည် တန်ချိန် ၄ ဒသမ ၁၂ သန်းကျော် ရှိကြောင်း၊ တန်ဖိုးအားဖြင့်ဒေါ်လာ ၂၄၉၆ ဒသမ ၆၅၂ သန်းရှိကြောင်း သိရပါသည်။ သို့အတွက် မော်တော်ယာဉ်နှင့် ဆိုင်ကယ်အသုံးပြုမှုကို လျှော့ချရမည်ဖြစ်ပါသည်။ မော်တော်ယာဉ်တစ်စီး တစ်နေ့ ဆီတစ်လီတာ၊ ဆိုင်ကယ်တစ်စီးတစ်နေ့ နို့ဆီဘူး တစ်ဝက်ခန့် လျှော့သွားမည်ဆိုလျှင် နှစ်မျိုးပေါင်း ဆီဂါလန် ၂၅၀၀၀၀ ခန့် သက်သာသွားမည်ဖြစ်ကြောင်း၊ တစ်ဂါလန်ပျမ်းမျှ ကျပ် ၆၀၀၀ ဈေးနှင့်တွက်လျှင် တစ်နေ့ ငွေကျပ် ၁ ဒသမ ၅ ဘီလီယံအထိ ကုန်ကျမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်းသိရသည်။

မော်တော်ယာဉ်ဖြစ်စေ၊ ဆိုင်ကယ်ဖြစ်စေ တကယ်လိုအပ်မှသုံးခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ လမ်းလျှောက်သွားသင့်သည့် ခရီးတိုလေးများဖြစ်လျှင် လမ်းလျှောက်သွားခြင်း သို့မဟုတ် စက်ဘီးစီး၍ သွားခြင်းက စက်သုံးဆီကိုချွေတာရာရောက်သလို ကိုယ်လက်လှုပ်ရှားသွားလာခြင်းကြောင့် ကျန်းမာရေးကိုလည်းအထောက်အပံ့ဖြစ်စေမည်ဖြစ်ပါသည်။

သို့ပါ၍ကျွန်တော်တို့နိုင်ငံသည် အရာရာချွေတာစွာသုံးစွဲရမည့် အခြေအနေတစ်ရပ်ဖြစ်လာပါသည်။ သို့သော် စိုးရိမ်စရာတော့မဟုတ်ပါ။ စိန်ခေါ်မှု (Challenge )ဖြစ်ပါသည်။ ထိုစိန်ခေါ်မှုကို အခွင့်အလမ်း (Chance) အဖြစ်ခံယူပြီး ဝိုင်းဝန်းကြိုးစားအားထုတ်ကြမည်ဆိုလျှင် တိုးတက်ပြောင်းလဲမှုအဆင့် တစ်ခုသို့ တက်လှမ်းလာနိုင်မည်ဖြစ်ပါသည်။ ယခုအခါရပ်နားထားသော ပြည်တွင်း စက်ရုံအလုပ်ရုံများလည်း ပြန်လည်လည်ပတ်ရန် ကြိုးစားနေကြပြီဖြစ်ပါသည်။ ထုတ်လုပ်မှုကိုမြှင့်၍ ချွေတာရေးကို ပေါင်းစပ်လုပ်ကိုင်ခြင်းဖြင့် လုပ်ငန်းများတိုးတက်လာမည် ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့အားလုံးချွေတာမှဖြစ်မည်။ ရေသုံးစွဲမှုကိုချွေတာရမည်။ မလိုအပ်ဘဲ လျှပ်စစ်အသုံးပြုမှုကို ချွေတာရမည်။ ကျန်းမာရေးကိုထိခိုက်နေသော ဆီစားသုံးမှုကိုချွေတာရမည်။ နိုင်ငံခြားငွေကုန်ကျ စရိတ်များပြားနေသော ယာဉ်အသုံးပြုမှုကို ချွေတာရမည်။ ဤသို့ဆိုလျှင် ချွေ(၄)ချွေကို ဗဟိုပြုလို့ ချွေတာသမှုနှင့် ဖွေရှာစုကြပါစို့ဟူ၍သာ တိုက်တွန်းတင်ပြလိုက်ရပါသည်။ ။

**"လက်ရှိ မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုမှာ သဘာဝဓာတ်ငွေ့မှ ၅၆ ရာခိုင်နှုန်း၊ ရေအားလျှပ်စစ်မှ ၄၀ ရာခိုင်နှုန်း၊ ကျောက်မီးသွေးမှ သုံးရာခိုင်နှုန်းနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ တစ်ရာခိုင်နှုန်းသာရှိကြောင်း သိရသည်။ ထိုအချက်များကို ထောက်ရှုခြင်းအားဖြင့် ဆည်တမံများ၏ အခန်းကဏ္ဍသည် မီးလင်းရေးတွင် အဓိကနေရာမှ ပါဝင်လျက်ရှိသည်ကို တွေ့ရ"**

# ကချင်ပြည်နယ်အတွင်း မငြိမ်သက်မှုဖြစ်စဉ်များတွင် ထိခိုက်မှုအနည်းဆုံးဖြင့် ထိန်းသိမ်းဆောင်ရွက်နိုင်

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၃**

ကချင်ပြည်နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ဖွဲ့စည်းမှု နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် အဖွဲ့ဝင်များ၏ လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းတင်ပြခြင်းနှင့် နှစ်ပတ်လည်နေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက်က မြစ်ကြီးနားမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် တက်ရောက်အမှာစကားပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ အနေဖြင့် ပြည်နယ်တည်ငြိမ်အေးချမ်းမှုရှိစေရေးနှင့် မငြိမ်သက်မှုဖြစ်စဉ်များတွင် ထိခိုက်မှုအနည်းဆုံးဖြင့် ထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့သည့်အတွက် မိမိတို့အစိုးရအဖွဲ့အနေဖြင့် ပါဝင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် အဖွဲ့ဝင်တစ်ဦးချင်းစီအား ကျေးဇူးတင်ကြောင်းနှင့် ရှေ့ဆက်ပြီး မိမိတို့ပြည်သူများအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဂုဏ်ပြုပြောကြားသည်။



ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ နှစ်ပတ်လည်အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် အမှာစကားပြောကြားစဉ်။

ထို့နောက် ပြည်နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၃) ဒေါ်ဘောက်ဂျာက နိုင်ငံရေးအပြောင်းအလဲကာလအတွင်း ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်နယ်သူ ပြည်နယ်သားများ ထိခိုက်နစ်နာမှုမရှိစေရေးအတွက် အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်၍ နှစ်ပတ်လည် အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းဖတ်ကြားတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က အဖွဲ့အတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်း ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် မြစ်ကြီးနားခရိုင် ချီဖွေမြို့နယ်နှင့် ဆော့လော်မြို့နယ် ဖွံ့ဖြိုးရေးအတွက် ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်ဆည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်ပြီး ချီဖွေ၊ ပန်ဝါ၊ ဆော့လော်၊ ဖီမော်ဒေသများတွင် ပြည်သူများ လိုအပ်လျက်ရှိသည့် အားကစားကွင်း တည်ဆောက်ပေးရေး၊ နေရပ်စွန့်ခွာပြည်သူများ ပြန်လည်နေရာချထားရေးဆိုင်ရာ ကိစ္စရပ်များ၊ အောက်ဆီဂျင်စက်ရုံတည်ဆောက်ပေးရေး၊ မြို့များ သန့်ရှင်းသာယာလှပရေး၊ အမှိုက်သိမ်းယာဉ်များ ချထားပေးနိုင်ရေး၊ ရေ လုံလောက်မှုရှိစေရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ လမ်း တံတား ပြုပြင်တည်ဆောက်ပေးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးသည်။

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ ဆွေးနွေးတင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ချက်ချင်းဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည့် ကိစ္စရပ်များကို အမြန်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးရေးနှင့် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် စီမံကိန်းလုပ်ငန်းတွင် ထည့်သွင်းရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရေး မှာကြားကာ ပန်ဝါနှင့် ဖီမော် နယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက်လည်း ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပြည်နယ်

(ပြန်/ဆက်)

# (၄၈) နှစ်မြောက် မွန်ပြည်နယ်နေ့ ကိုဗစ်-၁၉ ကာကွယ်ရေးနည်းလမ်းများနှင့်အညီ ကျင်းပမည်

**မော်လမြိုင် ဖေဖော်ဝါရီ ၂၃**

(၄၈)နှစ်မြောက် မွန်ပြည်နယ်နေ့ အခမ်းအနားကို ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေးနည်းလမ်းများနှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၂ ရက်က ပြည်နယ် အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။(အောက်ပုံ)



အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ကိုဗစ်- ၁၉ မျိုးဗီဇသစ် အိုမီခရွန် ပျံ့နှံ့မှုများနေသည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်သွားရန်၊ ပြပွဲကျင်းပရာတွင် တိုင်းရင်းသားလူမျိုးတို့၏ ဓလေ့ထုံးတမ်းများ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် အားလုံး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်၊ ပြည်နယ်အတွင်းရှိ အနုသုခုမ ရှေးရာအမွေအနှစ်များကို ဖော်ထုတ်ပြသပေးရန် အမှာစကားပြောကြားသည်။

ထို့နောက်တက်ရောက်ကြသည့် ပြည်နယ်ဝန်ကြီးများနှင့် သက်ဆိုင်ရာဌာနတာဝန်ရှိသူများ၏ တင်ပြဆွေးနွေးမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဇာဖြူဝင်း

(ပြန်/ဆက်)

# ညောင်ဦးမြို့နယ်မှ မီးဘေးသင့်အိမ်ထောင်စု ၆၆ စု အား စားကုန်ပစ္စည်းလေးမျိုး ထောက်ပံ့လှူဒါန်း

**ညောင်ဦး ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြောင်ကျေးရွာရှိ မီးဘေးသင့် အိမ်ထောင်စု ၆၆ စု အတွက် ဆန်၊ ဆီ၊ ကြက်သွန်နီ၊ ခရမ်းချဉ်သီးများကို ရန်ကုန်မြို့ ဝေမျှခြင်းပရဟိတအဖွဲ့က ဖေဖော်ဝါရီ ၂၃ ရက်က သွားရောက်ထောက်ပံ့လှူဒါန်းသည်။

မြောင်ကျေးရွာတွင် ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ပြီး ကျေးရွာရှိ လူနေအိမ် ၆၄ လုံး၊ ဆိတ် ၁၅ ကောင်၊ ဝက် ခြောက်ကောင်၊ တာဝါတိုင်မီးစက်တစ်လုံး၊ System Unit ပုံး နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့သဖြင့် စုစုပေါင်း ဆုံးရှုံးမှုတန်ဖိုး ကျပ် ၁၈၇ သိန်းခန့် ရှိခဲ့ကာ မီးလောင်မှုကြောင့် အိမ်ထောင်စု ၆၈ စု မီးဘေးသင့်ခဲ့ရကြောင်း၊ ထို့ကြောင့် ရန်ကုန်မြို့ရှိ ဝေမျှခြင်းပရဟိတအဖွဲ့က မီးဘေးသင့် အိမ်ထောင်စုဝင်များ စားဝတ်နေရေးအဆင်ပြေစေရန်အတွက် အိမ်ထောင်စု ၆၆ စုအား တစ်အိမ်ထောင်လျှင် ဆန်နှစ်ပြည်၊ ဆီ ၃၀ ကျပ်သား၊ ကြက်သွန်နီ တစ်ပိဿာ၊ ခရမ်းချဉ်သီး တစ်ပိဿာစီ ထောက်ပံ့လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**
**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**
**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

# ရခိုင်ပြည်နယ်တွင် ငါးသလောက်မျိုးစိတ် ရေရှည်တည်တံ့စေရန် ထိန်းသိမ်းရေးဇရိယာနှင့် ကာလသတ်မှတ်

စစ်တွေ ဖေဖော်ဝါရီ ၂၃

**မြန်မာနိုင်ငံမှ ငါးသလောက်ကို ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်တွင် ငါးသလောက် မျိုးစိတ်ရေရှည်တည်တံ့စေရန် ထိန်းသိမ်းရေးဇရိယာများ သတ်မှတ်ထုတ်ပြန်ထားကြောင်း ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။**



ရခိုင်ပြည်နယ်တွင် မြေပုံမြို့နယ်နှင့် မင်းပြား မြို့နယ်အတွင်း တည်ရှိသည့် မြစ်၊ ချောင်းများကို ငါးသလောက် ထိန်းသိမ်းရေးဇရိယာအဖြစ် ကနဦး သတ်မှတ်ရာ၌ မြေပုံမြို့နယ် မင်းကြောင်းမြစ်အတွင်း ရာသီအလိုက် ငါးသလောက် ထိန်းသိမ်းရေးဇရိယာ အဖြစ် ၂၀၆၅ ဧကကို ကနဦးသတ်မှတ်ထားသည်။ ရာသီအလိုက် ငါးသလောက်ထိန်းသိမ်းရေးဇရိယာ တွင် တစ်နှစ်လျှင် ဧပြီ ၁ ရက်မှ မေ ၃၁ ရက်အထိ၊ စက်တင်ဘာ ၁ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ ထိန်းသိမ်းရေးကာလအဖြစ် နှစ်ကြိမ်သတ်မှတ် ထားပြီး အခြားဇရိယာအချို့ကိုလည်း ဆက်လက် သတ်မှတ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ အစည်းအဝေး အမှတ်စဉ်(၂/၂၀၂၂) ဆုံးဖြတ်ချက်အရ ငါးသလောက် ငါးမျိုးထိန်းသိမ်းရန် အမိန့်ကြော်ငြာစာကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်က ထုတ်ပြန်ကြေညာ ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံသည် ကမ္ဘာ့ငါးသလောက် ထုတ်လုပ်မှု ၃ ရာခိုင်နှုန်းရှိပြီး အိန္ဒိယနိုင်ငံသည် ၂၅ ရာခိုင်နှုန်းရှိ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၆၅ ရာခိုင် နှုန်းရှိသောကြောင့် ပင်လယ်ပြင်ကို ပိုင်ဆိုင်ထားသော မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဈေးကွက်ရှိသော ငါးသလောက်ရေထွက်ကုန်မှ နိုင်ငံခြားဝင်ငွေ ပိုမိုရရှိရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။

“ငါးသလောက်ဟာ နိုင်ငံတကာဈေးကွက်မှာ ဈေးရတဲ့ ငါးတစ်မျိုးပါ။ ပြည်တွင်းမှာ တစ်ချိန်က ငါးသလောက် ပေါခဲ့ပေမယ့် တဖြည်းဖြည်း ရှားပါး လာတာကြောင့် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတကာ ငါးသလောက်ဈေးကွက်ကို ကြည့်တဲ့အခါမှာ မြန်မာနိုင်ငံမှာ ငါးသလောက်ထွက်နေတဲ့အတွက် ပိုမိုထုတ်လုပ်နိုင်အောင် ထိန်းသိမ်းရေးလုပ်ငန်း တွေကို ပြန်လည်ချိတ်ဆက် ဆောင်ရွက်ပြီး ငါးသလောက် ထိန်းသိမ်းရေးဇရိယာနဲ့ ကာလကို သတ်မှတ်ဆောင်ရွက်ခဲ့တာပါ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဟာ ကမ္ဘာ့ငါးသလောက် ထွက်ရှိနှုန်းပထမဖြစ်တဲ့ အတွက် နှစ်စဉ် ထိန်းသိမ်းရေးလုပ်ငန်းတွေမှာ အောင်မြင်တယ်။ မဖမ်းရတဲ့ သတ်မှတ်ကာလမှာ သတ်မှတ်ဇရိယာက ရေလုပ်သားတွေကို လူမှု အထောက်အကူပြုအဖွဲ့တွေနဲ့ ချိတ်ဆက်ပြီး စားသောက်ရေးကို ဆောင်ရွက်ပေးတယ်။ ရေလုပ် သားတွေကလည်း အတိအကျလိုက်နာကြတယ်။ ဒါကြောင့် ကမ္ဘာကို ငါးသလောက်အများဆုံး တင်ပို့တဲ့နိုင်ငံ ဖြစ်လာတာပါ။ ငါးသလောက်က ရေချို မှာ ပေါက်ပွားပြီး ရေငန်မှာ ကြီးပြင်းတာကြောင့် ထိန်းသိမ်းရေးကာလကို ကြပ်မတ်လိုက်နာမယ်ဆိုရင် မြန်မာ့ငါးသလောက်ပို့ကုန် ပြန်ပြီးဦးမော့လာမှာ ပါ”ဟု ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသက်ဦးက ပြောသည်။

ရခိုင်ပြည်နယ်တွင် ငါးသလောက်သားပေါက် ချိန်၌ ကျားပိုက်များအတွင်းသို့ သားပေါက်များ တိုးမိလေ့ရှိပြီး ငါးရစ်ငါးသန်မဖမ်းရ ရာသီတွင်လည်း ဖမ်းဆီးမှုတို့ကြောင့် ကြီးထွားချိန်မရဘဲ ဆုံးရှုံးမှုများ ရှိခဲ့ရာ တစ်နှစ်ထက်တစ်နှစ် ငါးသလောက်ရှားပါး မှုနှင့် ဈေးနှုန်းကြီးမြင့်မှုကို ကြုံတွေ့ရခြင်းဖြစ်သည်။ ပြည်တွင်းစားသုံးမှုဖူလုံ၍ ဈေးနှုန်းသက်သာစွာ စားသုံးနိုင်ရန်၊ ပြည်ပပို့ကုန်အဖြစ် နိုင်ငံခြားဝင်ငွေ ရရှိရန်နှင့် ငါးမျိုးစိတ် ရေရှည်တည်တံ့စေရန် နိုင်ငံတော်မှ ငါးသလောက်မျိုးစိတ်ထိန်းသိမ်းရေး ဇရိယာနှင့်သတ်မှတ်ကာလအားကြိုးပမ်းဖော်ဆောင် လျက်ရှိပြီး နိုင်ငံတစ်ဝန်း၌ ငါးသလောက် ထိန်းသိမ်းရေးဇရိယာ ၁၁ နေရာအား ကနဦး သတ်မှတ် ဆောင်ရွက်နေကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ – ကနူး**

# မြဝတီမြို့၊ မုဒုံမြို့နှင့် မြောက်ဥက္ကလာပမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၆ နာရီခန့်က မြဝတီမြို့ အမှတ်(၄) ရပ်ကွက် အေးသာယာ(၇) လမ်းတွင် သက်နိုင်ဦးအား မသင်္ကာဖွယ် တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ ညနေ ၆ နာရီခွဲတွင် မြဝတီမြို့ အမှတ်(၄)ရပ်ကွက်နေ မနော်မယ်လီဆန်(ခ)ဒေးဖော၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၄၁၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ နံနက် ၆ နာရီခွဲတွင် မွန်ပြည်နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မုဒုံမြို့ မြို့မ(၄) ရပ်ကွက် မုဒုံ–ချောင်းနှစ်ခွသွားကားလမ်းတွင် ဟိန်းလင်းခိုင်(ခ) မောင်ပိန် မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၀ ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ နံနက် ၁၁ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံ မြို့သစ်ရပ်ကွက် ဟံသာဝတီလမ်းနှင့် ရာဇဓိရာဇ်(၃)လမ်းထောင့်အနီးတွင် ကျော်ကျော်မင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။ စစ်ဆေးပေါ်ပေါက်ချက်အရ နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံ မြို့သစ်ရပ်ကွက် ညောင်ဦးလမ်း အမှတ်(၁၁၈၅) နေ ကျော်လင်းခိုင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အိုက်စ် သုည ဒသမ ၀၃၅ ကီလို ထပ်မံ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



ကျော်ကျော်မင်း အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့် အတူ တွေ့ရစဉ်။

# နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ်များမှ တရားမဝင်သစ် တန် ၃၀၀ ကျော် သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက် ပစ္စည်းများ ရှာဖွေဖော်ထုတ် ဖမ်းဆီးရေးအား ပြည်သူပူးပေါင်း ပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System– CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိရာ ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၀ ရက်အထိ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၆၅ ဒသမ ၉၇၆၆ တန်၊ သစ်မာ ၃၁ ဒသမ ၉၁၅ တန်၊ အခြားသစ် ၂၃၃ ဒသမ ၈၇၈၆ တန် စုစုပေါင်း ၃၃၁ ဒသမ ၇၇၀၂ တန်၊ ပြစ်မှုကျူးလွန်သူ ၂၇ ဦး၊ ယာဉ်/ယန္တရား ၁၄ စီးကို သိမ်းဆည်း၊ ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**





# ရေကြည်မြို့နယ်၌ မီးကြွင်းမီးကျန်မှုတစ်ဆင့် နေအိမ်သုံးလုံး မီးလောင်

ရေကြည် ဖေဖော်ဝါရီ ၂၃

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ရေနံ့သာကျေးရွာအုပ်စု ရေနံ့သာကျေးရွာ၌ ယနေ့ မွန်းလွဲ ၁ နာရီခန့်က ဦးညာဏ်လင်း (၇၀နှစ်)၏ နေအိမ်မီးဖို မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးစတင်လောင်ကာ နေအိမ်သုံးလုံး မီးလောင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ နယ်မြေခံတပ်မှ တပ်ရင်းမှူး ဝင်းမြင့်ဌေးနှင့် တာဝန်ရှိသူများ၊ ရေကြည်မြို့နယ်မှ မြို့နယ်ရဲမှူး ရဲမှူး အောင်ကိုကိုနှင့် တာဝန်ရှိသူများ၊ ကုန်းပြင်နယ်မြေရဲစခန်းမှ ရဲအုပ် ခင်မောင်ဌေးနှင့် တာဝန်ရှိသူများ၊ ရေနံ့သာစစ်ဆေးရေးဂိတ်မှ ဒုရဲအုပ် ကျော်စွာထက်နှင့် တာဝန်ရှိသူများ၊ ငါးသိုင်းချောင်းမြို့ မီးသတ်ဦးစီး ဌာနမှ လက်ထောက်ဦးစီးမှူး ဦးနိုင်နိုင်ဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ရေနံ့သာကျေးရွာ အုပ်ချုပ် ရေးမှူး ဦးအုန်းမြင့်နှင့် ဒေသခံပြည်သူများ သွားရောက်ငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီခွဲခန့်တွင် ငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် နေအိမ်သုံးလုံး မီးလောင်ပျက်စီးပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိကြောင်း သိရကာ မီးပေါ့ဆစွာ အသုံးပြုသူ ဦးညာဏ်လင်းအား ကုန်းပြင်နယ်မြေရဲစခန်းတွင် အမှုဖွင့် ထားကြောင်း သိရသည်။

**ဆန်းတင့်(ရေကြည်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ**

**ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မဟာအောင်မြေမြို့နယ်တရားရုံးတော်၌
## ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၂၁

ဒေါ်ချမ်းချမ်းအောင် နှင့် ဦးကျော်ကျော်စိုး ပါ-၇
**တရားလို** **တရားပြိုင်များ**

မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ ၈၁လမ်း၊ ၄၁-၄၂လမ်း၊ ရွှေတုံးလှေတန်းအရှေ့ပြရပ်၊ အကွက်(၅၁၇)နေ အမှတ်(၃)တရားပြိုင် ဦးမောင်မောင်(ဘ)ဦးစံသိန်း (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ချမ်းချမ်းအောင်က ရာဇာစိုးငွေစုငွေချေးသမဝါယမ အသင်းလီမိတက်တွင် စုဆောင်းထားရှိသော ငွေကျပ် (၅၉)သိန်း ရလိုမှုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ခုနှစ် မတ်လ ၈ရက် (၁၃၈၃ခုနှစ် တပေါင်းလဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၂၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဌေးလှိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**မဟာအောင်မြေမြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3K/6365 Nissan CLIPPER U71T, P/U (4x2) R.H.D ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်စိုး ၉/မရမ(နိုင်)၀၈၉၁၃၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/33045 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငယ် ၉/မခန(နိုင်)၁၈၈၂၄၉က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ကညန၊ ခရိုင်ရုံး(မြင်းခြံ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/52205၊ Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ Easy Rider Co.,Ltd, က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4I/5932 Nissan Wingroad Y12, Station Wagon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးတင်မောင်စိုး ၅/စကန(နိုင်)၀၁၉၂၄၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## အသိပေးအကြောင်းကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၃၆)လမ်း၊ Building No.117/127, Ruby Condo, 6th Floor, Room No 6E တွင်ဖွင့်လှစ်လျက်ရှိသော 3S International Myanmar Company Limited သည် ၁၂-၂-၂၀၂၂ရက်တွင်ကုမ္ပဏီ အစည်းအဝေးခန်းမတွင် ပြုလုပ်သော အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ ဒါရိုက်တာ က မိမိဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် အတိအလင်း ဆုံးဖြတ်ပြီးဖြစ်၍ ကုမ္ပဏီနှင့်သက်ဆိုင်သည့် ရရန်ရှိပေးရန်ရှိသူများအနေနှင့် ၃၁-၃-၂၀၂၂ရက်မတိုင်မီ နောက်ဆုံးထား၍ လာရောက်စာရင်းရှင်းလင်းကြရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်မာဌေး** | **ဦးဇော်မျိုးထက်** |
| **တရားလွှတ်တော်ရှေ့နေ(၇၄၀၃)** | **တရားလွှတ်တော်ရှေ့နေ(၁၆၉၃၇)** |

**အမှတ်(၈၅)၊ လှည်းတန်းလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃/ရန်ပြေ)ရပ်ကွက်၊ ရာဇဓိရာဇ်လမ်း၊ အမှတ်(၄၉)နေ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးဝင်းကျော် ၁၂/ဥကတ(နိုင်)၀၉၀၈၃၂၈၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ လူနေရပ်ကွက်အမှတ် (၃)၊ အမှတ် (၃၂၇) (တစ်နည်းအားဖြင့်) အမှတ် (၃၂၇)၊ ဗိုလ်မင်းရောင်လမ်း၊ ၃/ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်ဟုခေါ်တွင်သော အကျယ်ပေ (၂၀x၆၀)၊ ဧရိယာစတုရန်းပေ ၁၂၀၀ ရှိ မြေနှင့် မြေပေါ်ရှိ အဆောက်အအုံသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးအောင်သန်း ၁၂/သကတ(နိုင်)၀၅၈၉၆၁ အမည်ဖြင့် မှတ်သားတည်ရှိပြီး အပြီးအပိုင်ရောင်းချသူ ဒေါ်သန်းသန်းဝင်း ၁၂/တမန(နိုင်)၀၄၃၉၁၂မှ စာချုပ်အဆက်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်လာပြီး ၎င်းသာလျှင် လိုအပ်သလို စီမံရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ဝန်ခံလျက် ရောင်းချရန် စကားကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ သဘောရိုးဖြင့် ယုံကြည်ပါသောကြောင့် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**U Zaw Myint (Law Firm)**

| | |
|---|---|
| **ဒေါ်သဲသဲဦး (LL.B)** | **ဦးရဲမြင့်အောင် (LL.B) (စဉ်-၄၁၇၀၃)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၀၇၇)** | **ဒေါ်တင်ဇာမျိုး (LL.B) (စဉ်-၄၅၂၆၅)** |
| | **ဒေါ်သူဇာဝင်း (LL.B) (စဉ်-၅၁၇၇၃)** |
| | **(အထက်တန်းရှေ့နေများ)** |

**အခန်း (၃)၊ သုမနလမ်းနှင့် မြင်တော်သာလမ်းထောင့်၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၁၆၇၈၁၅၊ ၀၉-၄၂၀၀၈၀၅၁၂**

# ဗိုလ်မှူးကြီး နေဝင်းဦး (ငြိမ်း)
# စစ်တက္ကသိုလ် အပတ်စဉ် (၁၀)
# အသက် (၇၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်နေ [ဦးစောဦး-ဒေါ်ခင်တင်(ရေစကြိုမြို့)]တို့၏ သားကြီး၊ [ဦးဘို-ဒေါ်သိန်းတင်(ရေစကြိုမြို့)] တို့၏သားသမက်၊ ဒေါ်စီစီဝင်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်လင်းဦး (Chief Engineer – FJORD SHIPPING)-တွဲဖက်ပါမောက္ခ ဒေါက်တာယဉ်မိုးသွယ်၊ ဒေါက်တာ အိအိလင်းဦး (မျက်စိအထူးကုဆရာဝန်)-ဦးပြည့်စုံထိုက်၊ ဒေါ်စုစုလင်းဦး-ဒေါက်တာ ချစ်ဖြိုးလွင်(ဖြိုး သွားနှင့်ခံတွင်းဆေးခန်း)၊ ဒေါက်တာ မို့မို့လင်းဦး-ဒေါက်တာ ကျော်ကျော်နိုင် (သီရိနိုင် သွားနှင့် ခံတွင်းဆေးခန်း၊ ပြည်မြို့)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်ဟိန်းထက်ဇော်၊ မသက်နဒီဖြိုး၊ မသင်းအိပြည့်စုံ၊ မခင်ရတီဖြိုးတို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၂၁-၂-၂၀၂၂ရက် အိန္ဒိယစံတော်ချိန် ည ၈:၃၀ နာရီတွင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့ Apollo ဆေးရုံကြီးတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ကောင်းမွန်စွာမီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ညှိုးငယ်စွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိတ္ထီလာမြို့နယ်၊ အထက(ရေဝေ) တတိယတန်းမှ မစုဝတီနှင့် KG တန်းမှ မောင်သူရိန်လင်းတို့၏ဖခင် ဦးဆန်းဗိုလ်(ခ) ဦးဆန်းဘို ၉/မထလ(နိုင်) ၂၉၇၆၀၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဆန်းဗိုလ်(ခ)ဦးဆန်းဘို**

## အမည်မှန်

လဟယ်မြို့၊ တိုးချဲ့(၂)ရပ်ကွက်နေ ဦးကျင်ဇကပ်၏သမီး ဒေါ်လမ်းနေကင်း၏ အမည်မှန်မှာ ဒေါ်လန်းနေကင်း ၅/လဟန(နိုင်)၀၀၄၈၃၇ ဖြစ်ပါ ကြောင်း။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3F/9554 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသဦးစီးမှူးရုံး(ပဲခူး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1J/3349 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4Q/6552 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/24701, Canda 125 ယာဉ်လက်ဝယ်ရှိသူ ဦးနန်းဝေ ၁၄/လမန(နိုင်) ၀၀၄၅၄၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

# ကျေးဇူးတင်လွှာ

၁၆-၂-၂၀၂၂ရက် နံနက်၁၀:၄၃နာရီတွင်တိုင်းပြည်တာဝန်ထမ်းဆောင်ရင်းရုတ်တရက်ကွယ်လွန်သွားခဲ့သည့်သားဖြစ်သူဗိုလ်ကြီးဟိန်းထက်အောင်အားရည်စူး၍သက်ပျောက်ဆွမ်းကပ်လှူခြင်း၊ရက်လည်ဆွမ်းကပ်လှူခြင်းတို့ကို စစ်ကိုင်းတိုင်းဒေသကြီး၊ တံတားဦးနှင့် နေပြည်တော်တို့၌ ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။ ကွယ်လွန်သည့်အချိန်မှစ၍ လိုအပ်သည်များကို လမ်းညွှန်ဆောင်ရွက်ပေးပါသော ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ စစ်ဦးစီးအရာရှိချုပ်(လေ)နှင့် တံတားဦးလေတပ်စခန်းမှ စခန်းမှူးအပါအဝင် အရာရှိစစ်သည်များကို ကျေးဇူးတင်ရှိပါသည်။ နေပြည်တော်အိမ်၌ပြုလုပ်သော ရက်လည်ဆွမ်းကပ်လှူရာသို့ တက်ရောက်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးစိုးမောင်နှင့်ဇနီး ဒေါ်နန်းဖြူဖြူအေးအားလည်းကောင်း၊ ရဋ္ဌပါလအသင်းသူ/သားများအားလည်းကောင်း၊ MWCDF အသင်းမှ ဥက္ကဋ္ဌနှင့် အမှုဆောင်များအားလည်းကောင်း၊ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်လုံးဆိုင်ရာ သာသနာ့ဥပတ္ထမ္ဘကအမှုဆောင်များနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။ မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြောင်း သတင်းစာတွင် ဖော်ပြပေးခဲ့ကြသူများနှင့် တယ်လီဖုန်းဖြင့်ဆက်သွယ်အားပေးကြသူများကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။ လှူဒါန်းမှုအစုစုအတွက်အမျှပေးဝေပါသည်။ သားလေး ရောက်ရာအရပ်မှ သာဓုခေါ်ဆိုနိုင်ပါစေသော်....

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ဓမ္မရိပ်သာဒါယိကာမကြီး
# ဒေါ်ကြည်ကြည်မြင့်
## ရာသက်ပန်အလှူရှင်
## မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ် ရန်ကုန်မြို့
## နာယက
## မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ-၃၆၊ သာယာဝတီမြို့
## အသက် (၈၂)နှစ်

ရန်ကုန်မြို့နေ (ဦးသူတော်) (ဒေါ်ခင်ညွန့်)တို့၏ သတ္တမမြောက်သမီး၊ သာယာဝတီမြို့နေ (ဦးသူငယ်) (ဒေါ်ပြုံးမေ)တို့ ၏ သမီးချွေးမ၊ ဦးအောင်နိုင်ဦး-ဒေါ်စန္ဒာထွန်းတို့၏မိခင်၊ ဦးစိုးလင်းအောင်-ဒေါ်အေးမွန်မြတ်ဦး၊ အေးမြတ်နိုးဦးတို့၏ဘွားဘွား၊ ချောစုဝတီ၊ သဲစုဝတီတို့၏ဘွားဘွားကြီး၊ ဦးညီညီ၏ ချစ်လှစွာသောဇနီး ဒေါ်ကြည်ကြည်မြင့်သည် ၂၃-၂-၂၀၂၂ရက်တွင် ရန်ကုန်မြို့၊ (၇)မိုင်၊ ပြည်လမ်း၊ ကုန်းမြင့်ရိပ်သာ၊ သီရိမင်္ဂလာလမ်း၊ အမှတ်-၃၃ နေအိမ်၌ လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါ၍ ကာယကံရှင်၏ဆန္ဒနှင့်အညီ ၂၄-၂-၂၀၂၂ရက်၌ ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၃ယ/၈၁၇၁၇ Zomg Shen -110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်ဦး ၉/ပကခ(နိုင်)၀၆၂၃၁၈ က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဦးထွန်းလွင်
### အသက် (၉၀)

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်နေ (ဒေါ်ခင်မြ)၏ခင်ပွန်း၊ ဦးကံဝင်း-ဒေါ်အေးအေးလွင်၊ ဦးလှဝင်း-ဒေါ်ဝေဝေလွင်၊ ဦးသန်းလှိုင်-ဒေါ်ဆွေဆွေလွင်၊ ဦးသက်လွင်-ဒေါ်ခင်သန်းစိုး၊ ဦးမြတ်လွင်-ဒေါ်စန္ဒာတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၂၃-၂-၂၀၂၂ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၂၂ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရွှေပေါက်ကံမြို့သစ် (၁၄)ရပ်ကွက်၊ ရာဇာဓိရာဇ် (၆) လမ်း၊ အမှတ် ၁၄/၈/၁၀၂၂ နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းလွင်
### အသက် (၉၀)

သူငယ်ချင်း ဦးမြတ်လွင်-ဒေါ်စန္ဒာတို့၏ဖခင်ဖြစ်သူ ဦးထွန်းလွင်သည် ၂၃-၂-၂၀၂၂ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၂)မှ သူငယ်ချင်းမိသားစုများ**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စိန်ရင်ဦး (မာန်အောင်)
### အသက် (၈၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ ကျောက်မြောင်းဈေးလမ်း၊ အိမ်အမှတ် (၂၈) မြေညီထပ်နေ ဦးကြွင်း-ဒေါ်စိန်ဖြူတို့၏သမီး၊ (ဦးချစ်ထွန်းဖြူ)၏ဇနီး၊ ဦးထွန်းရင်-ဒေါက်တာခိုင်ဇံမြ (OG)၊ ဦးထွန်းတင်၊ (ဦးထွန်းသိန်း) -ဒေါ်ခိုင်ရွှေညွှန့်(မြို့နယ်ပညာရေးမှူး-ငြိမ်း)၊ ဒေါ်ခင်ခင်သိန်း(လ/ထ ညွှန်ကြားရေးမှူး-ရန်ကုန်တိုင်းစည်ပင်)၊ ဦးညီသိန်း၊ မပုမချေတို့၏ မွေးမိခင်ကြီး၊ မပန်းအိခိုင်ထွန်း-ကိုဇော်မြင့်ဦး၊ ကိုထွန်းမင်းခိုင်-မမေဇော်ခင်ဦးတို့၏အဘွား၊ မြစ်သုံးယောက်တို့၏အဖီးသည် ၂၃-၂-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၂၂ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့၏ ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်မျိုးဟန်၏ ချစ်လှစွာသောခင်ပွန်း ဒေါက်တာ ဦးမျိုးမင်း အသက် (၈၂)နှစ်သည် ၂၀-၂-၂၀၂၂ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းနှင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အမှုဆောင်များ**
**မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့**

## ဦးမင်းဗိုလ်
### Second Officer (Uniteam)
### အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ အမှတ်(၂၀/၂၅၆)နေ (ဦးဘိုအေး)-ဒေါ်စောသာမေတို့၏သား၊ (ဦးငွေထွန်း)-ဒေါ်ကြင်သန်းတို့၏သားသမက်၊ ဒေါ်မြတ်မြတ်ထွန်း(အထပြ-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ကိုဟိန်းထက် (MU Space and Advance Technology, Thailand)၊ ကိုထူးမြတ်မင်းဗိုလ်(IT Intem, KPMG)တို့၏ချစ်လှစွာသော မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်မီမီအေး၏ ချစ်လှစွာသောမောင်သည် ၂၃-၂-၂၀၂၂ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၅:၂၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့နံနက် ၁၁:၁၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ဂူသွင်းပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးနိုင်စိုး(ခ)တူးတူး
### အသက် (၅၇)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သံလွင်လမ်း၊ အမှတ် ၁၃၄ (င)နေ ဒေါက်တာဦးချန်တိတ်-ဒေါ်ခင်ဖွား)၊ (ဦးတင်ကီ၊ ဒေါ်မြတူး)တို့၏မြေး၊ (ဦးတင်စိုး၊ ဒေါက်တာ ဒေါ်မြနွယ်)တို့၏သားငယ်၊ ဒေါက်တာ ဦးဇော်ဝင်း-ဒေါက်တာ နွယ်သိင်္ဂီ၊ ဦးစိုးလင်း-ဒေါက်တာ မိုးမြတ်အေး၊ ဒေါက်တာကျော်စိုး(တွဲဖက်ပါမောက္ခ မျက်စိခွဲစိတ်အထူးကု ဆရာဝန်ကြီး ရန်ကုန်အရှေ့ပိုင်းဆေးရုံ၊ ငြိမ်း)၊ ဦးစံထွန်းအောင်-ဒေါ်မြမာလာတို့၏မောင်၊ ညီ၊ အစ်ကို၊ ဒေါက်တာ ယုသက်နွယ်၊ မောင်အောင်မျိုးသူ-မစုသက်နွယ်၊ မောင်ဇော်ရဲနိုင်၊ မောင်အောင်စံမြတ်၊ မောင်သူရစိုး၊ မောင်ကျော်ဇင်လင်း၊ မမြတ်ဖူးပွင့်သစ်တို့၏ ချစ်လှစွာသောဦးလေး၊ ဦးနိုင်စိုးသည် ၂၂-၂-၂၀၂၂ရက် နံနက် ၅:၅၇ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းညွန့်
### အသက် (၉၈)နှစ်

သူငယ်ချင်း ဇင်မော်ကြည်၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်သန်းညွန့် အသက် (၉၈)နှစ်သည် ၂၂-၂-၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၁:၃၀ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၄)**
**သီဟတပ်ခွဲသူငယ်ချင်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းညွန့် (ထားဝယ်)
### အသက်(၉၈)နှစ်

ထားဝယ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာနေသွယ်ကြည်၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်သန်းညွန့်(ထားဝယ်) အသက်(၉၈)နှစ်သည် ၂၂-၂-၂၀၂၂ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ထားဝယ်တက္ကသိုလ်(မိသားစု)**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးဆန်းမြင့်
### အသက်(၈၆)နှစ်

အလုပ်သင်ဗိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၂)မှ သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီး ဆန်းလွင်(ငြိမ်း)-ဒေါ်လှဝင်းကြည်တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးဆန်းမြင့်သည် ၂၂-၂-၂၀၂၂ရက် ၁၉:၀၀ နာရီတွင် ကျောက်ဖြူမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၂၂)မှ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကြည်ကြည်မြင့်
### အသက် (၈၂)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃၃၊ သီရိမင်္ဂလာလမ်းသွယ်၊ ကုန်းမြင့်ရိပ်သာ၊ ၇-မိုင်၊ မရမ်းကုန်းမြို့နယ်နေ ဆရာဦးညီညီ [ညွှန်ကြားရေးမှူး(အငြိမ်းစား)၊ နိုင်ငံတော်ရှေ့နေချုပ်ရုံးနှင့် အဖွဲ့ဝင် (အငြိမ်းစား)၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး] ၏ ချစ်လှစွာသောဇနီး ဒေါ်ကြည်ကြည်မြင့် အသက် (၈၂)နှစ်သည် ၂၃-၁-၂၀၂၂ရက်တွင် နေအိမ်၌ ကွယ်လွန်အနိစ္စရောက်သွားပါကြောင်း ကြားသိရပါ၍ ကွယ်လွန်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးကျော်ဆန်း(အဖွဲ့ဝင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊**
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**
**နှင့်ဇနီး**
**ဒေါ်သင်းသင်းအေး(ဒုညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမြသန်း
### အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ အရှေ့ဒဂုံမြို့နယ်၊ (၈)ရပ်ကွက်၊ ဗိုလ်စောနောင်လမ်း၊ အမှတ် (၁၇/၈) နေ (ဦးကင်းရှောင်-ဒေါ်ခင်သိန်း)တို့၏သား၊ (ဦးကျော်လွင်-ဒေါ်ပို့ပို့)၊ ဦးအောင်သန်းတို့၏ညီ၊မောင်၊ ဦးအေးမြင့်-ဒေါ်မြင့်မြင့်မွေး၊ဦးဇော်သန်း-ဒေါ်ကြည်သိန်းတို့၏အစ်ကို၊ ဒေါ်ခင်ခင်ရီ၏ ချစ်လှစွာသောခင်ပွန်း၊ ကိုသန်းထိုက်ဆွေ-မနွေးသန္တာဦး၊ ကိုနေလင်းဦး-မစိမ့်စန္ဒာယု၊ ကိုအောင်ကျော်ဇင်-မသီရိအောင်လတ်တို့၏ ချစ်လှစွာသောဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၂၂-၂-၂၀၂၂ရက် (အင်္ဂါနေ့) ည ၁၁:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၂၂ ရက် နံနက် ၁၀:၄၄နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ရဲအုပ် တင်မောင်ဆွေ (ငြိမ်း)
### ဒုတိယရဲအုပ်လောင်းအမှတ်စဉ်(၂၂/၉၆)
### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ စည်ပင်ရဲဝင်းနေ ဒေါ်မိုးမိုး၏ ခင်ပွန်း ရဲအုပ်တင်မောင်ဆွေ(ငြိမ်း)သည် ၂၂-၂-၂၀၂၂ ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## မမြတ်နိုးသက်
### Art Teacher(NIEC)
### အသက်(၂၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ ဒီပါအေးမြလမ်း၊ အမှတ် (၁၃၈၇)နေ ဦးဆန်းဦး-ဒေါ်မြင့် မြင့်ကြည်တို့၏မြေး/သမီး၊ (ဦးစိုးအောင်)၊ (ဒေါ်ခင်မိမိ)တို့၏မြေး၊ ဦးဇော်ဝင်းအောင်-(ဒေါ်စုနန္ဒာလှိုင်)တို့၏သမီးကြီး၊ ဒေါ်အေးချမ်းညီမ်း (အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန)၊ ဒေါ်အိအိသင်း(အင်/ယာ ရေသန့် YCDC)၊ ဗိုလ်ကြီးပြည့်ဖြိုးကျော်(နေပြည်တော်)၊ ဒေါ်ကေဇင်ဖြိုး(K.B.Z Bank)တို့၏ တူမ/သမီး၊ မောင်ပြည့်စုံ မင်း၊ မောင်ချမ်းမြေ့ကိုတို့၏ ချစ်လှစွာသောအစ်မသည် ၂၂-၂-၂၀၂၂ရက် (အင်္ဂါနေ့) ညနေ ၃:၅၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၂၂ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၈-၂-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးကြည်လှဟန်
### အသက်(၆၁)နှစ်

ဒေါက်တာ စုလှဟန် (ဥက္ကဋ္ဌ ဝိသာခါဖောင်ဒေးရှင်း)၊ ဒေါ်ထွေးလှဟန်(အမြဲတမ်းအသင်းဝင်၊ ဝိသာခါဖောင်ဒေးရှင်း)၊ ဒေါ်စိမ့်စမ်းသွယ် (နှစ်စဉ်အသင်းဝင် ဝိသာခါဖောင်ဒေးရှင်း)တို့၏အစ်ကို ဦးကြည်လှဟန်သည် ၁၉-၂-၂၀၂၂ရက် (စနေနေ့) စင်ကာပူ ဒေသစံတော်ချိန် ညနေ ၃:၂၈နာရီတွင် စင်ကာပူနိုင်ငံ National University Hospital ၌ ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဝိသာခါဖောင်ဒေးရှင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးကြည်လှဟန်
### အသက် (၆၁)နှစ်

ရန်ကုန်မြို့နေ (ဦးကြည်ဟန်)-ဒေါ်လှရင်တို့၏သား၊ စင်ကာပူနိုင်ငံနေ Mrs. Marlene Han ၏ ချစ်လှစွာသောခင်ပွန်း၊ Ms.Natasha Han, Ms. Kaitlyn Han တို့၏ ချစ်လှစွာသောဖခင်၊ ဦးညွန့်ဟန်၊ ဦးသိုက်ဟန်၊ ဦးချမ်းဟန်-ဒေါ်မြတ်မြတ်မိုးတို့၏ညီ၊ ဒေါ်ထွေးလှဟန်၊ ဒေါက်တာဝင်းစည်သူ-ဒေါက်တာစုလှဟန်၊ ဦးအောင်လှဟန်-ဒေါ်စိမ့်စမ်းသွယ်တို့၏အစ်ကို၊ တူ၊ တူမ ငါးယောက်တို့၏ ဦးလေး ဦးကြည်လှဟန်သည် ၁၉-၂-၂၀၂၂ရက် (စနေနေ့) စင်ကာပူဒေသစံတော်ချိန် ညနေ ၃:၂၈ နာရီတွင် စင်ကာပူနိုင်ငံ National University Hospital တွင် ကွယ်လွန်အနိစ္စရောက်ရှိသွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**(ဦးတင်လတ်)-ဒေါ်မာလာမြင့်**
**ငွေကျားတိုက်လျှပ်စစ်ပစ္စည်းမျိုးစုံဖြန့်ချိရေး**
**Silver Tiger Group of Companies**

## ရဲမှူး ကျော်ကျော်ထွန်း (ဘီးလင်းမြို့နယ်ရဲတပ်ဖွဲ့မှူး)
### ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၂၃/၁၉၉၆)
### အသက် (၅၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်နေ ရဲအုပ်(ဦးသန်းထွန်း)-ဒေါ်ယဉ်မေနုတို့၏သား၊ ဒေါ်နုနုထွန်း၊ ဦးဇော်ဇော်ထွန်း၊ ဒေါ်အိအိထွန်း၊ ဒေါ်သီရိထွန်းတို့၏အစ်ကို၊ ဘီးလင်းမြို့နယ်၊ ဘီးလင်းမြို့မရဲစခန်းဝင်းနေ ဒေါ်ကြူကြူအောင်၏ခင်ပွန်း၊ မောင်စစ်မှူး၊ မသော်တာထွန်း၊ မောင်ရွှေပြည်စိုးတို့၏ဖခင်သည် ၂၁-၂-၂၀၂၂ရက် မွန်းလွဲ ၂:၄၀ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၂၂ ရက် မွန်းတည့် ၁၂နာရီတွင် မင်္ဂလာဒုံမြို့နယ်၊ စစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၇-၂-၂၀၂၂ရက် နံနက် ၆နာရီတွင် ဘီးလင်းမြို့မရဲစခန်းဝင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဧယ/၅၅၅၈၆ Click-150 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝေယံဦး ၃/ခမစ(နိုင်)၀၃၄၅၄၇ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ဘုရား၊ ရဟန်း၊ ကျောင်း၊ လမ်း အလှူ့ဒါယိကာမကြီး
## ဒေါ်ခင်ဝင်း (ပညာရေး-ငြိမ်း)
### အသက်(၇၂)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊ အမှတ်(၇၂) ၈x၉ဗိုလ်ချုပ်လမ်းနေ (ဦးလှဦး-ဒေါ်စိန်ခြယ်)တို့၏သမီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ အမှတ်(၁၁၃၊ မြေညီထပ်)နေ (ဒေါက်တာ ဦးချစ်စိန်)၏ ချစ်လှစွာသောဇနီး၊ ဦးသန်းထိုက်စိုး-ဒေါ်နိုဘယ်ချစ်စိန်၊ ဦးချမ်းသော်ဇေ-ဒေါ်ချစ်ချစ်ဆုမွန်ဝင်း၊ Capt:သန့်ဇင် (Dockendale Co.,Ltd)-ဒေါ်စုသွယ်ထွန်းတို့၏ ချစ်လှစွာသော မွေးသမိခင်ကျေးဇူးရှင်၊ မညွှန်းဧကရီဦး၊ မောင်ရတုဘုန်းရှိန်ထက်တို့၏ ချစ်လှစွာသောအဘွား ဒေါ်ခင်ဝင်း(ပညာရေး-ငြိမ်း)သည် ၂၃-၂-၂၀၂၂ရက် နံနက် ၁၀နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၂၂ ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁-၃-၂၀၂၂ရက် နံနက် ၈နာရီတွင် အထက်ပါ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေအိမ်၌ သံဃာတော်အရှင်မြတ်တို့အား ရက်လည်ဆွမ်းကျွေး တရားတော်နာမည်ဖြစ်ပါသဖြင့် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ်(၁/ပဒေသာ)၊ ဦးပိုင်အမှတ်(၅၂၆)၊ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးသိန်းဝင်း ၉/ညဥန(နိုင်)၀၀၈၃၇၅နှင့် ဒေါ်အိစန္ဒာဝင်း ၉/ပဥလ(နိုင်)၀၄၂၄၇၆တို့မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက် နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/83330 Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်ဦး ၉/ပကခ(နိုင်)၀၆၂၁၃၈ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9I/8769 DONG FENG, Tractor Head (6x4)L ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းလောဝ်မိန်း ၁၃/သပန(နိုင်)၀၀၀၈၇၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ပြည်တွင်းအင်အားကို တည်ဆောက်ကြမည်

❖ တိုင်းပြည်ရဲ့အားဟာ ပြည်တွင်းမှာပဲ ရှိပါတယ်။ ပြည်တွင်းအားကိုပဲ ကျွန်တော် ယုံကြည်အားကိုးပါတယ်။

❖ နိုင်ငံရဲ့ ပကတိအခြေအနေအရ ပြည်ပအကူအညီများ လိုအပ်သည့်မှန်ပေမယ့် ပြည်တွင်းအားနဲ့ လုပ်ဆောင်နိုင်တာများရှိပါတယ်။

❖ နံပါတ်(၁)အနေနဲ့ ပြည်တွင်းအားနဲ့ ပြည်တွင်းစီးပွားရေး တိုးတက်မြင့်တင်ပါမယ်။ ကျွန်တော်တို့ တိုင်းပြည်မှာ သဘာဝအရင်းအမြစ်များ၊ လူသားအရင်းအမြစ်များစွာ ရှိပါတယ်။ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားမပေးဘဲ ပြည်ပသွင်းကုန်များသာ အားထားခဲ့လို့ ပြည်သူပြည်သားများရဲ့ လူမှုစီးပွားတိုးတက်မှု အားနည်းခဲ့ခြင်းသာ ဖြစ်ပါတယ်။

❖ နံပါတ်(၂)အနေနဲ့ ပြည်တွင်းနိုင်ငံရေး ခိုင်မာအားရှိအောင် ဆောင်ရွက်ပါမယ်။ ဒီမိုကရေစီနဲ့ ဖက်ဒရယ်အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး၊ ပါတီစုံ ဒီမိုကရေစီစနစ် တည်ဆောက်မယ်ဆိုရင် နိုင်ငံရေးအား မကောင်းစရာ မရှိပါဘူး။

❖ နံပါတ်(၃)အနေနဲ့ တိုင်းရင်းသားပြည်သူများအားလုံးပါဝင်တဲ့ ကာကွယ်ရေးစွမ်းအားလုပ်ဆောင်ရန် ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး ဥမကွဲသိုက်မပျက် အေးအတူပူအမျှ ညီညွတ်တဲ့ အင်အားနဲ့ နိုင်ငံတော်ကို ခေတ်မီပြီး စွမ်းရည်ပြည့်ဝတဲ့ ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့နဲ့ နိုင်ငံကာကွယ်ရေး စွမ်းအားတည်ဆောက်သွားပါမယ်။

❖ တိုင်းရင်းသား မိဘပြည်သူအားလုံး စဉ်းစားဆင်ခြင်ပြီး ပူးပေါင်းလုပ်ဆောင်ကြဖို့ ပြောလိုပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (၁) နှစ်ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားခဲ့သည့် မိန့်ခွန်းကောက်နုတ်ချက်)

## မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် တမ္ဘကောက်ကျေးရွာအခြေခံပညာအထက်တန်းကျောင်းခွဲမှ ကျောင်းအုပ်ဆရာမကြီးအား အကြမ်းဖက်သမားများက ရက်စက်စွာသတ်ဖြတ်၊ ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနရုံးအား မိုင်းထောင်ဖောက်ခွဲ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

အနာဂတ်လူငယ်၊ လူရွယ်များ ပညာရည်မြင့်မားရေးအတွက် စာသင်ကျောင်းများ ဖွင့်လှစ်၍ စာပေသင်ကြားပေးလျက်ရှိသည်ကို လိုလားမှုမရှိသည့် နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် ပညာရေးဆိုင်ရာ ရုံးဌာနများနှင့် စာသင်ကျောင်းများ၊ နိုင်ငံတော်ပိုင်အဆောက်အဦများကို မိုင်းထောင်ဖောက်ခွဲခြင်းများ၊ လက်ပစ်ဗုံး၊ လက်လုပ်မိုင်းများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် နိုင်ငံ့ဝန်ထမ်းပီသစွာဖြင့် တာဝန်ထမ်းဆောင်နေကြသည့် ဆရာ ဆရာမများ၊ နိုင်ငံ့ဝန်ထမ်းများကိုလည်း အကြမ်းဖက် ခြိမ်းခြောက်ခြင်း၊ ရက်စက်စွာ သတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဖေဖော်ဝါရီ ၂၂ ရက် မွန်းလွဲ ၃ နာရီ ၄၅ မိနစ်ခန့်တွင် မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် တမ္ဘကောက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှ ဆူးလေကုန်းကျေးရွာနေ ကျောင်းအုပ်ဆရာမကြီးဖြစ်သူ ဒေါ်လွဲ့လွဲ့ (၃၇) နှစ် (ဘ) ဦးသောင်းညွန့်သည် ကျောင်းသား ကျောင်းသူများအား စာသင်ကြားပြီး ၎င်း၏ဖခင်ဖြစ်သူ ဦးသောင်းညွန့်နှင့်အတူ နေအိမ်သို့ ဆိုင်ကယ်ဖြင့် ပြန်လာစဉ် မောင်းတွင်းကျေးရွာနှင့် ရှားပင်အိုင်ကျေးရွာကြားအရောက် အသင့်စောင့်ဆိုင်းနေသည့် အကြမ်းဖက်သူအမျိုးသားသုံးဦးက ဆိုင်ကယ်အား ရပ်တန့်စေပြီး ဖခင်ဖြစ်သူ ဦးသောင်းညွန့်အား ဓားဖြင့် ထောက်ထားကာ ကျောင်းအုပ်ဆရာမဖြစ်သူ ဒေါ်လွဲ့လွဲ့အား ဓားဖြင့် ထိုးသတ်ခဲ့ပြီး စာမျက်နှာ ၁၈ ကော်လံ ၁ ❂

## အောင်လအန်ဆန်၏ စိန်ခေါ်ပွဲပါဝင်သည့် Full Circle ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ONE Championship က စီစဉ်ကျင်းပသည့် Full Circle ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက်တွင် စင်ကာပူနိုင်ငံ၌ကျင်းပမည်ဖြစ်ပြီး မြန်မာ MMA ဖိုက်တာ အောင်လအန်ဆန်၏ စိန်ခေါ်ပွဲပါဝင်မည်ဖြစ်သည်။

အောင်လအန်ဆန် သည် မစ်ဒယ်ဝိတ်တန်း စိန်ခေါ်ပွဲအဖြစ် ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။ အောင်လအန်ဆန်နှင့် ဗစ်တာလီဘစ်ဒက်ရှ် တို့သည် တတိယအကြိမ် တွေ့ဆုံခြင်းဖြစ်ကာ ပြီးခဲ့သည့် နှစ်ကြိမ်တွင် တစ်ကြိမ်စီ အနိုင်ရထားသည်။ ယင်းကစားသမား နှစ်ဦးသည် ပြီးခဲ့သည့် နှစ်ကြိမ်တွေ့ဆုံရာတွင် စာမျက်နှာ ၁၈ ကော်လံ ၄ ✻



ယနေ့ သ တင်း အ ညွှန်း

ဖေဖော်ဝါရီ ၂၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၃၈၁ ဦးတွေ့ရှိ ပြည်တွင်းသတင်း စာ - ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် သခွတ္တော(မ)ကျေးရွာနေ ၁၃ နှစ်အရွယ် ကျောင်းသူ တစ်ဦးအား PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့ရက်စက်စွာသတ်ဖြတ် ပြည်တွင်းသတင်း စာ - ၁၈